


လောက်မိုးစေ့စာပေ

၂၁ ရာစု

# မင်းသိမ်းခိုင်

မရှိမ်းတလင်း

## လှို့ဝှက်ရှားပါး ယတြာများ

မနောမယောဂ္ဂီရဂျာနယ်တွင်

အပတ်စဉ်ဖော်ပြခဲ့သော ယတြာများ

## မာတိကာ


ငွေတွေဝင် လာဘ်တွေရွှင် ၁
ဒါလည်း သိသင့်တယ် ၇
အရာရာ ချမ်းသာကြွယ်ဝစေဖို့ ၁၃
လှေဦးတိုက် လှည်းဦးတိုက် ၁၉
ငွေရေး ကြေးရေး ပူမဆွေးနဲ့ ၂၃
ကောင်း မကောင်း ၂၉
ပြန်လာပါတော့ ၃၇
အောင်မြင်ကျော်ကြား လူကြိုက်များ ၄၅
လူများများ လာအောင်လို့ ၅၃
အောင်မြင်စေမည့် အရောင်များ ၅၉
အောင်မြင်စေမယ့် အရောင်များ ၆၅
မိတ်ဆွေအတွက် အားဆေးတစ်ခွက် ၇၁
အောင်မြင်စေမယ့် အဆောင် ၇၉
ပညာရေး စိတ်အေးပါစေ ၈၃
ကလေး ဆိုးနေသလား ၈၉
ဟုတ်ကဲ့ သိပြီးသားပါ ၉၅
ကျေကျေနပ်နပ် ၁၀၃


## မာတိကာ


မပျင်းနဲ့ ၁၁၁
အရာအားလုံးကို လက်ခံခြင်း ၁၁၇
ဘဝသစ်ပြန်စ ၁၂၅
အလှူ ၁၃၂
ကံမကောင်းခြင်း လက်ဆောင် ၁၃၅
ကိုယ်လည်းကျန်းမာ စိတ်ချမ်းသာ ၁၃၉
အချစ်ဆိုသည်မှာ နှင့် ယတြာများ ၁၅၂
ဒီလိုအဆင်ပြေအောင် ၁၆၀
မှားမှာမကြောက်ပါ ၁၆၄
အောင်မြင်တဲ့ အနုပညာရှင် ၁၆၈
အလေအလွင့် ထိန်းနိုင်ဖို့ ၁၇၂
ဒီလိုကြုံရင် ဒီလိုလုပ်ပါ ၁၇၉
ကြွကြွရွရွ ၁၈၄
အမှုအခင်းကြုံသော် ၁၉၂
ဒီလိုကာကွယ်ပါ ၁၉၆
ခရီးအောင်မြင်ဖို့ ၂၀၀
ဒါမျိုးကြုံရင် သုံးပါ ၂၀၄




တကယ်တော့ ကျွန်တော်ဟာ ပေဒင်ဆရာတစ်ဦးပါ။ ဖြစ်ချင်တာကတော့ စာရေးဆရာပါ။ ဒါပေမဲ့ ကျွန်တော်က အတန်းပညာ မပြည့်စုံဘူး။ (၁၀) တန်းတောင် မအောင်ပါဘူး။ မအောင်တဲ့အပြင် လမ်းပေါ်မှာ ဘဝမျိုးစုံ၊ စရိုက်မျိုးစုံနဲ့ ဖျက်စီးလေလွင့်ကျင်လည်ခဲ့ရပါတယ်။

ဒါပေမဲ့ အဲဒီအချိန်ကတည်းက စာရေးဆရာဆိုရင် သိပ်ပြီးလေးစားတာပဲ။ စာဖတ်ဝါသနာပါတဲ့သူဆိုရင်လည်း သိပ်ပြီးချစ်တာပဲ။

နောက်ဆုံးတော့ နေစရာ၊ စားစရာမရှိဖြစ်ပြီး အဘမင်းသိမ်ဆီ ရောက်လာတော့တာပဲ။ အဘဆီရောက်တော့ အဘကလည်း ပေဒင်လက္ခဏာ၊ ဂမ္ဘီရ ယတြာတွေ အပါအဝင် စာရေးနည်းကို ကြပ်မတ်ပြီးတော့ သင်ပေးပါတယ်။ အဲဒီမှာ အဘရဲ့ စကားတစ်ခွန်းက ကျွန်တော့်ရင်ထဲ၊ နှလုံးသားထဲကို စိမ့်ဝင်သွားတယ်။

"မင်းတို့ ဘယ်နေရာ၊ ဘယ်အခြေအနေပဲရောက်ရောက် ရှင်သန်နေရမယ် . . .၊ ရှင်သန်အောင် ကြိုးစားနေရမယ်"

ဒီတော့ ကျွန်တော်လည်း ရှင်သန်အောင် ကြိုးစားရတာပေါ့။ ကျွန်တော် အဘဆီရောက်ပြီး သိပ်မကြာဘူး၊ အဘဦးစီးပြီးတော့ ဂျာနယ်တွေ၊ မဂ္ဂဇင်းတွေ ထုတ်တယ်။ စာရေးဖို့ ဝါသနာပါတဲ့သူ ရေးကြဖို့ အားပေးတယ်။ ကျွန်တော်လည်း စာရေးမယ်ပေါ့။ ခက်တာက ကျွန်တော်မှ စာမတတ်တာ။ ဘယ်ရေးနိုင်မလဲ။

ဒါပေမဲ့ အဘရဲ့ စကားတစ်ခွန်းက ကျွန်တော့်ကို ထပ်ပြီးအားရှိစေပြန်တယ်။

"စကားကောင်းကောင်းပြောတတ်ရင် စာရေးတတ်တာပဲ"

ကျွန်တော်က မြန်မာလူမျိုးဆိုတော့ မြန်မာစကားကောင်းကောင်းပြောတတ်တယ်။ နောက်ပြီးအဘက -

"စာရေးရင် ပါးစပ်က ဆိုပြီး စာရေးရတယ်ကွ၊ ပါးစပ်ထဲမှာ ချောနေရင် မှန်တယ်၊ ပါးစပ်ထဲမှာ မချောရင်တော့ ပြန်ပြီးစစ်မနေနဲ့၊ ပြန်ပြီးစစ်လည်း ကိုယ်မှ ဘာမှမတတ်တာ၊ ဘယ်နေရာမှာ မှားနေမှန်း သိမှာမဟုတ်ဘူး၊ ဖျက်ပြီး အသစ်သာ ပြန်ရေးပေတော့"လို့ ပြောပြန်တယ်။

ကျွန်တော် ပျော်သွားတယ်။ စာရွက်တွေ၊ ခဲတန်တွေ ရှာတယ်။ ကျွန်တော့် ရင်ထဲမှာ ပြောပြချင်တာတွေ၊ ကျွန်တော်တတ်ထားတဲ့ လူတွေအတွက် အကျိုးရှိမယ့် ဂမ္ဘီရ ယတြာတွေကို ရေးမယ်ပေါ့။ ဒါပေါ့ မဖြစ်ဘူး၊ မချောဘူး . . .။ ဖတ်လို့ မကောင်းဘူး။ ဒါနဲ့ အဘပြောတဲ့အတိုင်း 'စကားကောင်းကောင်းပြောတတ်ရင် စာရေးတတ်တာပဲ' ဆိုတော့ ကျွန်တော် ပြောပြချင်တဲ့အရာတွေ၊ ယတြာနည်းတွေကို ကျွန်တော်က စကားပြောတဲ့အတိုင်း တစ်ဖက်သားနားလည်အောင် ချရေးကြည့်တယ်။ ရှင်းနေတာ၊ ချောနေတာပဲ။

ဒီတော့ ကျွန်တော်လည်း စာရေးတိုင်း စာရေးတိုင်း သူငယ်

ချင်းကို ခေါ်ပြီး ပြောပြပြီးမှရေးတယ်။ အစပိုင်းတော့ အဲဒီသူငယ်ချင်းက နားထောင်ပေးတယ်။ နောက်ပိုင်းကျတော့ သူက စိတ်မပါတော့ဘူး။ ဒီတော့ ကျွန်တော်က သူ့ကို ကော်ဖီ၊ ဆေးလိပ်တိုက်ပြီး နားထောင်ခိုင်းရတယ်။ ဒါမှ သူလည်း နားထောင်ပေးတယ်။ တော်တော်ကောင်းတဲ့ သူငယ်ချင်း။

စာမူတွေ အများကြီးရတယ်။ အဘကို ပြောပြတယ်။ အဘက ဂျာနယ်ထဲမှာ ထည့်ပေးတယ်။ ကျွန်တော့်စာမူတွေ ပါလာတယ်။ ကျွန်တော် တအားပျော်သွားတယ်။

စာမူတွေ များလာတော့ အခုလိုစုပြီး လုံးချင်းအဖြစ် ထုတ်ရတော့တာပေါ့ဗျာ။

မိတ်ဆွေကို ပြောချင်တာကတော့ ကျွန်တော်က စာမတတ်တော့ ကျွန်တော့်စာတွေက စာနဲ့မတူဘူး။ မိတ်ဆွေအနားမှာ ထိုင်ပြီး စကားပြောသလို ဖြစ်နေလိမ့်မယ်။ မိတ်ဆွေအနေနဲ့လည်း မိတ်ဆွေနားမှာ ကျွန်တော် ထိုင်ပြီးပြောပြနေသလိုပဲ နားလည်ပါဗျာ။

ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော့်ရဲ့စာတွေထဲမှာ သန့်ရှင်းလတ်ဆတ်၊ နွေးထွေးတဲ့ စေတနာ၊ မေတ္တာတွေနဲ့ မိတ်ဆွေအတွက် အကျိုးရှိမယ့် လျှို့ဝှက်ရှားပါး အစွမ်းထက်တဲ့ ယတြာအများကြီးပါမယ် ဆိုတာကတော့ မြေကြီးလက်ခတ်မလွဲပါပဲဗျာ . . . ။ . ။

မိတ်ဆွေရဲ့အကျိုးကို အစဉ်လိုလားသော

**၂၁ ရာစုမင်းဘီစီးနိုင်**

। မ ရ မ်း တ လ င်း ।



# ငွေတွေဝင် လာဘ်တွေရွှင်

## " ငွေတွေဝင်၊ လာဘ်တွေရွှင် "

ကဲ . . . မိတ်ဆွေ၊

မိတ်ဆွေကို ပြောပြချင်တာကတော့ လာဘ်ရွှင်ဖို့ဆိုတဲ့ ကိစ္စပါပဲ။ ကျွန်တော်တို့မှာ ငွေကြေးလာဘ်ရွှင်ဖို့အတွက် အသုံးပြုရတဲ့ အင်းတွေ၊ စမတွေ၊ ယတြာခေတ်ရိုက်ခေတ်ဆင်နည်းတွေ၊ ရွတ်ရတဲ့ ဂါထာမန္တာန်တွေ၊ အဆောင်တွေ . . . စသည်ဖြင့်ပေါ့လေ၊ အများကြီး သုံးကြပါတယ်။ တချို့အဆောင်တွေ၊ ဂါထာမန္တာန်တွေ၊ ယတြာခေတ်ရိုက်ခေတ်ဆင်နည်းတွေဆိုရင် သိပ်ပြီးတော့ကို အစွမ်းထက်တာ၊ ပြောရင် ယုံနိုင်စရာတောင် မရှိပါဘူး။

ဒါပေမဲ့ အဲဒီယတြာခေတ်ရိုက်ခေတ်ဆင်နည်းတွေ၊ ဂါထာမန္တာန်တွေ၊ အဆောင်တွေကို သုံးပြီး တချို့များ တော်တော်လေးကို လာဘ်ရွှင်လာတာ၊ ငွေတွေ ပေါများကြွယ်ဝလာတာ တွေ့ရပါတယ်။ တချို့လည်း ဒီနည်းကို သုံးတာပဲ။ ဒါပေမဲ့ လာဘ်မရွှင်ဘူး။ လာဘ်ပိတ်



နေတယ်။ ငွေတွေ မဝင်ဘဲဖြစ်နေတယ်။

ဒီလိုကြုံရင် လူတွေက ယတြာက စွမ်းလည်းမစွမ်းဘူး၊ ခေတ်ရိုက်တာ ထူးလည်းမထူးဘူး၊ ဒီဂါထာရွတ်လည်း အလကားပါပဲ . . . စသည်ဖြင့် ပညာရပ်တွေအပေါ်ကို အပြစ်တင်ကြပါတယ်။

အမှန်တကယ်က ပညာရပ်တွေကတော့ စွမ်းပြီးသား၊ ထိရောက်ပြီးသားပါ။ ဒါဖြင့်ရင် ဘာကြောင့်အစွမ်းမထက်ရတာလဲ။ ဒါက *လည်း ကျွန်တော်တို့ ဗေဒင်ဆရာတွေအဖို့ စဉ်းစားရမယ်၊ ဂရုစိုက်ရမယ့် အချက်တစ်ချက်ပါပဲ။ မိတ်ဆွေအနေနဲ့လည်း သိထားသင့်တယ်*လို့ ယုံကြည်ပါတယ်။

ကျွန်တော်တို့ရဲ့ အတွေ့အကြုံကလေးတစ်ခု ပြောပြပါမယ်။ မိတ်ဆွေအတွက် အကျိုးရှိမယ်ထင်လို့ ပြောပြတာပါ။ ကျွန်တော့်မှာ စားသောက်ဆိုင်ဖွင့်ထားတဲ့ မိတ်ဆွေတစ်ယောက် ရှိတယ်။ စားသောက်ဆိုင် စပြီးဖွင့်ပြီဆိုတာနဲ့ သူငယ်ချင်းဗေဒင်ဆရာတစ်ယောက်လုံး ရှိတယ်ဆိုတော့ ကျွန်တော့်ဆီကို ချက်ချင်းပြေးလာတာပေါ့၊ ပြီးတော့ ဈေးရောင်းကောင်းမယ့်၊ လာဘ်ရွှင်စေမယ့် အဆောင်ယတြာတောင်းတာပေါ့ဗျာ . . . ။

ကျွန်တော်ကလည်း ယတြာခေတ်ရိုက်ခေတ်ဆင်နည်းတစ်ခု ပေးလိုက်တယ်။ တစ်ပတ်လောက်နေတော့ ပြန်လာပြီးပြောတယ်။ ဘာမှမထူးဘူးတဲ့၊ ကျွန်တော်လည်း နောက်ထပ်အင်မတန်အစွမ်းထက်မြက်တဲ့ ဂါထာမန္တာန်တစ်ခု ပေးလိုက်တယ်။ ဒီလိုပဲ အကြောင်းမထူးပါဘူးဆိုပြီး ပြန်လာပြန်ရော . . . ။ အဲဒီတော့ ကျွန်တော်လည်း စဉ်းစားရ ကြပ်သွားတာပေါ့။ တခြားသူတွေကိုလည်း ကျွန်တော် ဒီနည်းပေးတယ်။ အဲဒီလူတွေ အောင်မြင်သွားကြတာချည်းပဲ၊ သူ့ကျမှ ဘာဖြစ်လို့ မထိရောက်ရတာလဲ၊ ဒါနဲ့ နောက်ထပ်နည်းကောင်းတစ်ခု ထပ်ပေး

လိုက်တယ်။ ထုံးစံအတိုင်းပါပဲ။ မထူးတဲ့အမြင် လာဘ်တောင် ပိုပြီးပိတ်လာသေးတယ်ဆိုပဲ။ ဒီလိုနဲ့ ကျွန်တော်တတ်ထားတဲ့ လာဘ်ရွှင်စေတဲ့၊ ငွေတွေ၊ ပေါများကြွယ်ဝစေတဲ့ ယတြာခေတ်ရိုက်ခေတ်ဆင်နည်းတွေ ကုန်သလောက်ပဲ ဆိုပါတော့ဗျာ။ ဒါပေမဲ့ ဘာကြောင့်လဲဆိုတာကို ကျွန်တော် စဉ်းစားလို့အဖြေမထွက်သေးပါဘူးဗျာ။

မသိတဲ့ကိစ္စကို ဘယ်လောက်ပဲစဉ်းစားစဉ်းစား ရတာမှ မဟုတ်ဘဲ။ အဖြေထွက်လာမှာမှ မဟုတ်ဘဲ။ ဒီလိုနဲ့ တစ်နေ့မှာ ကျွန်တော် သူ့ရဲ့စားသောက်ဆိုင်ကို ထွက်လာခဲ့တယ်။ ထွက်လာခဲ့တယ်ဆိုတာ အလည်သက်သက်သွားတာပါ။ သူ့ရဲ့စားသောက်ဆိုင်က ညပိုင်းဖွင့်တဲ့ ဆိုင်ဆိုတော့ ညနေ (၄) နာရီဆိုရင် ဖွင့်ပြီ။

ကျွန်တော် ရောက်သွားတော့ ညနေ (၄) နာရီလောက်ပဲ ဆိုပါတော့ဗျာ။ သူ့ဆိုင်ကလည်း ဆိုင်ဖွင့်တယ်ဆိုတာနဲ့ လူကလည်း ချက်ချင်းဆိုသလို ရောက်လာတော့တာပဲ။ ကျွန်တော်လည်း ဆိုင်ထဲက လွတ်နေတဲ့ စားပွဲတစ်လုံးမှာ ထိုင်ပြီး ကျွန်တော့်ရဲ့သူငယ်ချင်းနဲ့ အလာပ သလာပ ရောက်တတ်ရာရာတွေကို ပြောနေကြတာပေါ့ဗျာ။

အဲဒီအချိန်မှာ ဆိုင်ဖွင့်ဖွင့်ချင်း ခေါက်ဆွဲကြော်မှာစားတဲ့ လူတစ်ယောက်က ရှင်းမယ်ဆိုတာနဲ့ စားပွဲထိုးကောင်မလေးတစ်ယောက်က ပိုက်ဆံသွားပြီးယူတယ်။ ပြီးတော့ ကောင်တာမှာထိုင်နေတဲ့ သူငယ်ချင်းရဲ့မိန်းမဆီကို အဲဒီစားပွဲထိုးကောင်မလေးက ပိုက်ဆံသွားပေးတယ်။ အဲဒီမှာ သူငယ်ချင်းရဲ့မိန်းမက ဘာလုပ်ပြီးပြောလိုက်သလဲဆိုရင် -

"ဟော . . . ငါ့ဆီကို ယူလာပြန်ပြီ၊ လုပ်နေကျအလုပ်ကိုတောင် မသိဘူး။ ဟေး . . . လက်ထဲက ပိုက်ဆံကို မီးသွေးရောင်းတဲ့ ဒေါ်ပုကို သွားပေးလိုက်၊ ပိုတာ ပြန်ယူလာခဲ့၊ မီးသွေးက အကြွေးဝယ်ထားရတာ . . .၊ ဒီက ပိုက်ဆံရမှ သူကလည်း မီးသွေးဖိုးတွေ တစ်ဆင့်ပြန်ရှင်းလို့ရမှာပေါ့ဟဲ့ . . .၊ သွားတော့ . . ."



ဒီအသံကို ကြားလိုက်ရပါတယ်။ ကျွန်တော် မသေချာလို့ သူငယ်ချင်းကို ထပ်မေးကြည့်ပါတယ်။ အဲဒီတော့ သူငယ်ချင်းက -

"ဟုတ်တယ် သူငယ်ချင်းရေ . . .၊ မီးသွေးက အကြွေးဝယ်ထားရတာ . . .၊ သူကလည်း တစ်ဆင့်ပြန်ပြီးရောင်းတာဆိုတော့ မနည်းတောင်းပန်ပြီး ပြောထားရတယ်၊ ပိုက်ဆံရတာနဲ့ ချက်ချင်းလာပေးပါ့မယ်ဆိုပြီး ပြောထားရတာ . . .၊ ရတော့လည်း ချက်ချင်းသွားပြီး ပေးရတာပေါ့ကွာ . . .၊ ဒါမှလည်း နောက်နေ့ အကြွေးထပ်ပေးမှာပေါ့ကွ . . ."

ကျွန်တော် ခေါင်းထဲမှာ လင်းခနဲ လက်ခနဲ ဖြစ်သွားရပါတယ်။ သူငယ်ချင်းရဲ့ စားသောက်ဆိုင်မှာ ဘာကြောင့်လာဘ်ပိတ်တာလဲဆိုတာ စဉ်းစားလို့ ရသွားပါပြီ။ ကျွန်တော် တော်တော်လေးလည်း ပျော်သွားတယ်။ ထခုန်ချင်စိတ်တောင် ပေါက်သွားတယ်။ ဘာကြောင့်လဲဆိုတော့ အိမ်မှာပဲဖြစ်ဖြစ်၊ လုပ်ငန်းမှာပဲဖြစ်ဖြစ် လာဘ်ဦးလာဘ်ဖျားငွေကို အခုလို မကောင်းတဲ့နေရာ (မီးသွေးဆိုတာ လောင်ကျွမ်းတာကုန်သွားတာလေ)တွေမှာ သုံးမိတဲ့အတွက် လာဘ်ပိတ်တတ်ပါတယ်။

ဒါကြောင့် သူငယ်ချင်းရဲ့ စားသောက်ဆိုင်မှာလည်း ဘယ်လောက်ပဲ လာဘ်ရွှင်စေတဲ့၊ ငွေတွေပေါများကြွယ်ဝစေတဲ့ အစီအရင်တွေလုပ်လုပ်၊ ဆိုင်ရဲ့ အရင်ဆုံးဝင်လာတဲ့ ငွေ၊ ဒါမှမဟုတ် လာဘ်ဦးလာဘ်ဖျားငွေကို မီးသွေးဝယ်တဲ့ငွေအဖြစ် သုံးပစ်လိုက်တယ်လေဗျာ။ ဒါကြောင့် ဆိုင်မှာ လာဘ်ပိတ်တာပေါ့ဗျာ။ ငွေတွေမဝင်ဘဲ ဖြစ်နေတာပေါ့ဗျာ . . .။

တဲ . . . ဒါကြောင့် မိတ်ဆွေကို ပြောပြချင်တာကတော့

လာဘ်ရှင်ချင်ရင်၊ ဒါမှမဟုတ် ငွေတွေပေါများကြွယ်ဝချင်ရင် ယတြာအစီအရင်တွေ ထပ်လုပ်စရာမလိုပါဘူး။ မိမိလုပ်ငန်းရဲ့ ဒါမှမဟုတ် မိမိဆိုင်ရဲ့ ပထမဦးဆုံး ဝင်ငွေကို မီးသွေး၊ ထင်း၊ အိမ်သာသုံးစက္ကူ တစ်ရှူး စတဲ့ မကောင်းတဲ့၊ ကုန်သွားစေမယ့်အရာတွေမှာ မသုံးဘဲနဲ့ ပထမဦးဆုံးဝင်တဲ့ ငွေထဲက အနည်းအကျဉ်းကို ဘုရားပန်းဝယ်ပြီး လှူတာတို့၊ ဘုရားမှာ လှူတာတို့ စတဲ့ ကောင်းတဲ့နေရာတွေမှာ သုံးလိုက်မယ်ဆိုရင် လာဘ်တွေ တအားရှင်လာပါလိမ့်မယ်။ ငွေဝင်လမ်းတွေ ဖြောင့်ပြီး ငွေတွေ ရေစီးသလိုမျိုး ဒလဟော စီးပြီးဝင်လာပါလိမ့်မယ်။

အဲဒီမှာမှ လာဘ်ရှင်စေတဲ့ ငွေတွေ၊ ပေါများကြွယ်ဝစေတဲ့၊ ငွေဝင်စေတဲ့ ယတြာအစီအရင်တွေ၊ အဆောင်တွေ၊ အင်း၊ စမတွေ၊ ဂါထာမန္တာန်တွေကိုလည်း ထပ်ပြီးအသုံးပြုမယ်ဆိုရင်တော့ အတိုင်းထက်အလွန်ပဲပေါ့ဗျာ . . . ။ ။



# ဒါလည်းသိသင့်တယ်

## " ဒါလည်း သိသင့်တယ် "

တစ်နေ့မှာ ကျွန်တော် သတင်းကောင်းတစ်ခု ကြားလိုက်ရပါတယ်။ ကျွန်တော့်သူငယ်ချင်း ပိုင်ကြီးဆိုတဲ့ကောင် မင်္ဂလာဒုံဘက်မှာ အိမ်တစ်လုံး ဝယ်လိုက်ပြီဆိုတဲ့ သတင်းကောင်းပါ။

ကျွန်တော်တို့သူငယ်ချင်းတွေထဲမှာ ဒီကောင်က အဆင်းရဲဆုံးပဲ၊ တအားဆင်းရဲတာ၊ ဒါပေမဲ့ သူက အလုပ်ကို တအားကြိုးစားတယ်လေ၊ သူက ပွဲစားလုပ်ပါတယ်၊ အရင်ကတော့ အိမ်ငှားနေတယ်၊ အခု အိုးပိုင်အိမ်ပိုင်ကလေး ဖြစ်သွားပြီဆိုတော့ ကျွန်တော်လည်း သူ့ကိုယ်စား ဝမ်းသာရတာပေါ့၊ မုဒိတာပွားရတာပေါ့၊

ဒါပေမဲ့ ၃ လလောက်ကြာတော့ ကျွန်တော့်ဆီကို မျက်စိမျက်နှာပျက်ပြီး ရောက်လာပါတယ်၊

"သူငယ်ချင်း ခိုင်ကြီး . . .၊ ငါ ဒီအိမ်ကို ဝယ်ပြီးကတည်းက ဘာပဲလုပ်လုပ် အဆင်မပြေပါဘူးကွာ၊ အရင် အဆင်ပြေတာထက်



အပုံတစ်ရာပုံ တစ်ပုံတောင် မဆင်မပြေဘူးကွာ၊ ငါ့ကို ကံဇာတာလေး ဘာလေး တွက်ချက်ပေးပါဦး . . . "

ကျွန်တော် ဒီကောင့်ကျောကို လက်သီးနဲ့ တအားထုပစ်လိုက်ချင်တယ်၊ ဒီကောင် အိမ်ဝယ်တဲ့ သတင်းကောင်းကျတော့ ကျွန်တော့်ကို တိုက်ရိုက်လာမပြောဘူး၊ ကြားလူနဲ့ တစ်ဆင့်ပြောတယ်၊ အခု အဆင်မပြေတော့ကျတော့ လူကိုယ်တိုင်လာတယ်၊ ဒါကလည်း သူငယ်ချင်းမိတ်ဆွေတွေထဲမှာ ပိုင်ကြီးတစ်ယောက်တည်း မဟုတ်ပါဘူး၊ အားလုံးနီးနီးပါပဲ၊ ဒါပေမဲ့ ကျွန်တော် သူတို့ကို စိတ်ထဲမှာ ဘယ်လိုမှ သဘောမထားပါဘူး၊ ကျွန်တော်က ငယ်ငယ်လေးကတည်းက အပေါင်းအသင်းဆိုရင် ညီအစ်ကိုထက် ပိုပြီးတော့ကို ချစ်တတ်တယ်၊ ညီအစ်ကိုထက်လည်း ပိုပြီးခင်တယ်၊ သံယောဇဉ်လည်း ရှိတယ်၊ ဒီတော့ သူငယ်ချင်းတွေနဲ့ပတ်သက်လို့ တစ်စုံတစ်ခုဖြစ်လာပြီဆိုရင် အနစ်နာခံဖို့လည်း ဝန်မလေးဘူးပေါ့၊

ကျွန်တော်လည်း ပိုင်ကြီးရဲ့ ကံဇာတာကို တွက်ချက်စစ်ဆေးပေးရတာပေါ့၊ ကံဇာတာက မညံ့ပါဘူး၊ တအားကို ကောင်းနေတဲ့အချိန်ပါ၊ သူက ထပ်ပြီးပြောသေးတယ်၊ စီးပွားရေးအဆင်မပြေရုံတင် မဟုတ်ဘူးဗျ၊ မိန်းမနဲ့လည်း အကြောင်းကိစ္စ မယ်မယ်ရရမရှိဘဲ ခဏခဏ စကားများနေရတယ်တဲ့ဗျ၊

ကျွန်တော် တတ်ထားတဲ့နည်းပေါင်းစုံနဲ့ တွက်ကြည့်တယ်၊ တအားကောင်းတဲ့အချိန်ပါပဲ၊ တားရော့တွေဘာတွေလည်း ချိုးခိုင်းကြည့်တယ်၊ တအားကောင်းပါတယ်၊ ဒါနဲ့ ကျွန်တော်လည်း ဘယ်လိုနားလည်ရမှန်းမသိပါဘူး၊ အဲဒီနေ့မှာပဲ ပိုင်ကြီးက သူ့အိမ်ကို လိုက်ခဲ့ဖို့ ခေါ်တာနဲ့ ကျွန်တော်လည်း သူ့အိမ်ကို လိုက်သွားပါတယ်၊ သူ့အိမ်ရှိရာလမ်းထဲကိုရောက်တော့ သူက အိမ်ကို လက်ညှိုးထိုးပြပါတယ်၊

"သူငယ်ချင်း ဟောဟိုက မြင်နေရတဲ့အိမ်က ငါ့အိမ်ပဲကွ"

သူ လက်ညှိုးထိုးပြလိုက်ကတည်းက ကျွန်တော် သဘောပေါက်သွားပါပြီ။ ပိုင်ကြီး ဘာကြောင့် ဒီအိမ်ရောက်မှ စီးပွားရေး၊ အိမ်ထောင်ရေးတွေ အဆင်မပြေတာလဲဆိုတာကိုပေါ့။ ဒါနဲ့ ကျွန်တော်လည်း -

"သူငယ်ချင်း ပိုင်ကြီး . . .၊ ဒီလိုလုပ်ကွာ . . .၊ မင်းအိမ်ရဲ့ ခြေရင်းအိမ်ထက်မြင့်တဲ့ ဝါးလုံးအရှည်တစ်ချောင်းကို မင်းအိမ်ရဲ့ ခေါင်းရင်းတိုင်မှာ ကပ်ပြီးချည်ထားလိုက်ကွာ . . .၊ ဒါဆိုရင် အဆင်ပြေသွားလိမ့်မယ် . . ."

ပိုင်ကြီးလည်း ကျွန်တော်ပြောတဲ့အတိုင်း ချက်ချင်းလုပ်တော့တာပဲ။ ကျွန်တော်လည်း သူ့အိမ်မှာ စကားတွေဘာတွေပြော၊ ထမင်းတွေဘာတွေစားပြီး ပြန်လာတော့တာပေါ့။

(၁၅) ရက်လောက်နေတော့ ကျွန်တော့်ဆီကို ပိုင်ကြီးဆီကနေ လူကြုံတစ်ယောက် ရောက်လာပါတယ်။

"သူ အားလုံးအဆင်ပြေသွားပြီလို့ မှာလိုက်ပါတယ်"တဲ့။

ကျွန်တော့်စိတ်ထဲမှာ 'ပိုင်ကြီး၊ ကောင်းသတင်းကျတော့ ကိုယ်တိုင်လာမပြောဘူး' လို့ ရေရွတ်လိုက်မိတာပေါ့။ ဒါပေမဲ့ ကျွန်တော် ဝမ်းသာပါတယ်။ ကိုယ့်သူငယ်ချင်းတစ်ယောက် အဆင်ပြေသွားပြီလေ။

ပိုင်ကြီး ဘာကြောင့် အဆင်မပြေဖြစ်နေတာလဲ။ ဘာကြောင့် အဆင်ပြေသွားရတာလဲ။

ကျွန်တော် ပိုင်ကြီးအိမ်ကိုရောက်သွားတော့ သူ့အိမ်ရဲ့ ခြေရင်းအိမ်က သူ့အိမ်ထက် မြင့်နေတယ်လေ။ ဒါကြောင့် သူ့အိမ်မှာ အဆင်မပြေဖြစ်နေတာပေါ့။ ခိုက်နေတာပါ။ ခေါင်းရင်းအိမ်က ကိုယ့်




အိမ်ထက်မြင့်ရင်တော့ ကောင်းတာပေါ့လေ။

ကဲ . . . ဒီတော့ မိတ်ဆွေ။

မိတ်ဆွေရဲ့အိမ်ကို ပြန်ပြီးစစ်ဆေးကြည့်ပါဦး။ ခြေရင်းအိမ်က မိတ်ဆွေရဲ့အိမ်ထက် မြင့်နေရင် မိတ်ဆွေရဲ့အိမ်မှာလာပြီး ခိုက်တတ်ပါတယ်။ ဒါဆိုရင် ဝါးလုံးရှည်တစ်ချောင်းကို ခေါင်းရင်းတိုင်မှာ ကပ်ပြီးချည်ထားလိုက်၊ ထောင်ထားလိုက်ပေါ့ဗျာ။ အားလုံးအဆင်ပြေသွားပါလိမ့်မယ်။ အောင်မြင်သွားပါလိမ့်မယ်။ ခေါင်းရင်းအိမ်က မြင့်နေရင်တော့ ဘာမှလုပ်စရာမလိုပါဘူး၊ ဒီအတိုင်းထားလိုက်ရုံပဲပေါ့ဗျာ။

ကျွန်တော်
ပိုင်ကြီးအိမ်ကိုရောက်သွားတော့
သူ့အိမ်ရဲ့ ခြေရင်းအိမ်က
သူ့အိမ်ထက် မြင့်နေတယ်လေ။
ဒါကြောင့် သူ့အိမ်မှာ
အဆင်မပြေဖြစ်နေတာပေါ့။
နိုက်နေတာပါ။
ခေါင်းရင်းအိမ်က
ကိုယ့်အိမ်ထက် မြင့်ရင်တော့
ကောင်းတာပေါ့လေ . . .။



အရာရာကြွယ်ဝချမ်းသာစေဖို့

## " အရာရာချမ်းသာကြွယ်ဝစေဖို့ "

ကျွန်တော်တို့ဟာ ဈေးကွက်စီးပွားရေးစနစ်နဲ့အညီ စီးပွားရေးတွေ၊ လုပ်ငန်းတွေကို အပြိုင်အဆိုင် ကြိုးစားပြီးလုပ်ကိုင်နေကြရပါတယ်။ ကိုယ်စွမ်းဉာဏ်စွမ်း ပညာစွမ်းတွေ၊ ဖွဲ့လုံ့လ ဝီရိယတွေ စိုက်ထုတ်ပြီး ကြိုးစားနေကြရပါတယ်။

ကိုယ် တစ်ဦးတစ်ယောက်တည်းလားဆိုတော့ မဟုတ်ပါဘူး။ လူတိုင်းလောက်နီးနီး ကြိုးစားနေကြတာဖြစ်ပါတယ်။ ဒီလိုကြိုးစားတော့ လုပ်ငန်းတွေ အောင်မြင်မယ်။ လုပ်ငန်းတွေအောင်မြင်တာနဲ့အညီ ငွေတွေ ရလာမယ်။ ငွေတွေရလာပြီဆိုရင် ကိုယ်အလိုရှိတာတွေ ဝယ်လို့ရပြီ၊ သုံးလို့ ရပြီပေါ့။

ကိုယ်တင်မဟုတ်ဘူး။ ကိုယ့်ရဲ့ဆွေမျိုးတွေ၊ မိတ်ဆွေအပေါင်းအသင်းတွေကိုလည်း ကျကျနနကြီး ကူညီနိုင်ပြီပေါ့။ ကိုယ်ကမွေးတဲ့ သားသမီးတွေကိုလည်း အဆင့်အတန်းမြင့်မြင့် ထားနိုင်ပြီပေါ့။ ကဲ



ဘယ်လောက်ကောင်းတဲ့ အခြေအနေမျိုးလဲဗျာ . . .။

ကျွန်တော်တို့ ဘာလို့ အလုပ်တွေကို ဖွဲ့လုံ့လ ဝီရိယတွေ စိုက်ထုတ်ပြီး ကြိုးစားနေကြတာလဲဆိုတော့ ချမ်းသာကြွယ်ဝချင်လို့၊ ငွေကြေးနဲ့ ပစ္စည်းတွေ ပေါများကြွယ်ဝချင်လို့၊ သူဌေးဖြစ်ချင်လို့ပေါ့ဗျာ။ သူဌေးမဖြစ်ချင်တဲ့သူဆိုတာ ရှိပါ့မလားဗျာ။ ရှိတော့ရှိလိမ့်မယ်။ ဒါပေမဲ့ ရှားတယ်။

မိတ်ဆွေလည်း ချမ်းသာကြွယ်ဝဖို့၊ သူဌေးဖြစ်ဖို့ ကြိုးစားနေတဲ့ လူတစ်ယောက်ဆိုရင်တော့ ကျွန်တော် ဂမ္ဘီရယတြာနည်းတစ်ခု လက်ဆောင်ပေးပါရစေ။

ကျွန်တော့် အဘဆရာကြီးမင်းသိခ်ဆီကနေပြီးတော့ ဗေဒင်လက္ခဏာနဲ့ ဂမ္ဘီရပညာရပ်တွေကို သင်ယူဆည်းပူးရတဲ့အခါမှာ ပညာရပ်တစ်ခုကိုလည်း သင်ကြားရပါတယ်။ ဒီပညာရပ်ဟာ ဟိုးလွန်ခဲ့တဲ့ နှစ်ပေါင်း (၂၅၀၀) လောက်ကနေ စတင်ခဲ့တယ်လို့ သိရပါတယ်။ လူတွေဖန်တီးထားတာမဟုတ်ဘူး။ အိုအင်ဆိုတဲ့ နတ်မင်းကြီးတစ်ပါးက ဖန်ဆင်းပေးခဲ့တာလို့ ဆိုပါတယ်။ သူ့ရဲ့အမည်က (RUNE) ရဏ္ဏီလို့ ခေါ်ပါတယ်။ တချို့ကလည်း ရှူးနေးလို့ခေါ်ကြပါတယ်။ ဒီပညာရပ်ဟာ စကြဝဠာကြီးထဲမှာ ရှိတဲ့ မိမိလိုချင်တဲ့စွမ်းအားတွေ၊ တန်ခိုးသိဒ္ဓိတွေကို ချူယူပြီး သို့မဟုတ် ချိတ်ဆက်ဆွဲယူပြီး သုံးရတာဖြစ်တဲ့အတွက် ဒီရဏ္ဏီ သို့မဟုတ် ရှူးနေးပညာရပ်ထဲမှာပါတဲ့ သင်္ကေတလေးတွေ၊ တံဆိပ်ကလေးတွေကို အဘဆရာကြီးမင်းသိခ်က မြန်မာလို စကြဝဠာစမတော်များလို့ ခေါင်းစဉ်တပ်ပြီး သင့်ပေးခဲ့ပါတယ်။

ဒီလိုသင်ပေးတဲ့နေရာမှာ စကြဝဠာစမတော်ကလေးတစ်ခု ပေးပါတယ်။ ဒီစကြဝဠာစမတော်လေးဟာ ပစ္စည်းဥစ္စာနေငွေကြေးများအတွက် သုံးရတာဖြစ်ပါတယ်။ စီးပွားရေး၊ ငွေရေးကြေးရေးနဲ့ ပတ်

သက်ပြီး အောင်မြင်မှုတွေ ရရှိနိုင်စေမယ့်၊ ရည်မှန်းချက်ပန်းတိုင်ကို လျှင်မြန်စွာရောက်ရှိစေမယ့် စမတော်ကလေးပါပဲ။

မိတ်ဆွေလည်း ပစ္စည်းဥစ္စာငွေကြေး ရရှိပိုင်ဆိုင်နိုင်ဖို့ သူဌေးဖြစ်ဖို့ ကြိုးစားနေတာရှိရင် ဒီစကြဝဠာစမတော်လေးကို သုံးပါ။ မိတ်ဆွေကို ကောင်းစွာအကူအညီကောင်းတွေ၊ အထောက်အပံ့ကောင်းတွေ ပေးနိုင်ပါလိမ့်မယ်။

ဒီစကြဝဠာစမတော်လေးကို သစ်သားပြား၊ ကျောက်တုံး၊ စက္ကူ စတာတွေပေါ်မှာရေးပြီး ဆောင်ထားလည်း ရပါတယ်။ ကိုယ့်ရဲ့ အိမ်တွေ၊ ဆိုင်တွေ၊ လုပ်ငန်းတွေမှာ ချိတ်ထားရင်လည်း ရပါတယ်။



ဖြစ်နိုင်မယ်ဆိုရင် ဒီစမတော်လေးကို စက္ကူပေါ်မှာ ရေးဆွဲပြီး ဖယောင်းတိုင်မှာကပ်၊ မီးထွန်းဆုတောင်းလိုက်မယ်ဆိုရင် စကြဝဠာကြီးထဲမှာရှိတဲ့ ငွေကြေးပစ္စည်းဥစ္စာတွေ ကြွယ်ဝစေမယ့်ဓာတ်တွေ၊ လှိုင်းတွေက ဒီစကြဝဠာစမတော်ကလေးကနေတစ်ဆင့် မိတ်ဆွေရဲ့ထံကို ရောက်ရှိ လာပါလိမ့်မယ်။ မိတ်ဆွေကို ကံကောင်းခြင်းတွေ၊ အောင်မြင်ခြင်းတွေ ပေးစွမ်းပါလိမ့်မယ်။

အကောင်းဆုံးကတော့ မိတ်ဆွေကိုယ်နဲ့ အမြဲတမ်း



ထိတွေ့နေအောင် ဒီစကြဝဠာစမတော်လေးကို ပန်းထိမ်ဆိုင်မှာပြပြီး လက်စွပ်လုပ်ခိုင်းလိုက်ပါ။ ရွှေ၊ ငွေ၊ သတ္တု ကြိုက်တာနဲ့လုပ်ခိုင်းပြီး လက်မှာ ဝတ်ထားလိုက်ပေါ့ဗျာ။ ဒါမှမဟုတ် ဆွဲပြားကလေးလုပ်ပြီး လည်ပင်းမှာ ဆွဲထားလိုက်ပေါ့ဗျာ။

တဲ . . . မိတ်ဆွေကို ပစ္စည်းဥစ္စာနဲ ငွေကြေးတွေ၊ ချမ်းသာခြင်းတွေကို ပေးမယ့်၊ မိတ်ဆွေကို သူဌေးကြီးအဖြစ် အမြန်ဆုံးဖြစ်စေမယ့် စကြဝဠာစမတော်ကလေးဆိုတာကတော့ ဒါပါပဲဗျာ . . .။ ။

ကျွန်တော်တို့
ဘာလို့အလုပ်တွေကို
ဖွဲလုံ့လဝီရိယတွေ စိုက်ထုတ်ပြီး
ကြိုးစားနေကြတာလဲဆိုတော့
ချမ်းသာကြွယ်ဝချင်လို့၊
ငွေကြေးနေပစ္စည်းတွေ
ပေါများကြွယ်ဝချင်လို့၊
သူဌေးဖြစ်ချင်လို့ပေါ့ဗျာ ...။
သူဌေးမဖြစ်ချင်တဲ့သူဆိုတာ
ရှိပါ့မလားဗျာ။ ရှိတော့ရှိလိမ့်မယ်။
ဒါပေမဲ့ ရှားတယ် ...။



# လှေဦးတိုက်
# လှည်းဦးတိုက်

# " လေ့ဦးတိုက်၊ လှည်းဦးတိုက် "

ကဲ . . . မိတ်ဆွေ၊

အခုပြောပြမယ့် အကြောင်းအရာကတော့ မိတ်ဆွေမှာ ကြုံချင်မှလည်း ကြုံပါလိမ့်မယ်။ မိတ်ဆွေမှာ မကြုံရင်တောင် မိတ်ဆွေနဲ့ ပတ်သက်တဲ့ အပေါင်းအသင်းတွေ ကြုံရင်လည်း ပြောပြလို့ရမှာပေါ့။ မိတ်ဆွေ သိပြီးသားလည်း ဖြစ်ချင်ဖြစ်နေမှာပါ။

ကျွန်တော်တို့ လေ့ဦးတိုက်၊ လှည်းဦးတိုက် အိမ်နေရာတွေမှာ တွေ့ဖူးပါလိမ့်မယ်။ ဒီလိုလေ့ဦးတိုက် လှည်းဦးတိုက်နေရာမျိုးကို နေချင်တဲ့သူ နည်းပါးပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီနေရာမှာနေရင် စီးပွားမဖြစ်ဘူး၊ အလုပ်ကိုလည်း ထိခိုက်တယ်၊ အိမ်ကိုလည်း ထိခိုက်တယ်လို့ ကျွန်တော်တို့ ကြားဖူးကြတယ်။

လေ့ဦးတိုက်၊ လှည်းဦးတိုက်အိမ်ဆိုတာ လမ်းရဲ့ထိပ်တည့်တည့် ဒါမှမဟုတ် ချောင်းရဲ့ထိပ်တည့်တည့်ကို ပြောကြတာပါ၊ ဒီလို



လေ့ဦးတိုက်၊ လှည်းဦးတိုက် အိမ်နေရာတွေ၊ လုပ်ငန်းတွေဟာ ခိုက်တယ်၊ မကောင်းဘူး စသည်ဖြင့် ကြားဖူးကြတော့ အိမ်ဈေး၊ မြေကွက်ဈေး အင်မတန်ချိုတယ်ဗျ၊ ဒါပေမဲ့ ကျွန်တော် ပြောပြတာကို ပြီးတဲ့အထိ နားထောင်လိုက်မယ်၊ အားလုံးလည်း သိသွားကြမယ်ဆိုရင် အဲဒီနေရာတွေက အိမ်ဈေး၊ မြေကွက်ဈေးတွေ ခုန်တက်သွားမှာပဲဗျို့၊

ဘာကြောင့်လဲဆိုတော့ လေ့ဦးတိုက်၊ လှည်းဦးတိုက်နေရာတွေက ခိုက်တယ်၊ စီးပွားမဖြစ်ဘူး၊ မကောင်းဘူးသာ ကြားဖူးကြ ယုံကြည်ကြတာ၊ ဘယ်လိုကာကွယ်မယ်၊ ဘယ်လိုများကောင်းအောင် လုပ်ရမယ်ဆိုတာကျတော့ သိတဲ့သူ နည်းတယ်ဗျ . . . ။

တကယ်လည်း ဒီနေရာတွေက တော်တော်ခိုက်တယ်ဗျ၊ ဒီနေရာတွေမှာ နေတဲ့သူတွေဟာ စီးပွားမဖြစ်တာ၊ ကျန်းမာရေး ညံ့ကြတာတွေ များတယ်၊ ဒီနေရာတွေမှာနေတဲ့သူဟာ ကံတွေ ဘယ်လောက်ပဲကောင်းကောင်း ဒီအနှောင့်အယှက် အတားအဆီးကို မကျော်လွှားနိုင်ပါဘူး။

ဒီတော့ လေ့ဦးတိုက်၊ လှည်းဦးတိုက် အိမ်နေရာတွေမှာ အိမ်ကို၊ လုပ်ငန်းကို၊ လူကို မထိခိုက်အောင် ဘယ်လိုလုပ်ပြီးကာကွယ်မလဲဆိုတော့ မိတ်ဆွေ တစ်ခါတည်းသာ မှတ်ထားလိုက်ပေရော့။ ပြောပြရင်တော့ လွယ်လွယ်ကလေးပေါ့၊ မသိရင်တော့ သိပ်ပြီးတော့ကို ခက်ပါတယ်။

အိမ်နေရာတစ်ခု ဒါမှမဟုတ် လုပ်ငန်းနေရာတစ်ခုရှိတဲ့ လမ်းရဲ့ ထိပ်တည့်တည့် ဒါမှမဟုတ် ချောင်းရဲ့ထိပ်တည့်တည့်မှာ ရေတွင်းကြီးကြီးတစ်ခု တူးထားရပါမယ်၊ ရေတွင်းကြီးတူးဖို့ အခက်အခဲရှိတယ်ဆိုရင်တော့ ရေကန်တစ်ကန် တည်ထားလိုက်ရင် မကောင်းတဲ့ဆိုးကျိုးတွေကနေ ကာကွယ်နိုင်ပါတယ်။

ဒီလိုလည်း ရေတွင်းရေကန် မထားချင်ဘူး၊ လမ်းဦးတိုက်ဆိုရင်တော့ အများသူငါ သောက်သုံးလို့ရအောင် ရေအိုးစင် တည်ပြီး ရေကုသိုလ် လုပ်ပေးလိုက်ပေါ့ဗျာ၊ ဒါဆိုရင်လည်း မကောင်းတဲ့ ဆိုးကျိုးတွေ၊ အခိုက်အညံ့တွေကနေ ကာကွယ်နိုင်ပါလိမ့်မယ်။

နောက်တစ်ခုကတော့ လမ်းထိပ်တည့်တည့် ဒါမှမဟုတ် ချောင်းထိပ်တည့်တည့်မှာ စတိုးဆိုင်၊ လက်ဖက်ရည်ဆိုင်၊ စားသောက်ဆိုင်၊ ဗွီဒီယိုရုံ စသည်ဖြင့်ပေါ့လေ . . . လူများများလာရတဲ့ လုပ်ငန်းတစ်ခုခု လုပ်ထားမယ်ဆိုရင် လုပ်ငန်းလည်း တိုးတက်အောင်မြင်ကြီးပွားမယ်၊ မကောင်းတဲ့ ဆိုးကျိုးအခိုက်အညံ့တွေကိုလည်း ကာကွယ်နိုင်ပါလိမ့်မယ်။

နောက်တစ်ခုကတော့ လမ်းထိပ်တည့်တည့်၊ ဒါမှမဟုတ် ချောင်းထိပ်တည့်တည့်မှာ ကြည့်မှန်ကြီးတစ်ချပ်ကို လမ်းဘက်၊ ချောင်းဘက်ကို မျက်နှာမူပြီး ထောင်ထားလိုက်မယ်ဆိုရင်လည်း ရပါတယ်။

ဒီလို မှန်မထောင်ချင်ရင် ကျားခေါင်းပုံတစ်ပုံကို မှန်ရဲ့အစားထောင်ထားလိုက်မယ်ဆိုရင်လည်း မကောင်းတဲ့ အခိုက်အညံ့တွေ၊ ကံဆိုးခြင်းတွေကနေ ကာကွယ်နိုင်ပါလိမ့်မယ်။

ကဲ . . . ဒီလိုဆိုရင် မိတ်ဆွေအနေနဲ့ သဘောပေါက်သွားလောက်ပါပြီနော်၊ လှည်းဦးတိုက်၊ လှေဦးတိုက်နေရာတွေက ခိုက်တယ်၊ မကောင်းဘူး စသည်ဖြင့်သာ ကြားဖူးတယ်၊ ဘယ်လိုကာကွယ်ရမယ်ဆိုတာ သိတဲ့သူ နည်းပါးပါတယ်။

အခုတော့ ဘယ်လိုကာကွယ်ရမယ်ဆိုတာ မိတ်ဆွေ သိသွားပါပြီ၊ ဒီလိုသိသွားပြီဆိုရင် မိတ်ဆွေနဲ့ပတ်သက်တဲ့ အပေါင်းအသင်းတွေမှာ ကြုံလာခဲ့ရင်လည်း ကျွန်တော့်ရဲ့ကိုယ်စား ပြောပြပေးလိုက်ပါဗျာ . . .။ ။



# ငွေရေးကြေးရေး ပူမဆွေးနဲ့



## ငွေရေးကြေးရေး မှုမဲ့ဆွေးနွေး

ကဲ . . . မိတ်ဆွေ။

ဒီတစ်ခါ ကျွန်တော် ပြောပြချင်တာကတော့ ငွေရေးကြေးရေး ကိစ္စပါပဲ။ ကျွန်တော်တို့ ရပ်တည်ရှင်သန်လှုပ်ရှားရုန်းကန်နေရတဲ့ လူ့ဘဝကြီးမှာ ငွေက အရေးကြီးသလားဆိုတော့ အရေးမကြီးပါဘူး။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့လိုချင်တဲ့ အရာအားလုံးကို ငွေက ဖန်တီးမပေးနိုင်လို့ပါ။ တချို့အခက်အခဲတွေ၊ တချို့လိုအင်ဆန္ဒတွေကို ငွေအားနဲ့ ဖြေရှင်းလို့ ရပေမဲ့၊ တချို့ကိစ္စတွေကိုတော့ ငွေအားနဲ့ ဖြေရှင်းလို့ မရပါဘူး။

ကဲ . . . ကျွန်တော်တို့လိုချင်နေတဲ့ ဘဝကို ကျေနပ်တင်းတိမ်ရောင့်ရဲမှုတွေ၊ အေးငြိမ်းမှုတွေ၊ ပီတိတွေ၊ စိတ္တသုခတွေကို ငွေနဲ့ပေးပြီး ဝယ်လို့ရပါ့မလား။ ဘယ်ရနိုင်မလဲ။ နောက်ပြီး ကမ္ဘာပေါ်မှာရှိတဲ့ ငွေကြေးတွေအားလုံး ပုံပြီးပေးရင်တောင် ကျွန်တော်ပြောတဲ့ ကျေနပ်



မှု၊ တင်းတိမ်ရောင့်ရဲမှု၊ ပီတိ၊ ငြိမ်းအေးခြင်း၊ စိတ္တသုခတွေကို ဝယ်လို့ မရနိုင်ပါဘူး။ ဒါကြောင့် ကျွန်တော်တို့ ရပ်တည်ရှင်သန်ရုန်းကန်လှုပ်ရှားနေရတဲ့ လူ့ဘဝကြီးမှာ ငွေကို အရေးမကြီးဘူး၊ အဓိကမကျဘူးလို့ ကျွန်တော် ပြောရဲတာပါ၊ မိတ်ဆွေ လက်ခံပါတယ်နော်။

ဒါပေမဲ့ ငွေက အဓိကမကျဘူး၊ အရေးမကြီးဘူးလို့သာ ကျွန်တော်က ရင်ကော့ပြီးပြောနေတာ . . .။ ပြန်စဉ်းစားကြည့်လိုက်တော့ လက်ရှိကျွန်တော်တို့ရဲ့ လူနေမှုဘဝတွေမှာ ကြုံတွေ့နေရတဲ့ အခက်အခဲ၊ လိုအင်ဆန္ဒတွေရဲ့ ရာခိုင်နှုန်းတော်တော်များများဟာ ငွေနဲ့ပဲ ဖြေရှင်းနေရတာဖြစ်ပါတယ်။ ငွေနဲ့ပဲ ဖန်တီးနေကြရတာဖြစ်ပါတယ်။ တချို့တဆိုရင် ငွေကို ဒုတိယဘုရားသခင်လို့တောင် ပြောနေကြပါပြီ။ ကျွန်တော်တို့နဲ့ အများဆုံးထိတွေ့အသုံးချကိုင်တွယ်နေရတာလည်း ငွေပဲ ဖြစ်ပါတယ်။

အဲဒီတော့ ငွေဟာ ကျွန်တော်တို့အတွက် အဓိကကျပြီး အရေးလည်း ကြီးတယ်။ အဓိကလည်း မကျဘူး၊ အရေးလည်း မကြီးဘူးပေါ့ဗျာ။ ဒါကတော့ မိတ်ဆွေ ယူဆချင်သလို ယူဆနိုင်ပါတယ်။ အဓိက ကျွန်တော်မေးချင်တာက ငွေက အရေးကြီးကြောင်း၊ မရေးမကြီးကြောင်းကို မဟုတ်ပါဘူး။ ငြင်းခုန်နေဖို့လည်း မဟုတ်ပါဘူး။ ငွေနဲ့ပတ်သက်ပြီး ငြင်းခုန်နေရအောင်လည်း ကျွန်တော် ညာက်မမီပါဘူး။

ကျွန်တော်က ဗေဒင်ပညာနဲ့ အသက်မွေးဝမ်းကြောင်း ပြုနေတဲ့ ဗေဒင်ဆရာဆိုတော့ ဗေဒင်ယတြာပညာဘက်ကနေပြီးတော့ပဲ မိတ်ဆွေကို စေတနာအရင်းခံနဲ့ ဝမ္ဘီရယတြာနည်းအချို့ကို ပြောပြပေးမှာပါ။ ပြောပြမယ်ဆိုတော့ မိတ်ဆွေကို လုပ်ရမယ်၊ ယုံရမယ်လို့ပြောတာမဟုတ်ပါဘူး။ မိတ်ဆွေကိုယ်တိုင် အရေးကြုံတဲ့အခါ သုံးကြည့်ပြီးမှ

ယုံကြည်ဖို့ပါပဲ။ ယုံကြည်ရင် ဘယ်လိုဆက်ပြီးလုပ်ရမလဲဆိုတော့ မိတ်ဆွေရဲ့ ပတ်ဝန်းကျင်ကလူတွေကြုံတဲ့အခါ ပြောပြပေးလိုက်ရုံပါပဲ။

ကျွန်တော့်ရဲ့ ဗေဒင်ဆရာသက်တမ်းတစ်လျှောက်မှာ ကျွန်တော်သုံးခဲ့တဲ့နည်းတွေထဲက အလွယ်ဆုံးနဲ့ အထိရောက်ဆုံးနည်းအချို့ကို ပြောပြပါမယ်။

လူတွေက ဗေဒင်ဆရာနဲ့တွေ့ပြီဆိုတာနဲ့ အဆောင်တောင်းကြတယ်။ လာဘ်ရွှင်စေတဲ့၊ ငွေတွေပေါများကြွယ်ဝစေတဲ့၊ ငွေဝင်လမ်းတွေ ဖြောင့်လာစေတဲ့ အဆောင်တွေကတော့ အများကြီးပေါ့ဗျာ။ အောက်မှာ အင်းချပ်ကလေးတစ်ချပ် ဖော်ပြပေးထားပါတယ်။

ကျွန်တော်ကတော့ ဒါမျိုးအင်းချက်တွေ အများကြီးဆွဲထားတယ်။ လာဘ်ရွှင်စေတဲ့အဆောင် တောင်းပြီဆိုတာနဲ့ အဆောင်တောင်းသူရဲ့ မွေးနံကို အင်းချပ်ရဲ့အလယ်မှာ ထည့်ပြီးပေးလိုက်တယ်။ အဲဒီအင်းချပ်ကတော့ ဖော်ပြပါအတိုင်းပဲဖြစ်ပါတယ်။

| | | |
|---|---|---|
| စ | ဘ | ဝ |
| ဓ | မွေးနံ | တ |
| သ | က | ယ |

ဒီအင်းချပ်ကလေးကို မိတ္တူဆွဲပြီး သုံးလို့ရပါတယ်။ အလယ်မှာ ကိုယ့်ရဲ့မွေးနံထည့်ပြီး ပလပ်စတစ်ကတ်လောင်းထားပါ။ ပိုက်ဆံအိတ်ထဲ၊ ပိုက်ဆံသေတ္တာထဲ၊ ဈေးရောင်းတဲ့ အံဆွဲထဲမှာထည့်ထားပြီး ဆောင်ထားလိုက်ရုံပါပဲ။



မိတ်ဆွေမှာ ငွေဝင်လမ်းတွေ ဖြောင့်လာမယ်။ ငွေကြေးဥစ္စာတွေ ပေါများကြွယ်ဝလာပါလိမ့်မယ်။

နောက်တစ်ခုက ကျွန်တော်တို့မှာ ငွေရေးကြေးရေးနဲ့ ပတ်သက်ပြီး ဘယ်လိုကိစ္စမျိုးတွေ ကြုံတတ်သေးသလဲဆိုတော့ အရပ်စကားနဲ့ပြောရရင် ငွေတွေမြုပ်နေတာ . . .၊ တခြားတစ်ယောက်ဆီမှာ ချေးထားပြီး ပြန်မရသေးတာ . . .၊ လုပ်ငန်းထဲမှာ ရင်းနှီးမြှုပ်နှံပြီးတော့ ပြန်မရသေးတာ စသည်ဖြင့်ပေါ့လေ . . .၊ ဒီလိုကိစ္စအခက်အခဲကြုံပြီဆိုရင်တော့ ဘယ်လိုလုပ်ရမလဲဆိုရင် အရင်ဆုံး ငွေမြုပ်နေတဲ့၊ ငွေတွေ ပြန်ပေါ်စေချင်တဲ့သူရဲ့ အသက်ကို တည်၊ ၄ နဲ့ မြှောက်ရမယ်၊ မြှောက်လို့ရတဲ့ မြှောက်လဒ်ကို မုန့်လုံးရေပေါ် လုံးရမယ်၊ ဒီမုန့်လုံးရေပေါ်ထဲက ၁၀ လုံးကို ဘုရားကို လှူပါ။ ကျန်တဲ့ မုန့်လုံးရေပေါ်တွေကို အိမ်ကလူတွေရော ပတ်ဝန်းကျင်က လူတွေကိုပါ ဝေကျွေးလိုက်ပါ။

ဘယ်နေ့တွေမှာ လုပ်ရမှာလဲဆိုရင် အသက်ကိုတည် (၇) နဲ့ စား။ ကြွင်းတဲ့နေ့မှာ လုပ်ရပါမယ်။ ၁ ကြွင်းရင် တနင်္ဂနွေနေ့ မနက် (၁၀) နာရီ၊ (၂) ကြွင်းရင် တနင်္လာနေ့ မနက် (၁၀)နာရီ၊ ၃ ကြွင်းရင် အင်္ဂါနေ့ မနက် (၁၀) နာရီပေါ့ . . .၊ ဒါဆိုရင် မိတ်ဆွေ ရှင်းလောက်ပါပြီ . . .။

ဥပမာဗျာ . . .၊ အသက် (၃၀) ရှိတဲ့ လူတစ်ယောက်ဆိုပါတော့ . . .။ သူ့အသက်ကိုတည်၊ (၄) နဲ့ မြှောက်တော့ (၁၂၀) ရတယ်။ ဒါက မုန့်လုံးရေပေါ် အရေအတွက်၊ ဘယ်နေ့မှာ လုပ်ရမှာလဲဆိုတော့ အသက် (၃၀) ကိုတည်ပြီး (၇) နဲ့စားလိုက်၊ (၂) ကြွင်းတယ်။ တနင်္လာနေ့ မနက် (၁၀) နာရီမှာ လုပ်လိုက်ရုံပဲပေါ့ဗျာ . . .။ ဒီနည်းကလည်း ရှေးဆရာအစဉ်အဆက် သုံးခဲ့တဲ့ နည်းတွေပါပဲ။

နောက်တစ်နည်းရှိသေးတယ်။ ငွေတွေ ချေးထားရာတနေ

မြန်လိုချင်တယ်၊ ဒါမှမဟုတ် ရစရာရှိတဲ့ငွေတွေက မရဘဲ ကြန့်ကြာနေတယ်၊ ဒီလိုအခက်အခဲမျိုး ကြုံတယ်ဆိုရင်တော့ ဖက်ဆေးလိပ် (၇)) လိပ်ကို ဖက်နဲ့ဝတ်ပြီးရင် စာရွက်နဲ့ထပ်ပြီး ပတ်ပါ၊ စာရွက်ပေါ်မှာတော့ ကိုယ် ရချင်တဲ့ငွေတွေ ရပါစေလို့ ရေးထားရမယ်၊ ကြိုးနဲ့ချည်ပြီး မီးဖိုပေါ်မှာ ချိတ်ထားလိုက်ရုံပါပဲ၊ ဒါဆိုရင် ရစရာရှိတဲ့ငွေတွေရော၊ ရစရာမရှိတဲ့ ငွေတွေရော ဝင်လာပါလိမ့်မယ်၊

ဒါကတော့ ငွေတွေဝင်လာအောင်လုပ်တဲ့ စာတ်ဆင်နည်းတွေပဲ ဖြစ်ပါတယ်၊ ငွေရေးကြေးရေး အခက်အခဲဖြစ်နေသူများအတွက် ဆောင်ရွက်ကြည့်ပါလို့ တိုက်တွန်းချင်ပါတယ်. . . ။ ။



# ကောင်း မကောင်း

## " ကောင်း၊ မကောင်း "

ကဲ . . . မိတ်ဆွေ။

ဒီတစ်ခါ မိတ်ဆွေကို ပြောပြချင်တာကတော့ ကျွန်တော်တို့ဟာ ကုတွေ ဘယ်လောက်ပဲကောင်းကောင်း၊ ကံတွေ ဘယ်လောက်ပဲ ညံ့ညံ့၊ အိမ်နေရာ၊ လုပ်ငန်းနေရာထိုင်ခင်းတွေ ဘယ်လောက်ပဲကောင်းကောင်း၊ ပတ်ဝန်းကျင်က အခြေအနေတွေကလည်း ကျွန်တော်တို့ရဲ့ စီးပွားရေး၊ လူမှုရေး၊ အိမ်ထောင်ရေး၊ ကျန်းမာရေး၊ သားရေးသမီးရေးတွေကို ကောင်းကျိုးဆိုးကျိုးတွေ ပေးတတ်ကြတယ်ဗျ။

မိတ်ဆွေလည်း ကြားဖူး၊ ကြုံဖူးမှာပါ။ 'ကိုလှမောင်ကြီးတစ်ယောက်တော့ သူ့ခေါင်းရင်းက ဒေါ်မြကြီးဆုံးပြီးကတည်းက စီးပွားပျက်သွားတာ ဒီနေ့အထိ နာလန်မထူနိုင်အောင်ပါပဲ၊ မလှမေကတော့ သူ့ခြေရင်းက ဦးထွန်းမှိုကြီး အလှူပြီးကတည်းက စီးပွားပျက်သွားတာ၊ ကျန်းမာရေးကလည်း တရှောင်ရှောင်ဖြစ်နေတာ ဒီကနေ့အထိပါပဲ'



စသည်ဖြင့် ကြားဖူး၊ ကြုံဖူးပါလိမ့်မယ်၊

ကိုလှမောင်ကြီး စီးပွားပျက်သွားတာ သူ့အိမ်ခေါင်းရင်းက ဒေါ်မြကြီးဆုံးတာနဲ့ ဘာဆိုင်လို့လဲ၊ မလှမေ စီးပွားပျက်တာ သူ့အိမ်ခြေရင်းအိမ်က ဦးထွန်းမှိုကြီး အလှူလုပ်တာနဲ့ ဘာဆိုင်လို့လဲ၊ မေးစရာဖြစ်လာပါတယ်။

မသိရင်တော့ဗျာ ဘာမှမဆိုင်ဘူးလို့ ထင်စရာရှိပေမဲ့ ကျကျနန သိသွားပြီဆိုရင်တော့ တအားကို ဆိုင်တယ်၊ သိပ်ကို ဆိုင်တယ်ဗျ။

ကျွန်တော်တို့ရဲ့ ဆန်းဗေဒင်ပညာအရ ကြည့်မယ်ဆိုရင် သူတို့ပတ်ဝန်းကျင်ရဲ့ ဆိုးကျိုး၊ ကောင်းကျိုးတွေက သူတို့အပေါ် ရိုက်ခတ်သွားတာ၊ သက်ရောက်သွားတာပါပဲ။ ၁၉

မိတ်ဆွေ နားလည်အောင် ဘယ်လိုပြောပြရမလဲဆိုတော့ ဣန္ဒြေတို့၊ အနိဋ္ဌတို့ စတဲ့ စကားလုံးတွေနဲ့ မိတ်ဆွေကို နားရှုပ်အောင် မပြောချင်ပါဘူး။ မိတ်ဆွေနားလည်အောင် အလွယ်ဆုံးစကားလုံးတွေကို သုံးပြီးတော့ပဲ ပြောရမှာပေါ့ဗျာ . . . ။

ကဲဗျာ . . . ။ ကျွန်တော်တို့အိမ်တွေရဲ့ ခေါင်းရင်းဘက်၊ မျက်နှာစာဘက်တွေဟာ ကောင်းတဲ့နေရာလား၊ ဆိုးတဲ့နေရာလားလို့ ဆိုလာခဲ့ရင် ကောင်းတဲ့နေရာလို့ ပြောရမှာပေါ့ဗျာ။

ခြေရင်းဘက်၊ ကျောဘက်တွေက ကောင်းတဲ့နေရာလား၊ ဆိုးဟဲ့နေရာလားလို့ ဆိုရင်လည်း မကောင်းတဲ့၊ ဆိုးတဲ့နေရာပေါ့ဗျာ။

ဒါဆိုရင် မိတ်ဆွေအနေနဲ့ ကောင်းတဲ့နေရာ၊ မကောင်းတဲ့နေရာတွေကို သိသွားပြီပေါ့နော်။ ဒီအထိ သိသွားရင် မိတ်ဆွေ နားလည်သွားပါပြီ။ ဘာမှသိပ်ပြီးမခက်ပါဘူး။ မသိရင်တော့ ခက်တာပေါ့နော်။

ကျွန်တော်တို့ ဆန်းဗေဒင်ပညာမှာ ကောင်းတဲ့နေရာမှာ

ကောင်းတာဖြစ်ရင် ကောင်းတယ်။ ခေါင်းရင်းဘက် ကောင်းတဲ့နေရာမှာ အလှူလုပ်တယ်ဆိုပါတော့။ တအားကောင်းတာပေါ့ဗျာ၊ စီးပွားတက်မယ်၊ အစစအရာရာ အောင်မြင်တော့မယ်။ ကောင်းတဲ့ခေါင်းရင်းဘက်မှာ ကောင်းတဲ့အလှူဖြစ်တာလေ။ ကောင်းတာပေါ့ဗျာ။

မကောင်းတဲ့နေရာတွေ၊ ခြေရင်းဘက်၊ ကျောဘက်တွေမှာ မကောင်းတာတွေဖြစ်ရင်လည်း ကောင်းတယ်ဗျ။ ခြေရင်းဘက်၊ ကျောဘက်မှာ အသုဘပေါ်တယ်ဆိုရင် ကောင်းတာပေါ့။ ဘာကြောင့်လဲဆိုတော့ မကောင်းတဲ့ခြေရင်းဘက်မှာ မကောင်းတဲ့ အသုဘပေါ်တာလေဗျာ။ ဒါဆိုရင်လည်း စီးပွားတက်တော့မယ်၊ အောင်မြင်တော့မယ်။

ဒါပေမဲ့ ကောင်းတဲ့နေရာတွေမှာ မကောင်းတာတွေ ပေါ်လာရင် ဂရုစိုက်ပေတော့။ ဒီလိုပဲ မကောင်းတဲ့နေရာတွေမှာလည်း ကောင်းတာတွေ ပေါ်လာရင် ဂရုစိုက်ပေတော့ဗျို့။

ခေါင်းရင်းဘက်တမှာ အသုဘပေါ်တယ်ဆိုပါတော့။ ခေါင်းရင်းဘက်မှာ အသုဘဆိုတဲ့ မကောင်းတဲ့အရာပေါ်တာလေဗျာ။ ဘယ်လိုလုပ်ပြီး ကောင်းမှာတဲ့လဲ။

ခြေရင်းဘက်၊ ကျောဘက်တွေမှာ အလှူမင်္ဂလာကိစ္စ ပေါ်လာတယ်ဆိုပါတော့ . . . ။ ခြေရင်းဘက်၊ မကောင်းတဲ့နေရာတွေမှာ အလှူမင်္ဂလာဆိုတဲ့ ကောင်းတဲ့ကိစ္စ ပေါ်လာတာလေဗျာ။ ဒါဆိုရင်လည်း မကောင်းဘူး။ ကိုယ့်ကို ထိခိုက်တယ်ဗျ။ ဒါဆိုရင် မိတ်ဆွေတော်တော်လေး သဘောပေါက်သွားပါပြီ။ ရှင်းလင်းနားလည်သွားပါပြီ။ ဒါဖြင့်ရင် ဘယ်လိုကာကွယ်မလဲ။

ဒီလိုကာကွယ်မယ်ဗျာ။ ခေါင်းရင်းဘက် မျက်နှာစာဘက်တွေမှာ မကောင်းတဲ့ ငိုသံ၊ ဆဲဆိုသံ၊ ရန်ဖြစ်သံ၊ ဆူညံသံ၊ ငြင်းခုန်သံစတဲ့ မကောင်းတဲ့အသံတွေ ကြားပြီဆိုရင် မိတ်ဆွေရဲ့ နောက်ဖေးမီးဖို



ချောင်ထဲက နို့ဆီခွက်၊ ဒန်အိုး စတဲ့ အသံမြည်နိုင်တဲ့ အရာတွေကို အသံမြည်အောင် ပစ်ပေါက်လိုက်မယ်။ ဒါမှမဟုတ် အသံမမြည်နိုင်တဲ့ အရာတွေကို ခြေထောက်နဲ့ ကန်ကျောက်လိုက်မယ်ဆိုရင် မကောင်းတဲ့ ဆိုးကျိုးတွေကို ကောင်းစွာကာကွယ်နိုင်ပါလိမ့်မယ်။

အဲဒီလို မကောင်းတဲ့ခြေရင်းဘက်၊ ကျောဘက်တွေမှာ ကောင်းတဲ့အသံတွေဖြစ်တဲ့ ရယ်သံ၊ ပျော်ရွှင်သံ၊ မြူးတူးသံ စတဲ့ ကောင်းတဲ့အသံတွေ ကြားပြီဆိုရင်တော့ မိတ်ဆွေကို မထိခိုက်အောင် ဘုရားခန်းမှာ သန့်ရှင်းရေးလုပ်ရမယ်။ ဘုရားကို ရေသပ္ပါယ်တာ၊ ရောင်တော်ဖွင့်တာ၊ အမွှေးနံ့သာ ဖြန်းတာတွေ လုပ်ရမယ်။ ဘုရားစာတွေကို အသံထွက်ပြီး ကျယ်ကျယ်ရွတ်ကာ ဘုရားရှိခိုးလိုက်မယ်ဆိုရင်လည်း မကောင်းတဲ့ဆိုးကျိုးတွေကနေ ကာကွယ်နိုင်ပါလိမ့်မယ်။

ကိုယ့်အိမ်ရဲ့ ခေါင်းရင်းဘက်၊ မျက်နှာစာဘက်မှာ ရယ်မောသံ၊ ပျော်ရွှင်မြူးတူးကခုန်သံ၊ သီချင်းဆိုသံ ကြားရတဲ့အခါ အလှူမင်္ဂလာဆောင်၊ မွေးနေ့ပွဲ၊ ပျော်ပွဲရွှင်ပွဲတွေ လုပ်ပြီဆိုရင်တော့ မိတ်ဆွေစိတ်ကူးသာယဉ်နေပေတော့ဗျား။ စီးပွားတွေ တအားတက်တော့မယ်။ အစစ အရာရာ အဆင်ပြေတော့မယ်။ အောင်မြင်တော့မယ်။ ထီလေးဘာလေးလည်း ထိုးပေးထားပေါ့ဗျာ။ ငွေတွေ ဝင်လာချင်တယ်ဆိုရင် ဝင်လာလို့ရအောင် လမ်းကြောင်းဖွင့်ပေးထားတဲ့ သဘောပေါ့ဗျာ။

ကိုယ့်အိမ်ရဲ့ ခြေရင်းဘက်၊ ကျောဘက်တွေမှာ မကောင်းတဲ့ ငိုသံ၊ ဆူညံရန်ဖြစ်သံ၊ ငြင်းခုန်စကားများသံ ကြားရပြီ၊ ဒါမှမဟုတ် အသုဘတွေဘာတွေ ပေါ်ပြီဆိုရင် မိတ်ဆွေ စိတ်ကူးယဉ်နေပေတော့ဗျို့။ ထီလည်း ထိုးပေးရမယ်နော်။ ငွေတွေ ဝင်ချင်ရင် ဝင်လာလို့ ရအောင်ပေါ့။

အဲ . . . ပြောဖို့ တစ်ခုချန်ထားသေးတယ်။ ရောကုန်၊ ရှုပ်

ကုန်မှာစိုးလို့ နောက်ဆုံးမှပြောရတာပါ။ ခေါင်းရင်းဘက်၊ မျက်နှာစာဖက်မှာ အလှူအတန်း၊ မင်္ဂလာဆောင်၊ မွေးနေ့ ပေါ်ရင် သွားပြီးတော့ အစစအရာရာ ဝိုင်းဝန်းကူညီပြီး လုပ်ကိုင်ပေးလိုက်ပါ။ အခမ်းအနားဖျက်တာတို့၊ ပစ္စည်းတွေဘာတွေ သိမ်းတာတို့လုပ်ပြီဆိုရင်တော့ မသိချင်ယောင်ဆောင်နေလိုက်ပါ။ ဝင်မလုပ်ပါနဲ့။ အိမ်ထောင်ဦးစီးကို အဓိကထားပြီးတော့ ပြောတာနော်။

အသုဘပေါ်ရင်တော့ အိမ်ထောင်ဦးစီးက ပစ္စည်းတွေဘာတွေ သိမ်းဆည်းမှု၊ အခမ်းအနားဖျက်မှု သွားပြီးကူရမယ်နော်။ ဒါဆိုရင် ပိုပြီးတော့ ကောင်းသွားမှာပါ။

မြေရင်းဘက်၊ ကျောဘက် စတဲ့ မကောင်းတဲ့နေရာတွေမှာ ကောင်းတဲ့အလှူမင်္ဂလာ၊ မွေးနေ့၊ မင်္ဂလာဆောင်ပေါ်ရင် အိမ်ထောင်ဦးစီးက အခမ်းအနားဖျက်ခါနီးမှ၊ သိမ်းခါနီးမှ သွားပြီးကူရမယ်။

မကောင်းတဲ့ အသုဘပေါ်ပြီဆိုရင်တော့ အစအဆုံး သွားပြီးတော့သာ ကူပေတော့။ အခမ်းအနားပြီးလို့ ပစ္စည်းတွေဘာတွေ သိမ်းရင်တော့ ဝင်မပါနဲ့တော့။ မသိချင်ယောင်ဆောင်နေလိုက်ပေါ့ဗျာ။

ဒါဆိုရင် မိတ်ဆွေအနေနဲ့ နားလည်သဘောပေါက်လောက်ပြီထင်ပါတယ်။ အတတ်နိုင်ဆုံး လွယ်ကူတဲ့ စကားလုံးတွေသုံးပြီး ရှင်းပြထားပါတယ်။ ဒါကိုမှ မိတ်ဆွေ သဘောမပေါက်သေးဘူးဆိုရင်တော့ နီးစပ်ရာ ဆရာကြီးမင်းသိခ်ရဲ့ တပည့် ဆရာ၊ ဆရာမတွေဆီမှာ သွားပြီးတော့ မေးလို့ရပါတယ်။

ကဲ . . . ဒါဆိုရင် မိတ်ဆွေ စောစောက ကြားပြီးတဲ့ ကိုလှမောင်ကြီးကတော့ ခေါင်းရင်းက ဒေါ်မြကြီးဆုံးမှ စီးပွားပျက်သွားတယ်တို့၊ မလှမေကတော့ မြေရင်းဘက်က ဦးထွန်းမှိုကြီးရဲ့ အလှူပြီးသွားကတည်းက စီးပွားပျက်သွားတယ်တို့ဆိုတာ ဘာကြောင့်ဖြစ်ရတာလဲ



ဆိုတာကို သိသွားပြီပေါ့နော်။

ဒါကြောင့် ကျွန်တော်တို့ဟာ ဟုတ်တွေ ဘယ်လောက်ပဲကောင်းကောင်း၊ ကံတွေ ဘယ်လောက်ပဲဆိုးဆိုး၊ အိမ်နေရာတွေ ဘယ်လောက်ပဲ ကောင်းကောင်း၊ ဘယ်လောက်ပဲ ဆိုးဆိုး အဲဒီကောင်းကျိုးဆိုးကျိုးတွေဟာ ကျွန်တော်တို့ရဲ့ စီးပွားရေး၊ လူမှုရေး၊ အိမ်ထောင်ရေး၊ ကျန်းမာရေး၊ ငွေရေးကြေးရေး၊ သားရေးသမီးရေးကိစ္စတွေ အနည်းအကျဉ်းဒါမှမဟုတ် များစွာသက်ရောက်နေတယ်။ ရိုက်ခတ်နေတယ်ဆိုတာ မိတ်ဆွေ လက်ခံပါပြီနော်။

ကျွန်တော်ပြောပြတဲ့ ကောင်း၊ မကောင်းဆိုတဲ့ ဆန်းဗေဒင်ပညာအရ ဂြိုဟ်၊ အနိဋ္ဌဆိုတဲ့ အရာတွေကို နားလည်ပြီး မိတ်ဆွေရဲ့ဘဝ၊ မိတ်ဆွေရဲ့ မိသားစုဘဝကို အကျိုးရှိဖို့ ကောင်းစွာအသုံးပြုနိုင်ပြီဆိုရင် ကျွန်တော်လည်း မောရကျိုး နပ်ပါပြီဗျာ။ မိတ်ဆွေလည်း ဖတ်ရကျိုး၊ နားထောင်ရကျိုး နပ်ပြီပေါ့ဗျာ။

ကျွန်တော်ပြောပြတဲ့ ကောင်း၊ မကောင်းဆိုတာကို အခြေခံပြီး မိတ်ဆွေ ဉာဏ်ရှိရင် ရှိသလို ဆင့်ပွားပြီး ချဲ့ယူတွေးကြည့်လို့ ရပါပြီဗျာ။ လူရဲ့ခန္ဓာကိုယ်မှာလည်း ခါးအပေါ်ပိုင်းက ကောင်းတဲ့အပိုင်း၊ ခါးရဲ့အောက်ပိုင်းက မကောင်းတဲ့အပိုင်း မဟုတ်လားဗျာ။

လူတစ်ယောက်ဟာ ဦးထုပ်အစုတ်အပြဲကို ဆောင်း၊ ဖိနပ်အသစ်ကို စီးပြီး အလုပ်လုပ်မယ်ဆိုရင် အောင်မြင်နိုင်ပါ့မလားဗျာ။ ဘယ်အောင်မြင်ပါ့မလဲ။ ကောင်းတဲ့ ခေါင်းပေါ်မှာ ဆောင်းထားတဲ့ ဦးထုပ်က စုတ်နေတယ်။ မကောင်းတဲ့ ခြေထောက်နေရာက ဖိနပ်ကကျတော့ သစ်နေတယ်ဆိုရင် မကောင်းဘူး၊ 'ဆန်း' မကိုက်ဘူးပေါ့ဗျာ။ မကောင်းတဲ့နေရာ မြေရင်းဘက်အိမ်က ပန်းကို ကိုယ့်အိမ်က ခေါင်းရင်းဘုရားစင်မှာ လှူရင်လည်း မကောင်းဘူးပေါ့ဗျာ။ အိမ်ထောင်ဦးစီး

ရဲ့ အကျီအပေါင်းက မကောင်းတဲ့အိမ်သာတွေ၊ မီးဖိုချောင်တွေမှာ သုံးရင်လည်း မကောင်းဘူးပေါ့ဗျာ။ အများကြီးဆင့်ပွားပြီး တွေးယူလို့ ရပါတယ်။

မိတ်ဆွေရဲ့ဘဝ၊ မိတ်ဆွေရဲ့ မိသားစုရဲ့ဘဝကို ကောင်းစွာ အထောက်အကူပြုနိုင်ပါစေ။

❦ ❦ ❦



# " ပြန်လာပါတော့ "

ကဲ . . . မိတ်ဆွေ။

ဒီတစ်ခါ ပြောပြချင်တာကတော့ လွန်ခဲ့တဲ့ နှစ်အနည်းငယ်အတွင်းက ကျွန်တော်တို့မိသားစုကလေး ကြုံတွေ့ခဲ့ရတဲ့ အဖြစ်အပျက်တစ်ခုပါ။ ကျွန်တော်တို့မိသားစုအကြောင်းကိုတော့ မိတ်ဆွေ သိပ်ပြီး စိတ်ဝင်စားချင်မှ ဝင်စားပါလိမ့်မယ်။

ကျွန်တော်တို့မိသားစုကလေးလို့သာ ခေါင်းစဉ်တပ်ပြီး ပြောလိုက်ရတာ မိတ်ဆွေရဲ့မိသားစုမှာလည်း ကျွန်တော်တို့မိသားစုကလေး ကြုံတွေ့ခံစားခဲ့ရတဲ့ အဖြစ်အပျက်မျိုး ကြုံတွေ့ဖူးမှာပါပဲ။ တခြားမိသားစုတွေမှာလည်း ဒီလိုအဖြစ်အပျက်မျိုးတွေ ကြုံတွေ့ကြရဖူးမှာပါပဲ။

ကဲ . . . ဒီတော့ ကျွန်တော်တို့မိသားစုကလေးအကြောင်းလို့ ခေါင်းစဉ်တပ်ပြီး မိတ်ဆွေကို ပြောပြမယ့်အစား အားလုံးအားလုံးရဲ့ မိသားစုကလေးအကြောင်းလို့ ခေါင်းစဉ်တပ်ပြီးပြောရရင် ပိုပြီးမှန်ပါ



လိမ့်မယ်။

ကျွန်တော် လေကြောရှည်ပြီး ပြောပြတာလည်း မဟုတ်ပါဘူး။ မိတ်ဆွေရဲ့ မိသားစုအပါအဝင် တခြားတခြားသော မိသားစုဝင်တွေအတွက်လည်း အကျိုးရှိမယ်လို့ ယုံကြည်မိတဲ့အတွက် ပြောပြတာပါ။

လွန်ခဲ့တဲ့ လွမ်းမောဖွယ်ရာကောင်းတဲ့ အတိတ်ကာလဆီမှာပေါ့။ ကျွန်တော်ရယ်၊ ဖေဖေရယ်၊ မေမေရယ်၊ ကျွန်တော့်အစ်ကိုရယ်၊ အစ်မနှစ်ယောက်ရယ်၊ ညီလေးရယ်၊ မိသားစုခုနစ်ယောက်ပေါ့လေ။

ကျွန်တော်တို့မိသားစုလေးရဲ့ဘဝဟာ တအားကို ပျော်စရာကောင်းတာပဲ။ ကြည်နူးစရာတွေ၊ သာယာမှုတွေအပြည့်နဲ့ စိုစိုပြည်ပြည်ပေါ့ဗျာ။ ပြည့်ပြည့်စုံစုံ ချမ်းချမ်းသာသာ မဟုတ်ပေမဲ့ တအားလည်း မဆင်းရဲပါဘူး။ အသင့်အတင့်ပေါ့ဗျာ။ ချောင်ချောင်လည်လည်နဲ့ စားနိုင်ရုံ သောက်နိုင်ရုံပါပဲ။

အိမ်ထောင်ဦးစီးကတော့ ဖေဖေတစ်ယောက်တည်း ရှန်းတန်လှုပ်ရှားဦးဆောင်ပြီး ကျွေးမွေးတာပါပဲ။ အမေကတော့ မှီခိုပဲပေါ့။ အိမ်ရဲ့ ဝေယျာဝစ္စတွေကိုပဲ အမေက ဦးဆောင်လုပ်ရတာပါ။ ကျွန်တော်တို့ကတော့ ကျောင်းတက်တယ်။ ကျောင်းပိတ်ရက်မှာ အမေ့ကို ဝိုင်းကူပြီး လုပ်ပေးတယ်။

အမေ့ကို ဝိုင်းပြီး မကူတာဆိုလို့ ကျွန်တော်တစ်ယောက်တည်းပဲ ရှိတယ်။ ကျူရှင်တက်မယ်လို့ အကြောင်းပြပြီး သူငယ်ချင်းတွေနဲ့ ဘောလုံးကန်တယ်။ ရေကူးတယ်။ ရန်ဖြစ်တယ်။

ညနေပိုင်းဆိုရင် အဖေကလည်း အလုပ်က ပြန်လာပြီ၊ အစ်မကလည်း ညစာစားဖို့အတွက် အဆင်သင့်ပြင်ထားပြီးပြီ၊ ကျွန်တော်တို့မိသားစုကလေးရဲ့ ပျော်ရွှင်စရာ၊ ကြည်နူးစရာ ထမင်းဝိုင်းက

လေး ဖြစ်သွားပြီပေါ့။ ဒီအချိန်မှာ တစ်ယောက်နဲ့တစ်ယောက် စကြ၊ နောက်ကြ၊ ပြောင်ကြနဲ့ပေါ့။ တစ်နေ့တာလုံးမှာ ကိုယ် ကြုံတွေ့ရတာလေးတွေကို ပြောကြဆိုကြ၊ အဖေကလည်း ရုံးမှာ ကြုံရတွေ့ရတာတွေ ပြောပြနဲ့၊ တအားကို ပျော်စရာကောင်းတာပါပဲလေ။ ကျွန်တော်ကတော့ ဒီနေ့ထိ ညစာထမင်းစားတိုင်း ကျွန်တော့်မိသားစုကလေးကို အမြဲတမ်းသတိရမိတယ်ဗျာ၊ လွမ်းဆွတ်တသမိတယ်ဗျာ။

ညစာထမင်းစားပြီးပြီဆိုတာနဲ့ အမေက ဘုရားရှိခိုးတယ်။ အဖေနဲ့ ကျွန်တော်တို့မောင်နှမငါးယောက်က အိမ်ရှေ့ဝရံတာမှာ ထိုင်ပြီး အဖေ့ကို နှိပ်နယ်ပေးရင်း ရယ်စရာ မောစရာလေးတွေ ပြောဆိုလိုက်ကြပေါ့။ အဲဒါကလည်း ညတိုင်းလိုလိုပါပဲ။ အဲဒီအချိန်တုန်းကဆိုရင် ကမ္ဘာပေါ်မှာရှိတဲ့ မိသားစုဝင်တွေအားလုံးမှာ ကျွန်တော်တို့မိသားစုကလေးကသာ အသာယာဆုံး၊ ပျော်စရာအကောင်းဆုံးလို့ ထင်မိတော့တာပေါ့။ တကယ်လည်း ပျော်ရွှင်ကြည်နူးစရာကောင်းခဲ့တာပဲလေ။

တစ်နေ့တော့ ပျော်ရွှင်စရာကောင်းတဲ့ မိသားစုကလေးထဲကို ရုတ်တရက် အဖြစ်အပျက်တစ်ခု ဝင်လာပါတယ်။ အဲဒါကတော့ ကျွန်တော့်အစ်ကိုအကြီးဆုံးဖြစ်တဲ့ ကိုကျော်ကျော်ဟာ အဖေနဲ့ စကားများစိတ်ဆိုးပြီး အိမ်ပေါ်က ဆင်းသွားတာပါပဲ။ လူတစ်ယောက် အိမ်ကဆင်းသွားတာ ဘာဖြစ်တာမို့လို့လဲ။ စိတ်ဆိုးပြေရင် ပြန်လာမှာပေါ့တဲ့။ ဒါက တကယ်မခံစားရဖူးတဲ့သူတွေ ပြောတဲ့စကားပါ။ အဲဒီအချိန်တုန်းကဆိုရင် အဖေကလွဲပြီး တစ်အိမ်လုံး ငိုနေကြရတာပါပဲ။ တစ်အိမ်သားလုံး မျက်ရည်မိုးတွေ ရွာသွန်းခဲ့ရတာပါ။

မိသားစုလေးထဲမှာ ဝမ်းအနည်းဆုံး၊ အငိုဆုံးကတော့ ကျွန်တော်ပါပဲ။ ဘာကြောင့်လဲဆိုတော့ အတွေ့အကြုံစိတ်ထားကလည်း



နုနယ်သေးတယ်။ မိသားစုဝင်တွေအပေါ်မှာလည်း ကျွန်တော်က သံယောဇဉ်တအားကို ကြီးခဲ့တာကိုး။ တစ်မိသားစုလုံး ငြိမ်သက်သွားခဲ့ပြီး အရင်တုန်းက ပျော်ရွှင်မှုတွေ၊ သာယာကြည်နူးမှုတွေဟာ ကျွန်တော့်အစ်ကိုကြီး ကိုကျော်ကျော်နဲ့အတူ ကြက်ပျောက်ငှက်ပျောက် ပျောက်တုန်တော့တာပါဝဲ။

နှစ်ရက်သုံးရက်နေတော့ ကိုကျော်ကျော် အိမ်ကို ပြန်လာပြီး အရင်လိုဖြစ်ပြီးတော့ ပျော်ရွှင်စရာမိသားစုကလေး ပြန်ဖြစ်သွားတာပါပဲ။ ဒါပေမဲ့ သုံးရက်လောက် တစ်မိသားစုလုံး သောကတွေများစွာ ခံစားခဲ့ရတယ်လေ။

မိတ်ဆွေကို ပြောပြချင်တာက ပျော်ရွှင်ကြည်နူးသာယာနေတဲ့ မိသားစုကလေးတစ်ခုမှာ အိမ်သားတစ်ယောက်ယောက် အိမ်ကဆင်းသွားတယ်၊ ထွက်သွားတယ်ဆိုရင် ကျန်တဲ့မိသားစုတွေမှာ ဘယ်လောက်ပူဆွေးဝမ်းနည်းရသလဲဆိုတာကို ကျွန်တော့်ထက်ပိုပြီးတော့ ခံစားမိကြရမှာပါပဲ။

ကျွန်တော် အဘဆရာကြီးမင်းသိခ်ဆီကနေ ဗေဒင်လက္ခဏာနဲ့ ဂမ္ဘီရပညာရပ်တွေ သင်ကြားရတဲ့အခါမှာတော့ အိမ်ကနေ ဒါမှမဟုတ် မိသားစုထဲကနေ ဘယ်သူပဲထွက်ထွက် ပြန်လာစေတဲ့ နည်းတစ်ခု သင်ကြားခဲ့ရပါတယ်။ အဲဒီလို သင်ကြားနေရတဲ့အချိန်မှာပဲ အရင်အတိတ်ဆီက ကျွန်တော့်မိသားစုကလေး ပျော်ရွှင်စရာကောင်းပုံ၊ အစ်ကိုကြီးကိုကျော်ကျော် အိမ်က ဆင်းသွားလို့ တစ်အိမ်သားလုံး မျက်ရည်ကျရပုံ၊ ပူဆွေးဝမ်းနည်းရပုံတွေကို ပြန်တွေးမိပြီး အားမလိုအားမရတွေ၊ မခံချိ မခံသာတွေ တအားဖြစ်ခဲ့ရပါတယ်။

အဲဒီအချိန်။ ကိုကျော်ကျော် အိမ်ကထွက်သွားတဲ့ အချိန်တုန်းကသာ ငါ ဒီပညာကို တတ်ခဲ့မယ်ဆိုရင် ဘယ်လောက်များ ကောင်း

လိမ့်မတုံး။ ဘယ်လောက်များ အဆင်ပြေလိုက်လိမ့်မလဲ။

ယတြာအစီအရင်တွေ ချက်ချင်းလုပ်ပြီး ကိုကျော်ကျော်ကို ချက်ချင်းခေါ်ပစ်လိုက်မှာပေါ့။ တစ်အိမ်သားလုံးလည်း ဘယ်ငိုရတော့မလဲ။ ဘယ်ဝမ်းနည်းရလိမ့်မလဲ။ အဲဒီလို တွေးမိပါတယ်။

ဒါပေမဲ့ ကျွန်တော်ဟာ အဲဒီအချိန်တွေတုန်းက ဒီပညာတွေ မတတ်ခဲ့လို့၊ အိမ်က မိသားစုဝင်တွေထဲက တစ်ယောက်ယောက်ဟာ ဒီပညာကို မသိခဲ့လို့သာ ဒီလိုဖြစ်ခဲ့ရတာပေါ့။ အဲဒီတုန်းကသာ သိခဲ့ရင်၊ တတ်ခဲ့ရင် . . . ။

အခုလည်း မိတ်ဆွေရဲ့ မိသားစုအတွင်းမှာပဲဖြစ်ဖြစ်၊ မိတ်ဆွေနဲ့ နီးစပ်တဲ့ မိသားစုအတွင်းမှာပဲဖြစ်ဖြစ် ကျွန်တော်တို့မိသားစုကလေးလိုမျိုး အဖြစ်အပျက် တွေ့ကြုံပြီဆိုရင် ကျွန်တော် အောက်မှာ ဖော်ပြပေးထားတဲ့ ယတြာခေတ်ရိုက်ခေတ်ဆင်နည်းကို ပြောပြပေးလိုက်စမ်းပါဗျာ။ အခု ကျွန်တော် ပြောပြတဲ့ ယတြာခေတ်ရိုက်ခေတ်ဆင်နည်းတစ်ခုဟာ အနည်းဆုံး မိသားစုကလေးတစ်ခုရဲ့ စိတ်ပူပန်မှုတွေ၊ ဝမ်းနည်းမှုတွေ၊ သောကတွေကို ပယ်ဖျက်ပေးနိုင်တယ်ဆိုရင်ပဲ ကျွန်တော်လည်း မောရကျိုးနပ်ပါပြီ။ ကျွန်တော့်ကို ပညာသင်ပေးတဲ့ အဘဆရာကြီးမင်းသိခ်လည်း သင်ပေးရကျိုး နပ်ပြီပေါ့ဗျာ။

မိသားစုတစ်ခုအတွင်းကနေ တနင်္ဂနွေသားသမီးတစ်ဦးဦး အိမ်ကနေ ထွက်သွားလို့ ပြန်လာစေချင်တယ်ဆိုပါစို့။ လုံးပတ်ကျပ်လုံးခန့်၊ အရှည်တတောင်ခန့် ဇောင်းလျားသား ဒါမှမဟုတ် ဇလပ်သားကို အဖျားတစ်ဖက် ချွန်လိုက်ပါ။ ထွက်သွားသူရဲ့ နာမည် ဥပမာ အောင်မျိုးဆိုပါက မျိုးအောင် (ကတ်ကင်း) လို့ အရင်းဘက်ကနေ အဖျားဘက်ကို ပြောင်းပြန်ပြန်ရေးပါ။ ကြိုက်တာနဲ့ရေးလို့ ရပါတယ်။ တနင်္ဂနွေနေ့ မနက် (၇)နာရီခွဲကနေ (၉) နာရီအတွင်း အိမ်အတက်



အဆင်း ဖိနပ်ချွတ်အောက်မှာ သောကြာသားသမီးတစ်ဦးဦး ဒါမှမဟုတ် အိမ်သားတစ်ယောက်ယောက်က မြောက်အရပ်ကနေ ထိုင်ပြီး အိမ်ကို အမြန်ပြန်လာဖို့ ဆုတောင်းပြီး သီးသား ဒါမှမဟုတ် သံတုတ်နဲ့ မြေကြီးထဲကို ရိုက်သွင်းလိုက်ပါ။ မြေအပေါ်ကိုတော့ တစ်လက်မလောက် ချန်ထားရမယ်နော်။ ဒါဆိုရင် အိမ်ကနေ ထွက်သွားတဲ့ တနင်္ဂနွေသားသမီး ချက်ချင်းပြန်လာပါလိမ့်မယ်။ ဒါကတော့ အတုလဆရာတော် ခင်ကြီးဖျော်ရဲ့ ယတြာခေတ်ရိုက်ခေတ်ဆင်နည်းဝါပဲ။

ကျန်တဲ့ နေ့သားတွေအတွက်ကတော့ ဇယားနဲ့ ဖော်ပြပေးလိုက်ပါတယ်။ ကြည်နူးသာယာပျော်ရွှင်စရာကောင်းသော မိသားစုဘဝကို ပိုင်ဆိုင်နိုင်ကြပါစေ . . . ။ ။

### ထွက်သွားသူ ပြန်လာရန် တင်ရိုက်တင်ဆင်ရေး

| ထွက်သွားသော နေ့သား | ဂုဏ်ရည်ရေးရသော့ အသား | လက်ဆိုင်တွက် အသား | ထိုင်ရမည့်အရပ်မျက်နှာ |
|---|---|---|---|
| ၁ နွေ | ဖောင်းလျှား(သို့) ဖလပ် | ဆိတ်သား(သို့) သံတုတ် | မြောက်အရပ် |
| ၂ လာ | လက်ပံသား | ထန်သား(သို့)ထန်းသား | အနောက်တောင် |
| ၃ ဂါ | ဖက်သန်း(သို့)သပြေ | အင်သား(သို့)ဇုန်းသား | အရှေ့မြောက် |
| ၄ ဟူး | သနပ်သား | ကံ့ကော်သား | အရှေ့အရပ် |
| ၅ တေး | ထအောင်းသား | ဆီးသား | အရှေ့တောင် |
| ၆ ကြာ | အင်ကြင်းသား | ဝါး (သို့) လိန်သား | တောင်အရပ် |
| စနေ | တညင်သား | ပေါက် (သို့) ပိတောက် | အနောက်အရပ် |

### ထွက်သွားသူ ပြန်လာရန် တင်ရိုက်တင်ဆင်ရေး (စရေတင်ပေါ်သည့်အချိန်)

| လုပ်ရမည့် နေ့ | လုပ်ရမည့် အချိန် |
|---|---|
| တနင်္ဂနွေ | ( ၇း၃၀ ) နာရီမှ ( ၉း၀၀ ) နာရီ အတွင်း |
| တနင်္လာ | ( ၁း၃၀ ) နာရီမှ ( ၃း၀၀ ) နာရီ အတွင်း |
| အင်္ဂါ | ( ၉း၀၀ ) နာရီမှ ( ၁၀း၃၀ ) နာရီ အတွင်း |
| ဗုဒ္ဓဟူး | ( ၃း၀၀ ) နာရီမှ ( ၄း၃၀ ) နာရီ အတွင်း |
| ကြာသပတေး | ( ၁၀း၃၀ ) နာရီမှ ( ၁၂း၀၀ ) နာရီ အတွင်း |
| သောကြာ | ( ၆း၀၀ ) နာရီမှ ( ၇း၃၀ ) နာရီ အတွင်း |
| စနေ | ( ၁၂း၀၀ ) နာရီမှ ( ၁း၃၀ ) နာရီ အတွင်း |



မြာနီ

# အောင်မြင်ကျော်ကြား လူကြိုက်များ

## " အောင်မြင်ကျော်ကြား လူကြိုက်များ "

ကျွန်တော်တို့ဟာ အင်မတန်ထူးဆန်းကျယ်ပြောလှတဲ့ လူ့လောကကြီးထဲမှာ ရပ်တည်ရှင်သန်နေကြရတဲ့ လူသားတွေ ဖြစ်ပါတယ်။ လူ့လောကကြီးထဲမှာ ရပ်တည်ရှင်သန်နေပြီဆိုကတည်းက ကျွန်တော်တို့ ဆန္ဒရှိသည်ဖြစ်စေ၊ ဆန္ဒမရှိသည်ဖြစ်စေ လူတွေနဲ့ပဲ ဆက်ဆံရုန်းကန်နေကြရမှာပါပဲ။ နောက်ပြီး ကျွန်တော်တို့ လိုချင်တဲ့ အောင်မြင်ခြင်းတွေ၊ ကြီးပွားချမ်းသာခြင်းတွေ၊ နာမည်ကျော်ကြားခြင်းတွေကလည်း ဒီလူသားတွေဆီကပဲ ရရှိနေကြတာဖြစ်ပါတယ်။

မိတ်ဆွေအနေနဲ့ ကျွန်တော်ပြောတဲ့ စကားကို ချက်ချင်းလက်ခံချင်မှ လက်ခံပါလိမ့်မယ်။ ကျွန်တော်တို့ စဉ်းစားကြည့်ရအောင်ပါ။ ချမ်းသာကြွယ်ဝတဲ့ သူဌေးတစ်ယောက်ဆိုပါစို့။ သူတို့ကို ဘာကြောင့် သူဌေးလို့ ခေါ်တာလဲ။ အခြားသူတွေထက် ပိုက်ဆံတွေ ပိုရှိလို့ပေါ့။ အခြားသူတွေထက် လုပ်ငန်းတွေ ပေါများကြလို့ပေါ့။ နောက်



ပြီး အခြားသူတွေထက် အလုပ်တွေကို ပိုပြီးလုပ်ကြလို့ပေါ့။ ဒါကြောင့် တခြားသူတွေ (သို့မဟုတ်) လူတွေက သူ့ကို သူဌေးလို့ သတ်မှတ်ပေးကြရတာမဟုတ်လား။

အောင်မြင်တဲ့လူတစ်ယောက်ဆိုပါစို့။ သူ ဘာကြောင့်အောင်မြင်တဲ့သူ ဖြစ်ရတာလဲ။ သူ့လောက် မအောင်မြင်တဲ့သူတွေ ရှိလို့၊ သူ့လောက် မအောင်မြင်တဲ့သူတွေက သူ့ကို အောင်မြင်သူတစ်ယောက်လို့ သတ်မှတ်ပေးကြလို့ သူဟာ အောင်မြင်တဲ့သူဖြစ်တာပေါ့။ အဲဒီတော့ ကြီးပွားချမ်းသာတဲ့ သူဌေးဆိုတာ၊ အောင်မြင်တဲ့သူဆိုတာ သူ့ဘာသာသူ သတ်မှတ်လို့ မရဘူးလေ။ သူ့လောက်မချမ်းသာတဲ့သူတွေ၊ မအောင်မြင်တဲ့သူတွေက သတ်မှတ်ပေးရတာမဟုတ်လား။

တဲ . . . အဲဒီသူဌေးနဲ့ အဲဒီအောင်မြင်တဲ့သူကို လူသူမရှိတဲ့ ကျွန်းတစ်ကျွန်းကို ပို့ပေးကြည့်ပါလား။ သူတို့ဟာ အောင်မြင်တဲ့သူ၊ ချမ်းသာတဲ့သူလို့ ဆိုတာတွေဟာ အဓိပ္ပါယ်ဘယ်ရှိတော့မလဲ။ ဘာကြောင့်လဲဆိုတော့ သူတို့ကို အောင်မြင်တဲ့သူ၊ ချမ်းသာတဲ့သူအဖြစ် သတ်မှတ်ပေးကြမယ့်လူတွေ မရှိလို့ပါပဲ။ ဒါကြောင့် ကျွန်တော်တို့ လိုချင်တဲ့ အောင်မြင်ခြင်းတွေ၊ ကြီးပွားချမ်းသာခြင်းတွေ၊ နာမည်ဂုဏ်သတင်းကျော်ကြားခြင်းတွေဟာ ကျွန်တော်တို့ပိုင်ဆိုင်တဲ့ ကိုယ်ပိုင်ပစ္စည်းတွေ၊ ကိုယ်ပိုင်အရာတွေ မဟုတ်ကြပါဘူး။ လူတွေက သတ်မှတ်ပေးကြတဲ့ အရာတွေပဲ ဖြစ်ပါတယ်။

တဲ . . . ဒါဆိုရင် ကျွန်တော်တို့ လိုချင်၊ ပိုင်ဆိုင်ချင်တဲ့ အောင်မြင်ကျော်ကြားခြင်းတွေ၊ ကြီးပွားချမ်းသာခြင်းတွေဆိုတာ လူတွေဆီကနေ ရတယ်၊ လူတွေက ပေးလို့ရတယ်ဆိုတာ လက်ခံပြီနော်။

ဒီလိုဆိုရင် ကျွန်တော်တို့ကို အောင်မြင်ကျော်ကြားတွေ၊ ကြီး

ပွားချမ်းသာခြင်းတွေ ပေးကြမယ့်လူတွေနဲ့၊ လူအများနဲ့ အဆင်ပြေဖို့ ကိုယ့်ရဲ့ဆန္ဒအတိုင်း လူတွေပါလာဖို့၊ ကိုယ့်ကို လူတွေက ချစ်လာဖို့ အရေးကြီးလာပြီမဟုတ်လား။ တော်တော်ကလေးကို အရေးကြီးလာပါပြီ။

ဒီလောက်တောင် လူတွေနဲ့ပတ်သက်ပြီး အဆင်ပြေဖို့ စကားလုံးအကြီးတွေ ပြောနေတာဆိုတော့ လူမှုဆက်ဆံရေးပါရဂူလားလို့ မေးစရာ၊ ထောက်စရာ ရှိပါတယ်။ အဲဒီလောက်ကြီးလည်း အထင်ကြီးမသွားပါနဲ့ဦး။ ကျွန်တော်ဟာ အဲဒီလောက်ကြီးလည်း လူမှုဆက်ဆံရေးနဲ့ ပတ်သက်လို့ မကျွမ်းကျင်ပါဘူး။ ပညာလည်း မရှိပါဘူး။ ဉာဏ်လည်း မမီပါဘူး။

ဒါပေမဲ့ . . . ကျွန်တော်ဟာ ဗေဒင်ပညာနဲ့ အသက်မွေးဝမ်းကျောင်းပြုနေတဲ့ ဗေဒင်ဆရာတစ်ယောက်ဆိုတော့ ကျွန်တော် နားလည်တတ်ကျွမ်းတဲ့ ဗေဒင်၊ ယတြာပညာရပ်ဘက်ကနေပြီးတော့ လက်တွေ့အသုံးချအောင်မြင်ခဲ့တဲ့၊ လွယ်ကူရှင်းလင်းတဲ့ ယတြာနည်းအချို့ကို ပြောပြမှာဖြစ်ပါတယ်။

လူတွေနဲ့ပတ်သက်ပြီး လူတွေ ကိုယ့်ကိုချစ်လာဖို့၊ လူတွေနဲ့ အဆင်ပြေဖို့၊ ကိုယ့်ရဲ့ဆန္ဒအတိုင်း လူတွေပါလာဖို့ စတဲ့ ကိစ္စတွေအတွက် ကျွန်တော်သိသလောက်၊ တတ်သလောက် ပြောပြသွားမှာပါ။

တစ်ခါတလေ ကျွန်တော်တို့မှာ ငွေကြေးအခက်အခဲ ကြုံလို့ ကိုယ့်ထက် ပိုက်ဆံရှိတဲ့ မိတ်ဆွေအပေါင်းအသင်း ဒါမှမဟုတ် ဆွေမျိုးတစ်ဦးဦးစီမှာ ငွေသွားပြီး အကူအညီတောင်းမယ်ဆိုပါတော့။ အဲဒီ မိတ်ဆွေ၊ အဲဒီဆွေမျိုးက ကိုယ့်ကို ငွေပေးချင်လာဖို့၊ ငွေတွေ ပေးလာဖို့ အရေးမကြီးဘူးလားဗျာ။ တအား အရေးကြီးတာပေါ့။ ဒါဆိုရင် ကိုယ့်ကို ငွေအကူအညီပေးမယ့် ဆွေမျိုး ဒါမှမဟုတ် မိတ်ဆွေဟာ ကိုယ့်



ဘက်ကို ပါလာဖို့၊ ကိုယ့်ကို မေတ္တာရှိလာဖို့ ဒီလိုဖြစ်အောင် လုပ်ရတော့မှာပေါ့။

နောက်ပြီးတော့ အလုပ်မှာ ကိုယ့်ထက်ရာထူးကြီးတဲ့ လူကြီးတစ်ဦးရဲ့ထံကနေ အရေးကြီးတဲ့လက်မှတ်တစ်ခု လိုချင်လို့ အဲဒီလူကြီးရဲ့ထံကို လက်မှတ်ထိုးဖို့ သွားတဲ့အခါ ဒီလူကြီးက လက်မှတ်ထိုးပေးဖို့၊ လက်မှတ်ထိုးပေးချင်လာဖို့ အရေးကြီးတာပေါ့။

အဲဒီလို အကြောင်းကိစ္စတွေ အများကြီးရှိပါတယ်။ မိမိရဲ့ဆန္ဒအတိုင်း တစ်ဖက်လူ ကိုယ့်ဘက်ပါလာအောင် ကိုယ့်ကို ချစ်လာအောင်၊ ကိုယ့်ကို မေတ္တာရှိလာအောင် လိုအပ်တာပေါ့။ အရေးကြီးတာပေါ့။ ဒီခေါင်းစဉ်ရဲ့အောက်မှာ အများကြီးရှိပါတယ်။

ဒီတော့ ကျွန်တော်တို့ရဲ့ စီးပွားရေး၊ လူမှုရေး၊ သားရေး၊ သမီးရေး၊ ငွေရေးကြေးရေး၊ အချစ်ရေးကိစ္စတွေနဲ့ပတ်သက်လို့ လူတွေနဲ့ဆက်ဆံဖို့ အကြောင်းကိစ္စတွေ ပေါ်လာတဲ့အခါ မိမိစကား အောင်မြင်ဖို့၊ တစ်ဖက်လူ ကိုယ့်ဘက်ပါလာဖို့၊ ကိုယ့်ကို မေတ္တာရှိလာဖို့အတွက် အသုံးပြုရတဲ့ ဂမ္ဘီရနည်းတွေ၊ ယတြာနည်းတွေ အများကြီးရှိပါတယ်။ လွယ်ကူရှင်းလင်းထိရောက်တဲ့ နည်းအချို့ကို စေတနာကောင်းနဲ့ ပြောပြထားပါမယ်။ အဲဒီနည်းကတော့ မဟာရလောပ အတုလဆရာတော်ခင်ကြီးဖျော်ရဲ့ ယတြာနည်းပါ။

ကျွန်တော်တို့ဟာ တနင်္ဂနွေသားသမီးတစ်ဦးဦးဆီကို သွားပြီး အရေးကြီးတဲ့ စကားပြောတဲ့အခါ၊ အကူအညီသွားတောင်းတဲ့အခါမှာ အဲဒီတနင်္ဂနွေသားသမီးတစ်ဦးဦး ကိုယ့်ဘက်ပါလာဖို့၊ ကိုယ့်ကို မေတ္တာရှိလာဖို့အတွက်ဆိုရင် နံပါတ်တစ် ကံ့ကော်ညွှန့် ဆောင်သွားရပါမယ်။ နံပါတ်နှစ် စထွက်ထွက်ချင်းမှာ အရှေ့တောင်အရပ်ကို ခြေလှမ်းလေးငါးဆယ်လှမ်း လှမ်းပြီးမှ သူ့ဆီကို သွားပါ။ နံပါတ်သုံး

စကားပြောတဲ့အခါမှာလည်း တောင်အရပ်ကို မျက်နှာမူပြီး ပြောရပါမယ်။ ဒါဆိုရင် တနင်္ဂနွေသားသမီးအပေါ် ကိုယ်ပြောတဲ့စကား အောင်မြင်လာပါလိမ့်မယ်။ ကိုယ့်အပေါ် မေတ္တာရှိလာပါလိမ့်မယ်။

မိတ်ဆွေဘက်ကနေ ထပ်ပြီးမေးစရာရှိလာတာပေါ့။ သူ့ဆီကို မသွားဘဲနဲ့ တယ်လီဖုန်းကနေတစ်ဆင့် ပြောရင်ကောတဲ့၊ ရပါတယ်ဗျာ။ စောစောကပြောခဲ့သလိုပဲ ကံ့ကော်ညွန့်ဆောင်ထား၊ အရှေ့တောင်အရပ်ကို စထွက်ပြီးမှ တယ်လီဖုန်းရှိရာကို သွားပါ၊ တယ်လီဖုန်းပြောတဲ့အခါမှာလည်း တောင်ဘက်အရပ်ကို မျက်နှာမူပြီး ပြောလိုက်ရုံပါပဲဗျာ၊ ဒါပါပဲ၊ သိပ်မခက်ပါဘူး။

ကျန်တဲ့နေ့သားတွေအတွက်ကတော့ အောက်မှာ ဇယားလေးတစ်ခုနဲ့ ချပြီး ပြပေးထားပါတယ်။ မိတ်ဆွေ မှတ်ရတာ လွယ်ကူသွားတာပေါ့။

| မိတ်သွားပြောရမည့်နေ့သား | ဆောင်သွားရမည့် ပန်း | စထွက်ထွက်ချင်း ဦးတည်ပြီးသွားရမည့် အရပ် | မျက်နှာမူပြီး ပြောရမည့် အရပ် |
|---|---|---|---|
| ၁ နွေ | ကံ့ကော် | အရှေ့တောင်အရပ် | တောင်အရပ် |
| ၂ လာ | စံပယ် | တောင်အရပ် | အနောက်အရပ် |
| ၃ ဂါ | ရွှက်လှ | အနောက်အရပ် | မြောက်အရပ် |
| ၄ ဟူး | မေမြို့ | မြောက်အရပ် | အနောက်တောင်အရပ် |
| ၅ တေး | သပြေ | အနောက်တောင်အရပ် | အရှေ့မြောက်အရပ် |
| ၆ ကြာ | နှင်းဆီ | အရှေ့မြောက်အရပ် | အရှေ့အရပ် |
| စနေ | ဘုန်းညွန့် | အရှေ့အရပ် | အရှေ့တောင်အရပ် |



ဒါဆိုရင် မိတ်ဆွေ တော်တော်ရှင်းသွားပါပြီနော်၊ နောက်တစ်နည်းရှိသေးတယ်၊ အဲဒါကတော့ သူ့ထက်ပိုပြီး အဆင့်နည်းနည်းမြင့်သွားပြီ၊ တစ်ဖက်လူကို မုန်းနေရာကနေ ချစ်လာအောင်လုပ်တဲ့နည်းလေးတစ်ခုပါ၊ ကိုယ့်ကို မေတ္တာရှိလာအောင်လုပ်တဲ့နည်းပဲပေါ့။

ဥပမာ အဖေက ကိုယ့်ကို စိတ်ဆိုးနေတယ်ဆိုပါစို့၊ အဖေက ကိုယ့်ကို ချစ်လာအောင်၊ အလုပ်ရှင်က ကိုယ့်ကို ငြိုငြင်နေတယ်၊ ကြည်ဖြူလာအောင်၊ အိမ်ထောင်ဖက်နဲ့ အဆင်မပြေဖြစ်နေတယ်၊ အဆင်ပြေအောင်၊ သမီးရည်းစား မသင့်မတင့်ဖြစ်နေတယ်၊ အဆင်ပြေလာအောင် . . . စသည်ဖြင့်ပေါ့၊ အများကြီးသုံးလို့ရပါတယ်။

တနင်္ဂနွေသားသမီးတစ်ဦးဦးက ကိုယ့်ကို မုန်းနေမယ်ဆိုပါစို့၊ သူ့ကနေ ချစ်လာအောင်ဆိုရင် ကန်စွန်းရွက် ၅ ညွန့်ကို လျှော်ကြိုးနဲ့ချည်ပြီး စက္ကူနဲ့ပတ်၊ အဲဒီစက္ကူပေါ်မှာ ကိုယ်ဖြစ်ချင်တာရေးပြီး မီးဖိုပေါ် (၅) ရက် တင်ထားလိုက်ပါ။

အဲဒီမုန်းနေတဲ့ တနင်္ဂနွေသားသမီးဟာ ကိုယ့်ကို ချစ်လာလိမ့်မယ်၊ ပြန်ပြီးတော့ မေတ္တာရှိလာလိမ့်မယ်၊ ကဲ . . . ကျန်တဲ့နေ့သားတွေအတွက် အောက်မှာ ဇယားနဲ့တကွ ချပြီး ပြလိုက်ပါမယ်။

အခု ကျွန်တော် ချပြထားတဲ့ ဇယားကတော့ (၇) ရက်သားသမီးထဲက ဘယ်နေ့သားပဲဖြစ်ဖြစ် ကိုယ့်ကို မုန်းနေရာကနေ ချစ်လာအောင် လုပ်ယူတဲ့ ယတြာနည်းလမ်းကောင်းလေးပါပဲ။

| မိမိကို ချစ်စေချင် သော နေ့သား | လုပ်ရမည့် အစီအရင် | ထားရမည့် အရပ် | ထားရမည့် ရက် |
|---|---|---|---|
| ၁ နွေ | ကန်စွန်း ၅ ညွန့်ကိုလျှော်ကြိုးနဲ့ချည်၊ စက္ကူနဲ့ပတ်၊ | မီးဖိုပေါ် | ၅ ရက် |
| ၂ လာ | ဆေးလိပ် ၇ လိပ်ကို အင်ဖက်နှင့်ပတ်၊ | မီးဖိုပေါ်တင်ထား | ၇ ရက် |
| ၃ ဂါ | ရွက်လှ ၄၊ [illegible] ၅ သွပ်နန်းကြိုးနဲ့ချည်၊ | ချိုင့်ထဲ | ၉ ရက် |
| ၄ ဟူး | သပြေ ၁၀ ညွန့်ကို နီးနဲ့ချည်၊ | လေတိုက်တဲ့ပြတင်းပေါက်မှာချိတ် | ၁၀ ရက် |
| ၅ တေး | သပြေ ၆၊ နှင်းဆီ ၇၊ တုန်းရွက်နဲ့ ပတ်၊ | ရေထဲစိမ်ထား | ၁၃ ရက် |
| ၆ ကြာ | နှင်းဆီ ၇၊ တုန်း ၁၊ ချည်ကြိုးနဲ့ချည်၊ | ခွက်ထဲ နှစ်ထား | ၈ ရက် |
| စနေ | တုန်း ၁၀၊ ကံ့ကော် ၂ ကို စက္ကူနဲ့ပတ်၊ | ရေထဲ စိမ်ထား | ၃ ရက် |




# လူများများလာအောင်လို့

## " လူများများ လာအောင်လို့ "

ကဲ . . . မိတ်ဆွေ၊

ဒီတစ်ခါ မိတ်ဆွေကို ပြောပြချင်တာက ကျွန်တော်ဟာ ညစ်ညစ်ညတိုင်း အဓိဋ္ဌာန်ကလေးဘာလေးလုပ်၊ ကျင့်စဉ်ကလေးဘာလေး လုပ်ပြီးတာနဲ့ ငါ့မိတ်ဆွေတွေကို ငါ ဘာလုပ်ပေးရမလဲ၊ ငါ့မိတ်ဆွေတွေမှာ ဘာအခက်အခဲတွေ ရှိနေသလဲ၊ ဘယ်လိုလိုအင်ဆန္ဒတွေ ရှိနေသလဲ၊ ငါကရော ဘာလုပ်ပေးနိုင်မလဲ . . . စသည်ဖြင့် အမျိုးမျိုး စဉ်းစားမိပါတယ်။

ကျွန်တော်က ဗေဒင်ဆရာလေ၊ ကျွန်တော် တတ်ထားတဲ့ ပညာလေးတွေနဲ့ အကျိုးပြုချင်တယ်၊ တစ်ဖက်တစ်လမ်းကနေ ကူညီချင်တယ်၊

ဘာကြောင့်လဲဆိုတော့ မိတ်ဆွေပဲ စဉ်းစားကြည့်လေ၊ ကျွန်တော်တို့တတွေဟာ လူ့ဘဝကြီးမှာ ဖျမ်းမျှ နှစ် (၇၀) လောက် နေပြီး



ပြန်ထွက်သွားကြရမယ့်သူတွေချည်းပဲလေဗျာ၊

နှစ် (၇၀) ဆိုတာကလည်း ဘယ်လောက်မှမကြာပါဘူး၊ သကြ္ကန်အခါ (၇၀) ကျပြီးရင် ပြီးသွားပြီ၊ အခုလို လူ့ဘဝလေးမှာ ခဏတဖြုတ်နေရတုန်း လူတွေအားလုံး တစ်ဦးနဲ့တစ်ဦး ကူညီဖေးမကြပြီး နွေးနွေးထွေးထွေးကလေး နေသွားကြရင် ဘယ်လောက်များ ကောင်းလိုက်မလဲဗျာ၊ လူ့ဘဝဆိုတာ တကယ့်ကို ပျော်စရာ၊ ကြည်နူးပီတိဖြစ်စရာပေါ့ဗျာ၊

ကျွန်တော် ကွမ်းယာစားချင်လို့ ကွမ်းယာဝယ်ပြီး စားလိုက်တယ်၊ ဒီကွမ်းယာသည်ကလေးကလည်း ကျွန်တော်တို့လို စားချင်တဲ့ သူတွေကို တစ်ဖက်တစ်လမ်းကနေ အကျိုးပြုနေတာမဟုတ်လားဗျာ၊ ဖိနပ်ချုပ်ဆရာကလည်း ကျွန်တော်တို့ကို တစ်ဖက်တစ်လမ်းကနေ ကူညီနေတာပဲမဟုတ်လားဗျာ၊

အဲဒီကနေ ဆရာဝန်ကြီးတွေ၊ ပါရဂူကြီးတွေအထိဟာ ဒီလိုပဲ တစ်ဦးကိုတစ်ဦး ကူညီဖေးမနေကြတာပဲမဟုတ်လား၊ လောကကြီးအတွက်၊ လူ့ဘဝကြီးအတွက် ကျရာတာဝန်တွေကို ထမ်းဆောင်နေကြတာမဟုတ်လားဗျာ၊ လောကရဲ့တာဝန်တွေကို ထမ်းဆောင်နေရတာချင်းအတူတူ တစ်ဦးနဲ့တစ်ဦး သူ သာတယ်၊ ကိုယ် သာတယ်ဆိုတဲ့ အာယာတတွေ ရှိစရာမလိုတော့ပါဘူး၊ အားလုံးအားလုံးဟာ တာဝန်ကိုယ်စီနဲ့ ကျွေပွန်စွာထမ်းဆောင်နေရတဲ့သူတွေပါပဲဗျာ၊ ဘယ်လောက်များ ချစ်စရာကောင်းလိုက်သလဲဗျာ၊ ကျွန်တော်က ဗေဒင်ဆရာနော်၊ ဒီတော့ ဗေဒင်ဆရာဘက်ကနေပြီးတော့ တာဝန်ကျေပွန်အောင် ထမ်းဆောင်မယ်ဗျာ၊

တစ်နေ့က ကျွန်တော် တီဗွီကို ခဏတဖြုတ် ရပ်ပြီးကြည့်မိတယ်၊ စီးပွားရေးလုပ်ငန်းတွေကနေ အမျိုးမျိုးကြော်ငြာနေကြတာတွေ

ကို တွေ့ရတယ်။ ဘာလို့ငွေတွေအများကြီး အကုန်ခံပြီး ကြော်ငြာနေကြတာလဲ။ လူအများကြိုက်အောင်လို့ပေါ့။ များများကြိုက်တော့ များများရောင်းရတာပေါ့။ များများရောင်းရတော့ များများအောင်မြင်တာပေါ့။

ဟုတ်ပြီ။ အဲဒီအချိန် ကျွန်တော့်မျက်လုံးထဲမှာ ကျွန်တော့်မိတ်ဆွေတွေရဲ့ မျက်နှာတွေ တသီကြီးပေါ်လာတော့တာပဲဗျို့။ လက်ဖက်ရည်ဆိုင်မှာ လူများများ ဝင်ချင်တဲ့သူတွေ၊ စားသောက်ဆိုင်မှာ လူများများ ဝင်ချင်တဲ့သူတွေ၊ အလှပြင်ဆိုင်၊ စတိုးဆိုင်၊ ဈေးဆိုင်၊ ဗွီဒီယိုရုံ၊ ရုပ်ရှင်ရုံ၊ တီဗီဂိမ်းဆိုင် စသည်ဖြင့် ဒီလိုလုပ်ငန်းတွေလုပ်နေတဲ့ ကျွန်တော့်မိတ်ဆွေတွေရဲ့ မျက်နှာတွေကို တမ်းပြီးမြင်ယောင်မိတာပါပဲဗျာ။

ကျွန်တော့်မိတ်ဆွေတွေ လူများများလာတာ၊ ဝင်တာ၊ ဝယ်တာကို အလိုရှိနေတယ်လေ။ အဲဒီအထဲမှာ ကျွန်တော်နဲ့ ဘဝတူ ဗေဒင်ဆရာတွေရဲ့မျက်နှာတွေကိုလည်း မြေးပြီးမြင်မိတယ်ဗျို့။

ဗေဒင်ဆရာလည်း ဆိုင်မှာ လူဝင်ဖို့ အရေးကြီးတယ်နော်။ ဒါမှလည်း ဉာဏ်ပူဇော်ခ များများရမှာ။ ဒီပညာ၊ ဒီလုပ်ငန်းနဲ့ အသက်မွေးဝမ်းကျောင်းပြုနေရတာမဟုတ်လား။

လူများများလာစေတဲ့ ယတြာဓာတ်ရိုက်ဓာတ်ဆင်နည်းတွေက အများကြီးပေါ့ဗျာ။ အနောက်တိုင်းနည်းတွေရော၊ အရှေ့တိုင်းနည်းတွေရော၊ မြန်မာနည်းတွေရော စုံနေအောင်ပါပဲ။ ဒီထဲမှာမှ ကျွန်တော်လက်တွေ့အသုံးချလို့ ထိရောက်အောင်မြင်တဲ့နည်းအချို့ကို ပြောပြပေးပါမယ်။ မိတ်ဆွေကို နားရှုပ်အောင် ပညာရပ်အခေါ်အဝေါ်တွေနဲ့ မပြောဘဲ လွယ်ကူတဲ့ စကားလုံးတွေနဲ့ပဲ ပြောပြမယ်ဗျာ။

ကဲ . . . ဘယ်လိုနေရာပဲဖြစ်ဖြစ် (ဆေးရုံ၊ ဆေးခန်း၊ ရဲစခန်း မပါပေါ့နော်) လူများများလာစေချင်တယ်၊ ဝင်စေချင်တယ်ဆိုရင် ထန်း



ရွက်ပေါ်မှာ လူများများလာစေဆိုပြီး ကြိုက်တာနဲ့ ရေးပါ။ အဲဒီထန်းရွက်နဲ့ သပြေ (၁၁) ညွန့်ကို ပတ်ပါ၊ ချည်ပါ။ ပြီးရင် လေတိုက်တဲ့နေရာမှာ လေဓာတ်ရအောင် ချိတ်ပေးလိုက်ပါ။ လူတွေ လာလွန်းလို့မောင်းတောင်ထုတ်နေရဦးမယ်။

နောက်တစ်ခုရှိပါသေးတယ်။ လုပ်ငန်းရဲ့လုပ်ခငွေ (လာဘ်ဦးလာဘ်ဖျားဆိုရင် ပိုပြီးကောင်းပါတယ်) ကို ကလပ်ပေါ်တင်ပြီးရင် အဲဒီအပေါ်မှာ ခေါင်းလောင်းနဲ့ ဖိထားပါ။ အားတဲ့အခါ ဒီခေါင်းလောင်းကို လှုပ်ပြီးတီးပေးပေါ့။ ဒါဆိုရင်လည်း လူတွေ ဝင်လာမှာ မုချပါပဲ။

နောက်တစ်ခုက ဝါးကျည်တောက်တစ်ခုကို ကသစ်သားနဲ့ခေါက်ပြီး ဆုတောင်းရင်လည်း လူတွေ ဝင်လာမှာ ကေန်မုချမလွဲပါပဲ။

နောက်တစ်ခုကတော့ ကိုယ့်လုပ်ငန်းရဲ့ ကောင်တာခုံ၊ စားပွဲမြင့်မြတ်တဲ့နေရာမှာ ဆင်ရုပ်တစ်ခု တင်ထားရင်လည်း လူတွေ လာစေပါတယ်။

နောက်တစ်ခု . . .။ ဆိုင်ထဲမှာ လကြေးပြားကို မီးရှို့ဆုတောင်းရင်လည်း လူတွေ များများဝင်လာပါသတဲ့ဗျာ။

နောက်တစ်ခု . . .။ လုပ်ငန်းမှာ၊ ဆိုင်မှာ လူတွေများများပါဝင်တဲ့ ပိုစတာတွေ၊ ပန်းချီပုံတွေ ချိတ်ထားရင်လည်း လူတွေ များများဝင်လာစေပါသတဲ့ဗျား။

ကဲ . . . ကျွန်တော်သိတာ ဒါအကုန်ပဲဗျို့။ ဒါဆိုရင် မိတ်ဆွေလည်း ဖတ်ရကျိုး၊ နားထောင်ရကျိုး နပ်ပါပြီ။ ကျွန်တော်လည်း မောရကျိုး၊ ပင်ပန်းရကျိုး နပ်ပါပြီ။ ကျွန်တော်တို့ကို ပညာသင်ပေးတဲ့ အဘဆရာကြီးမင်းသိခ်လည်း သင်ပေးရကျိုး နပ်ပါပြီ။

အခု ကျွန်တော် ပြောပြတဲ့နည်းတွေဟာ မိတ်ဆွေရဲ့ ဘဝ၊ မိတ်ဆွေရဲ့ မိသားစုဘဝ၊ မိတ်ဆွေရဲ့ လုပ်ငန်းဆောင်တာအသီးသီးတို

အကျိုးပြုတယ်။ အထောက်အကူပြုတယ်ဆိုရင် ကျွန်တော် ဗေဒင်ဆရာတစ်ယောက်အနေနဲ့ ဒါမှမဟုတ် လူတစ်ယောက်အနေနဲ့ စောစောက ပြောခဲ့သလို လောကရဲ့တာဝန်၊ ဗေဒင်ဆရာတစ်ယောက်ရဲ့ တာဝန် ကျေပါတယ်နော်။ ဒါဆိုရင် ကျွန်တော်လည်း အများကြီး အများကြီး ကြည်နူးရပါသတဲ့ဗျား . . . ။ ။



# အောင်မြင်စေမည့် အရောင်များ

## " အောင်မြင်စေမည့် အရောင်များ "

ကဲ . . . မိတ်ဆွေ။

ဒီတစ်ခါ မိတ်ဆွေကို ပြောပြချင်တာကတော့ မိတ်ဆွေလည်း သိပြီးသားပါ။ ကျွန်တော်ဟာ ဗေဒင်ပညာရပ်နဲ့ အသက်မွေးဝမ်းကျောင်း ပြုပြီး ရပ်တည်နေရတဲ့ ဗေဒင်ဆရာတစ်ယောက်ပါ။

ဒီတော့ ကျွန်တော့်ရဲ့ ဗေဒင်ဆရာသက်တမ်းတစ်လျှောက်မှာ နေ့စဉ်နဲ့အမျှ အမေးခံနေရတာ၊ ဖြေနေရတာတွေကတော့ အရောင်နဲ့ပတ်သက်လို့ပါပဲ။

“ကျွန်မနဲ့ အကျိုးပေးတဲ့အရောင် သိချင်လို့၊ ကျွန်တော်နဲ့ အကျိုးပေးတဲ့အရောင် သိချင်လို့” စသည်ဖြင့် မေးမြန်းနေကြတာ နေ့စဉ်နဲ့အမျှပါပဲ။ ဘာကြောင့်လဲဆိုတော့ အရောင်တွေထဲမှာလည်း ကိုယ့်ကို အကျိုးမပေးတဲ့အရောင်(Unlucky Colour)ဆိုတာ ရှိတယ်။ အကျိုးပေး ကံတက်စေတဲ့အရောင် (Lucky Colour) ဆိုတာလည်း



ရှိတယ်လေဗျာ။ ဒါကတော့ မိတ်ဆွေလည်း သိပြီးသားပါ။

နောက်ပြီး အရောင်တွေမှာလည်း သူ့ရဲ့ အရောင်အလိုက် ပင်ကိုယ်စွမ်းရည်တွေ၊ အာနိသင်တွေက ရှိပြီးသားပါ။ အနီရောင်ဆိုရင် သတ္တိရှိတဲ့၊ ရဲဝံ့စွန့်စားရဲတဲ့၊ ရှုပ်ရှုပ်ချွံချွံလုပ်တဲ့၊ သူရဲကောင်းစိတ်ရှိတဲ့ သဘောတွေ သက်ဝင်နေတယ်။

အစိမ်းရောင်ဆိုရင် အေးချမ်းခြင်း၊ စိမ်းကားခြင်း၊ လတ်ဆတ်ခြင်းဆိုတဲ့ သဘော၊ အဝါရောင်ဆိုရင် သီလရှိတဲ့၊ ဘာသာရေး ကိုင်းရှိုင်းတဲ့၊ မြင့်မြတ်တဲ့သဘော၊ အဖြူရောင်ဆိုရင် ပညာရှိတဲ့သဘော၊ စိတ်နှလုံးဖြူစင်မြင့်မြတ်တဲ့သဘောတွေ ကိန်းဝပ်နေပါတယ်။

ဒါကတော့ မိတ်ဆွေလည်း သိပြီးသားဖြစ်မှာပါ။ နောက်ပြီး လူတစ်ယောက်ဟာ ဘယ်လိုအရောင်ကို သဘောကျနှစ်သက်လဲဆိုတာ သိရင် အဲဒီလူရဲ့ စိတ်နေသဘာဝနဲ့ ခံစားချက်ကိုလည်း ခန့်မှန်းလို့ရပါတယ်။ အနီရောင်ကြိုက်တဲ့သူဆိုရင် ရဲရင့်မယ်၊ တည်ကြည်မယ်၊ သူရဲကောင်းစိတ်ရှိမယ်၊ ယှဉ်ပြိုင်လိုစိတ်ရှိမယ်၊ အပြာရောင်ကြိုက်တယ်ဆိုရင် ငြိမ်းချမ်းရေးကို မြတ်နိုးသူ၊ အေးအေးချမ်းချမ်းနေလိုသူဖြစ်မယ် . . . စသည်ဖြင့်ပေါ့လေ။ ခန့်မှန်းလို့ ရပါတယ်။

ဒါတွေကိုလည်း အလျဉ်းသင့်ရင် သင့်သလို ပြောပြပေးသွားပါမယ်။

အခုက ကျွန်တော်ပြောပြချင်တာက အဲဒါတွေမဟုတ်ဘူး။ မိတ်ဆွေအတွက် ဘယ်လိုအရောင်တွေက အကျိုးပေးကံတက်စေသလဲဆိုတာပဲ ပြောပြမယ်။ ဒါမှလည်း မိတ်ဆွေအတွက် အကျိုးရှိမယ် မဟုတ်လား။

တစ်ဦးချင်းအတွက် ကံတက်စေတဲ့၊ အောင်မြင်စေတဲ့၊ အကျိုးပေးတဲ့ အရောင် (Lucky Colour) ကို ရွေးချယ်တဲ့အခါမှာ ဗေဒင်

ဆရာအမျိုးမျိုးအလိုက် အားကိုးအားထားပြု သုံးစွဲတဲ့ ပညာရပ်အသီးသီးအလိုက် အမျိုးမျိုးကွဲလွဲနေတာကို တွေ့ရပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် မိတ်ဆွေသိအောင်တော့ ပြောပြပေးရမှာပါပဲ။

'ဝါ၊ စိမ်း၊ နီကိုပဲ သုံး'လို့ ပြောဖူးပါတယ်။ ဝါ၊ စိမ်း၊ နီက ဒုက္ခကိုနိုင်တဲ့၊ မကောင်းတဲ့ဆိုးကျိုးတွေကို ကာကွယ်နိုင်တဲ့ အရောင်တွေပါပဲ။ ဒီတော့ မိတ်ဆွေအနေနဲ့ ဝါ၊ စိမ်း၊ နီကိုပဲ သုံးပါလို့ အကြံပေးပါရစေ။

နောက်တစ်ခု ရှိသေးတယ်။ ဒီအထဲမှာမှ ကိုယ့်ရဲ့လုပ်ငန်းအခြေအနေနဲ့ ပတ်သက်ပြီးတော့ အားပြုပြီး သုံးရမှာတွေ ရှိသေးတယ်နော်။ ယှဉ်ပြိုင်ရမယ့်ကိစ္စအခြေအနေဆိုရင် အနီရောင်ကို အားပြုပြီး သုံးမှာပေါ့။ ဘာသာရေးနဲ့၊ သီလ၊ သမာဓိနဲ့ ပတ်သက်လာရင်တော့ အဝါရောင်၊ ရွှေရောင်ကို သုံးမှာပေါ့။ ဒီလိုတော့ ရှိသေးတာပေါ့။

နောက်တစ်ခုက ငွေချစ်တဲ့အရောင်(Money Colour) ဆိုတာ တစ်ကမ္ဘာလုံးမှာရှိတဲ့၊ တန်ဖိုးကြီးတဲ့ ငွေစက္ကူတွေဟာ အစိမ်းရောင်တွေပဲဖြစ်နေတာ တွေ့ရပါတယ်။ ဒီတော့ အဘဆရာကြီးက -

"အစိမ်းရောင်ဟာ ငွေချစ်တဲ့အရောင်လို့လည်း ပြောဖူးပါတယ်။ ကိုယ့်ရဲ့ဆိုင်တွေ၊ လုပ်ငန်းတွေ၊ အိမ်တွေမှာ ငွေဝင်လာဘ်ရွှင်အောင် အစိမ်းရောင်များများ သုံးခိုင်းပါတယ်။ မိတ်ဆွေလည်း ငွေဝင်လာဘ်လာဘရွှင်ချင်ရင် အစိမ်းရောင်များများသုံးပါလို့ အကြံပေးပါရစေ။

နောက်တစ်ခု . . .။ ဒါကတော့ တစ်ဦးချင်းအတွက် အကျိုးပေးကံတက် အောင်မြင်စေတဲ့ အရောင်ရွေးချယ်တာပါပဲ။ ကမ္ဘာကျော်လက္ခဏာဆရာကြီး ကိုင်ရိုကတော့ လူတွေရဲ့ အင်္ဂလိပ် မွေးရက်၊ မွေးဂဏန်းကိုကြည့်ပြီး ရွေးချယ်ပေးပါတယ်။ ကဲ ကမ္ဘာကျော်လက္ခဏာဆရာကြီးကိုင်ရို ဘယ်လိုအရောင်ရွေးပေးခဲ့သလဲဆိုတာကို ကြည့်ရအောင်။



အင်္ဂလိပ်မွေးရက် ၁၊ ၁၀၊ ၁၉၊ ၂၈ ရက်မှာ မွေးရင် အဝါရောင်၊ ရွှေရောင်၊ လိမ္မော်ရောင်။

အင်္ဂလိပ်မွေးရက် ၂၊ ၁၁၊ ၂၀၊ ၂၉ ရက်မှာ မွေးရင် အဖြူရောင်၊ နုံ့သာရောင်၊ အစိမ်းရောင်။

အင်္ဂလိပ်မွေးရက် ၃၊ ၁၂၊ ၂၁၊ ၃၀ ရက်မှာ မွေးရင် မရမ်းရောင်၊ ပန်းရောင်၊ အပြာရောင်၊ အနီရောင်။

အင်္ဂလိပ်မွေးရက် ၄၊ ၁၃၊ ၂၂၊ ၃၁ ရက်မှာ မွေးရင် အဝါရောင်၊ မီးခိုးရောင်၊. အပြာနုရောင်။

အင်္ဂလိပ်မွေးရက် ၅၊ ၁၄၊ ၂၃ ရက်မှာ မွေးရင် အဖြူရောင်၊ မီးခိုးရောင်၊ အရောင်စုံ။

အင်္ဂလိပ်မွေးရက် ၆၊ ၁၅၊ ၂၄ ရက်မှာ မွေးရင် အဖြူရောင်၊ အပြာရောင်၊ မရမ်းရောင်။

အင်္ဂလိပ်မွေးရက် ၇၊ ၁၆၊ ၂၅ ရက်မှာ မွေးရင် အစိမ်းရောင်၊ အဖြူရောင်၊ အဝါရောင်၊ မည်းပြာရောင်။

အင်္ဂလိပ်မွေးရက် ၈၊ ၁၇၊ ၂၆ ရက်မှာ မွေးရင် အနက်ရောင်၊ နက်ပြာရောင်၊ ခရမ်းရောင်။

အင်္ဂလိပ်မွေးရက် ၉၊ ၁၈၊ ၂၇ ရက်မှာ မွေးရင် ကြက်သွေးရောင်၊ အနီရောင်၊ ပန်းရောင်တွေ အကျိုးပေးပါတယ်။

မိတ်ဆွေရဲ့ အင်္ဂလိပ်မွေးရက်သိတာနဲ့ ဘယ်အရောင်က အကျိုးပေးသလဲဆိုတာ ရွေးချယ်လို့ရတာပေါ့။

သိတော့ ဘာလုပ်မလဲတဲ့ . . .။ သိတော့ ဝတ်စားဆင်ယင်တာပဲဖြစ်ဖြစ်၊ ကားဝယ်စီးတာပဲဖြစ်ဖြစ်၊ တိုက်၊ အိမ်၊ ဆိုင်၊ လုပ်ငန်း

တွေမှာ သုံးတာပဲဖြစ်ဖြစ် မိတ်ဆွေ ညာဏ်ရှိရင် ရှိသလို သုံးလို့ရတာပေါ့ဗျာ . . . ။ ။



# အကျိုးပေးစေမည့် အရောင်များ

## "အောင်မြင်စေမယ့် အရောင်များ"

ကဲ . . . . မိတ်ဆွေ။

မိတ်ဆွေအတွက် အကျိုးပေးမယ့် အရောင်တွေ ပြောပြပြီးပြီနော်။ အခုတစ်ခါ စီးပွားတက်စေမယ့်၊ အိမ်တွင်းသာယာစိုပြည်စေမယ့်၊ ဘုရားစင်မှာ သုတ်ရမယ့် အရောင်၊ နေ့အလိုက်၊ အချိန်အလိုက် အကျိုးပေးမယ့်၊ ကံ အသာစီးရမယ့် အရောင်တွေကို ပြောပြပါဦးမယ်။

တကယ်လို့ မိတ်ဆွေဟာ အိမ်တစ်အိမ်ရဲ့ အိမ်ထောင်ဦးစီးဖြစ်မယ်ဆိုရင် မိတ်ဆွေက ဘာနေ့သားလဲ။ သိပြီဆိုတာနဲ့ ဘုရားစင်မှာ စီးပွားတက်အောင် သုတ်ရမယ့် အရောင်ကို ရွေးချယ်လို့ ရပါပြီ။

တနင်္ဂနွေ သားသမီးဆိုရင်တော့ အဝါရောင်၊ အဖြူရောင်။

တနင်္လာ သားသမီးဆိုရင်တော့ အဝါရောင်၊ အဖြူရောင်၊ အပြာရောင်။

အင်္ဂါ သားသမီးဆိုရင်တော့ အပြာရောင်၊ အနက်ရောင်၊ အညိုရောင်၊ ဖြူနီကြားအရောင်။



ဗုဒ္ဓဟူးသားသမီးဆိုရင်တော့ အနီရောင်၊ အနက်ရောင်၊ အစိမ်းရောင်။

ကြာသပတေးသားသမီးဆိုရင်တော့ အဖြူရောင်၊ အနီရောင်၊ အဝါရောင်။

သောကြာသားသမီးဆိုရင်တော့ အဖြူရောင်၊ အညိုရောင်၊ ဖြူနီကြားရောင်၊ အပြာရောင်။

စနေသားသမီးဆိုရင်တော့ အစိမ်းရောင်၊ အညိုရောင်၊ အနက်ရောင်။

ဒါတွေကို သုတ်ရပါမယ်။ ဒီအထဲမှာမှ လှလှပပကလေးဖြစ်အောင်တော့ မိတ်ဆွေကြိုက်တဲ့အရောင်ကို အားပြုပြီး အဓိကထားသုံးလို့ရပါတယ်။ ဒါဆိုရင် အိမ်တွင်းရေးသာယာမယ်။ အန္တရာယ်ကင်းမယ်။ စီးပွားတက်မယ်။ ချမ်းသာကြွယ်ဝမယ်။ အများကြီး အများကြီး အကျိုးရှိတာပေါ့ဗျာ။

နောက်တစ်ခုက နေ့အလိုက် အကျိုးပေးတဲ့၊ ကံဇာတာတက်စေတဲ့၊ အောင်မြင်စေတဲ့ အရောင်တွေကိုလည်း ပြောပြပေးပါ့မယ်။

ဒါတွေသိရင် ဘာလုပ်မှာလဲတဲ့။ မိတ်ဆွေ ဉာဏ်ရှိရင် ရှိသလို သုံးလို့ရတာပေါ့ဗျာ။ ပြိုင်ပွဲဝင်တဲ့အခါ၊ စာမေးပွဲဖြေတဲ့အခါ၊ အင်တာဗျူး ဖြေတဲ့အခါ၊ အလုပ်လျှောက်တဲ့အခါ၊ လူကြီးနဲ့တွေ့တဲ့အခါ၊ အမှုကိစ္စရုံးချိန်းခေါ်တဲ့အခါ၊ အရေးကြီးတဲ့ကိစ္စတွေ ပြောဆိုဆောင်ရွက်တဲ့အခါမှာ သုံးလို့ရတာပေါ့။ အနည်းဆုံး ဝတ်စားဆင်ယင်တဲ့အခါမှာလည်း သုံးလို့ရပါတယ်။

တနင်္ဂနွေနေ့ဆိုရင် ရွှေရောင်၊ ရွှေအိုရောင်၊ အဝါရင့်၊ ချောကလက်ရောင်။

တနင်္လာနေ့ဆိုရင် အဖြူဖျော့၊ အဖြူပါတဲ့အရောင်၊ အပြာ

ရောင်။

အင်္ဂါနေ့ဆိုရင် အမှိုင်းရောင်၊ အနက်ရောင်၊ နက်ပြာရောင်၊ ကောဖီခါးရောင်။

ဗုဒ္ဓဟူးနေ့ဆိုရင် ပန်းရောင်၊ အနီရောင်၊ နီညိုရောင်၊ ကြေးနီရောင်၊ စတော်ဘယ်ရီရောင်။

ကြာသပတေးနေ့ဆိုရင် အဖြူရောင်၊ ငွေရောင်။

သောကြာနေ့ဆိုရင် မီးခိုးရောင်၊ အဝါရောင်၊ အအားရောင်၊ ချောကလက်ရောင်၊ မီးကျိုးရောင်၊ ရေညှိရောင်၊ ဖျော့တဲ့အရောင်။

စနေနေ့ဆိုရင် အစိမ်း၊ စိမ်းပြာရောင်၊ ဖက်ဖူးရောင်၊ စစ်သမီးရောင်၊ ကျောက်စိမ်းရောင်၊ အပြာရောင်၊ ပြာလဲ့လဲ့အရောင်။

ဒါတွေကတော့ နေ့အလိုက် ကံအသာစီးရစေတဲ့၊ အကျိုးပေးအောင်မြင်စေမယ့် လပ်ကီးကာလာတွေပေါ့ဗျာ။ ဒါတွေ ဆောင်သင့်တယ်၊ ဝတ်ဆင်သင့်တယ်ပေါ့။

ကဲ . . . နောက်တစ်ခုကတော့ အချိန်အလိုက် အကျိုးပေးအောင်မြင်စေတဲ့ အရောင်တွေကို ပြောပြပါမယ်။ ဒါတွေသိရင်လည်း မိတ်ဆွေ ဉာဏ်ရှိရင် ရှိသလို သုံးလို့ရပါတယ်။ မိတ်ဆွေကို နားရှုပ်အောင် အင်္ဂဝိဇ္ဇာတိုင်ထူတာတွေ၊ အခါဖမ်းတာတွေ၊ ဘာတွေ မပြောပြတော့ပါဘူးဗျာ။ ခေါ်တာကတော့ အင်္ဂဝိဇ္ဇာပညာပေါ့ဗျာ။ သူက အချိန်ကို တစ်နာရီခွဲနဲ့ ပိုင်းတာရှိတယ်၊ လေးမိနစ်နဲ့ပိုင်းတာရှိတယ်။ အခု ကျွန်တော် ပြောပြမှာက တစ်နာရီခွဲဇယားပေါ့ဗျာ။

ဖော်ပြပါ ဇယားအတိုင်းဆိုရင် တနင်္ဂနွေနေ့မနက် ဒါမှမဟုတ် ည ၆ နာရီကနေ ၇ နာရီခွဲအတွင်းမှာဆိုရင် ရွှေရောင်၊ ရွှေညိုရောင်၊ အဝါရောင်တွေ အကျိုးပေးတာပေါ့။ ဒီအရောင်တွေက ကံအသာစီးရနေတာ၊ ကံတက်နေတာပေါ့။ အောင်မြင်စေမှာပေါ့။



ကဲ . . . ဒါဆိုရင် ကျွန်တော် ဗေဒင်ဆရာတစ်ယောက်အနေနဲ့ မိတ်ဆွေကို အကျိုးရှိစေမယ့် အရောင်တွေ ရွေးချယ်တာနဲ့ပတ်သတ်ပြီး မချွင်းမချန် ပြောပြပြီးပြီနော်။

ကျွန်တော် ဒီဗေဒင်လက္ခဏာပညာရပ်တွေနဲ့ ကျွန်တော့်ရဲ့ ဘဝကို အသက်မွေးဝမ်းကျောင်းပြု ရပ်တည်နေတာပါလို့ မိတ်ဆွေကို ပြောပြပြီးပြီနော်။ ဒါတွေဟာလည်း ကျွန်တော် ထမင်းစားနေတဲ့ အသက်မွေးနေရတဲ့ ပညာရပ်တွေပါပဲ။

ဒါတွေကို အိတ်သွန်ဖာမှောက် ပြောပြပေးတာပါ။ ဘာကြောင့်လဲဆိုတော့ ကျွန်တော့်မိတ်ဆွေတွေအားလုံးကို ကျွန်တော်နဲ့တွေ့ဆုံပြီး တွက်ချက်ရွေးချယ်ပေးလို့ မရဘူး။ ဖြစ်လည်းမဖြစ်နိုင်ဘူးလေဗျာ။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်က တစ်ယောက်တည်းမဟုတ်လားဗျာ။

ကဲ . . . ဒီတော့ မိတ်ဆွေရဲ့ဘဝ၊ မိတ်ဆွေရဲ့မိသားစုဘဝကို ဒီအရောင်တွေက များစွာအကျိုးပြုနိုင်ပါစေ . . . ။ ။

| | ၆:၀၀ နာရီမှ ၇:၃၀ နာရီ အတွင်း | ၇:၃၀ နာရီမှ ၉:၀၀ နာရီ အတွင်း | ၉:၀၀ နာရီမှ ၁၀:၃၀ နာရီ အတွင်း | ၁၀:၃၀ နာရီမှ ၁၂:၀၀ နာရီ အတွင်း | ၁၂:၀၀ နာရီမှ ၁:၃၀ နာရီ အတွင်း | ၁:၃၀ နာရီမှ ၃:၀၀ နာရီ အတွင်း | ၃:၀၀ နာရီမှ ၄:၃၀ နာရီ အတွင်း | ၄:၃၀ နာရီမှ ၆:၀၀ နာရီ အတွင်း |
|---|---|---|---|---|---|---|---|---|
| တနင်္ဂနွေနေ့ | အဝါ ရွှေရောင်၊ ရွှေကသောက်ရောင် | မီးခိုး အဝါနုငှဲ ရေညှိ အသားရောင် ရွှေကသောက်ရောင် | ပန်းရောင်၊ အနီ နီညို ကြက်သွေး စတော်ဘယ်ရီ | အဖြူ အပြာ အဖြူပါသော အရောင် | အစိမ်း စိမ်းပြာ ခေါ်ရမ အပြာ စိမ်းပြာ ပြာလဲ့လဲ့ | အဖြူရောင်၊ ငွေရောင် | အနက် နက်ပြာ အညိုရင့် ကော်ဖီမီးရောင် | အဝါ ရွှေရောင်၊ ရွှေဝါရောင်၊ ရွှေကသောက်ရောင် |
| တနင်္လာနေ့ | အဖြူ အဖြူရောင် အဖြူရော အဖြူပါသောအရောင် | အစိမ်း စိမ်းပြာ ခေါ်ရမ အပြာ ပြာလဲ့လဲ့အရောင် | အဖြူရောင်၊ ငွေရောင် | အနက် နက်ပြာ အညိုရင့် ကော်ဖီမီးရောင် | အဝါ ရွှေရောင် ရွှေဝါရောင်၊ ရွှေကသောက်ရောင် | မီးခိုး အဝါနု ရေညှိ ငှဲ အသားရောင် | ပန်းရောင်၊ အနီ နီညို ကြက်သွေး စတော်ဘယ်ရီ | အဖြူ အပြာ အဖြူရောင် အဖြူပါသောအရောင် |
| အင်္ဂါနေ့ | အနက် နက်ပြာ အညိုရင့် ကော်ဖီမီးရောင် | အဝါ ရွှေရောင်၊ ရွှေကသောက် အရောင် | မီးခိုး အဝါနု ငှဲ ရေညှိ အသားရောင် | ပန်းရောင်၊ အနီ နီညို ကြက်သွေး စတော်ဘယ်ရီ | အဖြူ အပြာ အဖြူရောင် အဖြူပါသောအရောင် | အစိမ်း စိမ်းပြာ ခေါ်ရမ အပြာ ပြာလဲ့လဲ့အရောင် | အဖြူရောင်၊ ငွေရောင် | အနက် နက်ပြာ အညိုရင့် ကော်ဖီမီးရောင် |
| ဗုဒ္ဓဟူးနေ့ | ပန်းရောင်၊ အနီ နီညို ကြက်သွေး စတော်ဘယ်ရီ | အဖြူ အပြာ အဖြူရောင် အဖြူပါသောအရောင် | အစိမ်း စိမ်းပြာ ခေါ်ရမ အပြာ ပြာလဲ့လဲ့အရောင် | အဖြူရောင်၊ ငွေရောင် | အနက် နက်ပြာ အညိုရင့် ကော်ဖီမီးရောင် | အဝါ ရွှေရောင်၊ ရွှေကသောက် အရောင် | မီးခိုး အဝါနု ငှဲ ရေညှိ အသားရောင် | ပန်းရောင်၊ အနီ နီညို ကြက်သွေး စတော်ဘယ်ရီ |
| ကြာသပတေးနေ့ | အဖြူရောင်၊ ငွေရောင် | အနက် နက်ပြာ အညိုရင့် ကော်ဖီမီးရောင် | အဝါ ရွှေရောင်၊ ရွှေကသောက် အရောင် | မီးခိုး အဝါနု ငှဲ ရေညှိ ရွှေကသောက်ရောင် | ပန်းရောင်၊ အနီ နီညို ကြက်သွေး စတော်ဘယ်ရီ | အဖြူ အပြာ အဖြူရောင် အဖြူပါသောအရောင် | အစိမ်း စိမ်းပြာ ခေါ်ရမ အပြာ ပြာလဲ့လဲ့အရောင် | အဖြူရောင်၊ ငွေရောင် |
| သောကြာနေ့ | မီးခိုး အဝါနု ငှဲ ရေညှိ အသားရောင်၊ ရွှေကသောက်ရောင် | ပန်းရောင်၊ အနီ နီညို ကြက်သွေး စတော်ဘယ်ရီ | အဖြူ အပြာ အဖြူရောင် အဖြူပါသောအရောင် | အစိမ်း စိမ်းပြာ ခေါ်ရမ အပြာ ပြာလဲ့လဲ့အရောင် | အဖြူရောင်၊ ငွေရောင် | အနက် နက်ပြာ အညိုရင့် ကော်ဖီမီးရောင် | အဝါ ရွှေရောင်၊ ရွှေကသောက်အရောင် | မီးခိုး အဝါနု ငှဲ ရေညှိ အသားရောင် |
| စနေနေ့ | အစိမ်း စိမ်းပြာ ခေါ်ရမ အပြာ ပြာလဲ့လဲ့ | အဖြူရောင်၊ ငွေရောင် | အနက် နက်ပြာ အညိုရင့် ကော်ဖီမီးရောင် | အဝါ ရွှေရောင်၊ ရွှေကသောက် အရောင် | မီးခိုး အဝါနု ငှဲ ရေညှိ အသားရောင် | ပန်းရောင်၊ အနီ နီညို ကြက်သွေး စတော်ဘယ်ရီ | အဖြူ အပြာ အဖြူရောင် အဖြူပါသောအရောင် | အစိမ်း စိမ်းပြာ ခေါ်ရမ အပြာ ပြာလဲ့လဲ့အရောင် |



မိတ်ဆွေအတွက်
အားဆေးတစ်ခွက်

# " မိတ်ဆွေအတွက် အားဆေးတစ်ခွက် "

ကဲ . . . မိတ်ဆွေ။

ဒီတစ်ခါ မိတ်ဆွေကို ပြောပြချင်တာကတော့ ကျွန်တော်ဟာ ဒီယတြာခေတ်ရိုက်ခေတ်ဆင်နည်းကို ပြောသင့်၊ မပြောသင့် အများကြီး အချိန်ယူပြီး စဉ်းစားခဲ့ရပါတယ်။

ဘာကြောင့်လဲဆိုတော့ ဒီယတြာခေတ်ရိုက်ခေတ်ဆင်နည်းက ဓားတစ်လက်လိုပါပဲ။

ဓားတစ်လက်ဟာ တိုင်းပြည်နဲ့လူမျိုးရဲ့ အသက်အိုးအိမ်စည်းစိမ်တွေ၊ အချုပ်အခြာအာဏာတွေကို ကာကွယ်စောင့်ရှောက်တဲ့ စစ်သူကြီးတစ်ယောက်ရဲ့ လက်ထဲမှာဆိုရင် ဒီဓားဟာ အင်မတန် တန်ဖိုးရှိတဲ့၊ လေးစားစရာကောင်းတဲ့ ဓားတစ်လက်ပါပဲ။ အဲဒီဓားဟာ ဓားဆိုပေမဲ့ ဒီဓားထဲမှာ ကြင်နာမှုတွေ၊ အချစ်မေတ္တာတွေ၊ ကရုဏာတွေ များစွာကိန်းဝပ်နေတယ်လေ။ အများကောင်းကျိုး၊ လောကကောင်း



ကျိုးကို သယ်ပိုးနေတဲ့၊ ကာကွယ်စောင့်ရှောက်နေတဲ့ ဓားမဟုတ်သားဗျာ . . .။ ဒါပေမဲ့ အဲဒီဓားဟာ အင်မတန်မှ ယုတ်မာကောက်ကျစ်တဲ့၊ ကိုယ်ချင်းစာတရား၊ ကရုဏာတရားစိတ် မရှိတဲ့ ဆိုးသွမ်းမိုက်မဲတဲ့ သူရူးတွေရဲ့လက်ထဲကို ရောက်သွားရင် ဒီဓားဟာ လောကကောင်းကျိုး အများကောင်းကျိုးကို ဘယ်လိုလုပ်ပြီး သယ်ပိုးဆောင်ရွက်နိုင်တော့မှာလဲဗျာ။

တိုင်းပြည်နဲ့လူမျိုးကို ကာကွယ်စောင့်ရှောက်နေတဲ့ စစ်သူကြီးတစ်ယေက်ရဲ့ လက်ထဲက ဓားလိုမျိုး ကြင်နာမှုတွေ၊ အချစ်မေတ္တာတွေကော ရှိနိုင်ပါ့မလားဗျာ . . .။

ဓားချင်းကတော့ အတူတူပါပဲ။ ကိုင်တွယ်အသုံးချတဲ့ လူပုဂ္ဂိုလ်ရဲ့ ရွေးချယ်အသုံးချတဲ့ ခံယူချက်၊ သဘောထားအကြောင်းကိစ္စအပေါ်မှာ မူတည်ပြီး ဓားတစ်လက်ရဲ့တန်ဖိုး အကျိုးရှိပုံတွေဟာ အကောင်းအဆိုး ကွဲပြားသွားတာပဲပေါ့ . . .။

အခု ကျွန်တော် ပြောပြမယ့် ယတြာခေတ်ရိုက်ခေတ်ဆင်နည်းဟာလည်း ဓားတစ်လက်လိုပါပဲ။ ဒါကြောင့် ပြောသင့်၊ မပြောသင့် စဉ်းစားနေရတာပေါ့။ ယုတ်မာကောက်ကျစ်စဉ်းလဲတဲ့၊ ကိုယ်ချင်းစာနာစိတ် မရှိတဲ့၊ ရူးသွပ်မိုက်မဲတဲ့ သူရူးတွေရဲ့ လက်ထဲကို ရောက်သွားမှာ တအားစိုးရိမ်မိလို့ပါပဲ။ ဒါပေမဲ့ ဇာစာယ့်ကိုပဲ မိမိရဲ့ဘဝ၊ မိမိရဲ့မိသားစုဘဝ ဒုက္ခအခက်အခဲကြုံတွေ့နေရတဲ့ ကျွန်တော့်မိတ်ဆွေတွေ လက်ထဲကို ရောက်သွားမြို့ဆိုရင် စစ်သူကြီးတစ်ယောက်ရဲ့လက်ထဲမှာရှိတဲ့ ဓားတစ်လက်လိုမျိုး တန်ဖိုးရှိပါလိမ့်မယ်။ အကျိုးလည်း ရှိလာပါလိမ့်မယ်။ ကိုယ်ချင်းစာနာစိတ်တွေ၊ ကရုဏာတွေ၊ အချစ်မေတ္တာတွေလည်း များစွာကိန်းဝပ်နေပါလိမ့်မယ်။

'ဟ . . . အပြောက ကြီးလှချေလား၊ ဘယ်လိုယတြာခေတ်

ရိုက်စာတတ်ဆင်နည်းမို့လို့လဲ' လို့ ပြောလာရင်လည်း ဒီအတိုင်း ခေါင်းငုံ့ခံရုံပဲ ရှိတော့တယ်ဗျို့။ ဒါပေမဲ့ တကယ့်ကိုပဲ ဒုက္ခအခက်အခဲနဲ့ နဖူးတွေ့ ဒူးတွေ့ ကြုံနေရတဲ့သူတွေအဖို့တော့ ဒုက္ခအခက်အခဲက လွတ်မြောက်ရာလွတ်မြောက်ကြောင်းပါပဲ။

'လုပ်ပြန်ပြီ၊ ကြီးကြီးကျယ်ကျယ် ပြောပြန်ပြီ' လို့တော့ မိတ်ဆွေ မအောက်မေ့လိုက်ပါနဲ့။ ဒီနည်းဟာ ကျွန်တော့်ရဲ့နည်းလည်း မဟုတ်ပါဘူး။ ကျွန်တော့်ရဲ့လုပ်ငန်းအတွေ့အကြုံအရ တကယ့်ကိုပဲ လက်တွေ့အသုံးချထိရောက်အောင်မြင်နေတဲ့ အတုလဆရာတော်ခင်ကြီးဖျော်ရဲ့ ယတြာစာတတ်ရိုက်စာတတ်ဆင်နည်းပါပဲ။

ဆရာတော်ကတော့ နိုင်ငြားဉာဏ်ရှိ အောင်လိုဘိမှု 'ဥ-မိ-သာ-အံ' လေးတန်အကွရာ၊ ဥ-မှာ နေ့ယူ၊ မိ-မူ အခါ၊ သာ-မှာ စေပါ၊ အရပ်ထားလျက်၊ အ-ကား သစ်နံ၊ ယူရပြန်၍ အမှန်မယွင်း လုပ်လေသွင်းက နိုင်ခြင်းစေကန် ဖြစ်ကြောင်းမှန်သည် စာတန်းအရ ပဠတည်းလို့ ဆိုထားသဗျ။

ဒီနည်းက ဘယ်လိုဒုက္ခအခက်အခဲတွေကြုံရင် သုံးရမှာလဲဆိုတော့ မိတ်ဆွေတို့ ကျွန်တော်တို့ရဲ့ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး၊ အိမ်ထောင်ရေး စတဲ့ လုပ်ငန်းဆောင်တာ အသီးသီးမှာ အကြောင်းသက်သက်မဲ့ အတိုက်အခံလုပ်နေတဲ့သူတွေ၊ နှောင့်ယှက်နေတဲ့သူတွေ၊ ရန်လိုနေတဲ့သူတွေ ရှိတတ်ကြတယ်မဟုတ်လားဗျာ။ ဒီလူတွေက နည်းမျိုးစုံနဲ့ နှောင့်ယှက်တိုက်ခိုက်နေပြီဆိုပါတော့။

ဒီလူတွေကို တုန့်ပြန်ပြီးတော့ ရင်ဆိုင်ရလောက်အောင်လည်း ကျွန်တော်တို့ထက် ငွေအား၊ လူအားကနေ အသိုင်းအဝိုင်းအထိ အစစအရာရာမှာ သာနေတယ်လေဗျာ။ မိတ်ဆွေလည်း ကြုံဖူးမှာပါ။ ကျွန်တော်တို့ အားမလိုအားမရနဲ့ ရင်ထဲအသည်းထဲထိအောင် နာကျင်ခံစားခဲ့ရတယ်လေဗျာ။



တကယ်တော့ လူ့ဘဝဆိုတာ ခဏတဖြုတ်လေးပါပဲ။ ဒီခဏတဖြုတ်ကလေး နေရခိုက်မှာ ဒီလိုခံစားမှုမျိုးတွေ အနည်းဆုံး တစ်ခါလောက်ပဲ ခံစားရတယ်ထားဦးတော့ . . .။ လူဖြစ်ရကျိုး နပ်ပါ့မလားဗျာ။ ကျွန်တော်လည်း မခံစားချင်ဘူး။ မိတ်ဆွေလည်း မခံစားစေချင်ဘူး။ ဘယ်သူမှ ခံစားချင်မှာမဟုတ်ပါဘူးဗျာ။

ဒါပေမဲ့ . . . ဘာမှမပူပါနဲ့။ အခု ပြောပြမယ့် ဆရာတော်ခင်ကြီးဖျော်ရဲ့ ယတြာနည်းဟာ ဒီလိုဒုက္ခအခက်အခဲ ခံစားနေရတဲ့ ကျွန်တော့်မိတ်ဆွေတွေရဲ့ ရင်ထဲက နာကျည်းမှုတွေကို ကြည်နူးစရာ၊ ဝမ်းသာစရာ၊ ပီတိဖြစ်စရာ ခံစားမှုတွေအဖြစ် ပြောင်းလဲပေးပါလိမ့်မယ်။

အကယ်၍များ မိတ်ဆွေရဲ့ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ အိမ်ထောင်ရေး စတဲ့ လုပ်ငန်းဆောင်တာအသီးသီးကို တနင်္ဂနွေသားသမီးတစ်ဦးဦးက ငွေအား၊ လူအား၊ အသိုင်းအဝိုင်းအား သုံးပြီးတော့ အကြောင်းသက်သက်မဲ့ မိတ်ဆွေရဲ့ဘဝ၊ မိတ်ဆွေရဲ့မိသားစုဘဝတို့ နိမ့်ပါးအောင်၊ ပျက်စီးအောင်၊ ဒုက္ခရောက်အောင် နှောင့်ယှက်တိုက်ခိုက်ဖျက်ဆီးနေတယ်ဆိုပါစို့ . . .။

တနင်္ဂနွေနေ့ နေ့လယ် ၁ နာရီခွဲမှ ၃ နာရီအတွင်းမှာ ပြုလုပ်ရပါမယ်။ သောကြာသားသမီးတစ်ဦးဦးကို ပြုလုပ်ခိုင်းပါ။ မြောက်အရပ်မှာရှိတဲ့ အုန်းပင် အပင်ပေါက်တစ်ပင်ကို နှောင့်ယှက်နေတဲ့ တနင်္ဂနွေသားသမီးတစ်ဦးဦးရဲ့နာမည်ကို ကြိုက်တာနဲ့ ရေးပါ။ ပြီးရင် အဲဒီ သောကြာသားသမီးတစ်ဦးဦးကို အမိန့်ပေးတဲ့ လေသံနဲ့ မိမိဖြစ်ချင်တာအားလုံး အမိန့်ပြန်ခိုင်းပါ။ အားရကျေနပ်အောင် အမိန့်ပြန်ပြီးတာနဲ့ ဒီအုန်းပင်ကို အမြစ်ကနေ ကျွတ်အောင် ဆွဲနုတ်ပြီး တစ်စစီ

သတ်ဖြတ်ဖျက်ဆီးပစ်လိုက်ပါ။ ချိုးဖဲ့ချေမွပစ်ခိုင်းပါ။

ဒါဆိုရင် မိတ်ဆွေကို နှောင့်ယှက်နေတဲ့ တနင်္ဂနွေသားသမီးဟာ 'နှောင့်ယှက်ပါဦး'လို့ တောင်းတောင်းပန်ပန်နဲ့ ပြောရင်တောင် မနှောင့်ယှက်နိုင်တော့ပါဘူး။

ကျန်တဲ့နေ့သားတွေ နှောင့်ယှက်ရင်လည်းပဲ မိတ်ဆွေအနေနဲ့ ကာကွယ်လို့ရအောင် ဖော်ပြပေးထားပါမယ်။ ဒါပေမဲ့ တစ်ခုသတိထားစေချင်တာက ဒီယတြာနည်းကို မိတ်ဆွေမှာ ဒီလိုဒုက္ခအခက်အခဲတွေကြုံမှပဲသုံးပါ။ အကြောင်းသက်သက်မဲ့ မသုံးမိဖို့တော့ မေတ္တာရပ်ခံပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီယတြာနည်းကို ယုတ်မာကောက်ကျစ်တဲ့၊ ရူးမိုက်တဲ့၊ လူမဆန်တဲ့၊ ကိုယ်ချင်းစာတရား မရှိတဲ့လူတွေရဲ့ လက်ထဲကို ရောက်နေတဲ့ ဓားတစ်လက်လို မဖြစ်စေချင်လို့ပါဗျာ။

တနင်္လာသားသမီးတစ်ဦးဦးက နှောင့်ယှက်တိုက်ခိုက်နေတယ်ဆိုရင် အနောက်တောင်အရပ်မှာရှိတဲ့ ကံ့ကော်အပင်ပေါက်တစ်ပင်မှာ ထိုသူ၏နာမည် ရေးပါ။ တနင်္လာနေ့ ၁ နာရီခွဲကနေ ၃ နာရီအတွင်း စနေသားတစ်ဦးဦးကို မိမိဖြစ်ချင်တာ အမိန့်ပြန်ပြီး ကံ့ကော်ပင်ကို အမြစ်ကနေ ကျွတ်အောင် ဆွဲနှုတ်ပြီး ချေမွဖျက်ဆီးခိုင်းပါ။

အင်္ဂါသားသမီးတစ်ဦးဦးက နှောင့်ယှက်တိုက်ခိုက်နေတယ်ဆိုရင် အရှေ့မြောက်အရပ်မှာရှိတဲ့ ဇီးပင်ပေါက်တစ်ပင်မှာ ထိုသူ၏နာမည်ကို ရေးပါ။ အင်္ဂါနေ့ ၁ နာရီခွဲကနေ ၃ နာရီအတွင်း တနင်္ဂနွေသားသမီးတစ်ဦးဦးအား မိမိဖြစ်ချင်တာ အမိန့်ပြန်ခိုင်းပြီး ၎င်းဇီးပင်ကို အမြစ်ကနေ ကျွတ်အောင် ဆွဲနှုတ်ပြီး ချေမွဖျက်ဆီးခိုင်းပါ။

ဗုဒ္ဓဟူးသားသမီးတစ်ဦးဦးက နှောင့်ယှက်တိုက်ခိုက်နေတယ်ဆိုရင် အရှေ့အရပ်မှာရှိတဲ့ ရွက်လှပင်တစ်ပင်မှာ သူ့နာမည်ကို ရေးပါ။ ဗုဒ္ဓဟူးနေ့ ၁ နာရီခွဲကနေ ၃ နာရီအတွင်း တနင်္လာသားသမီးတစ်ဦးဦး



ကို မိမိဖြစ်ချင်တာ အမိန့်ပြန်ခိုင်းပြီး ၎င်းရွက်လှပင်ကို အမြစ်မှကျွတ်အောင် ဆွဲနှုတ်ပြီး ချေမွဖျက်ဆီးခိုင်းပါ။

ကြာသပတေးသားသမီးတစ်ဦးဦးက နှောင့်ယှက်တိုက်ခိုက်နေတယ်ဆိုရင် အရှေ့တောင်အရပ်မှ ပိတောက်ပင် အပင်ပေါက်တစ်ပင်တွင် သူ့နာမည်ရေးပါ။ ကြာသပတေးနေ့ ၁ နာရီခွဲကနေ ၃ နာရီအတွင်း အင်္ဂါသားသမီးတစ်ဦးဦးကို မိမိဖြစ်ချင်တာ အမိန့်ပြန်ခိုင်းပြီး ၎င်းပိတောက်ပင်ကို အမြစ်ကနေ ကျွတ်အောင် ဆွဲနှုတ်ပြီး ချေမွဖျက်ဆီးပစ်လိုက်ပါ။

သောကြာသားသမီးတစ်ဦးဦးက နှောင့်ယှက်တိုက်ခိုက်နေတယ်ဆိုရင် တောင်အရပ်မှာရှိတဲ့ သီဟိုဠ်၊ ဒါမှမဟုတ် သီးပင် ပေါက်တစ်ပင်တွင် သူ့နာမည်ကို ရေးပါ။ သောကြာနေ့ ၁ နာရီခွဲကနေ ၃ နာရီအတွင်း ဗုဒ္ဓဟူးသားသမီးတစ်ဦးဦးကို မိမိဖြစ်ချင်တာ အမိန့်ပြန်ခိုင်းပြီး အမြစ်ကနေ ကျွတ်အောင် ဆွဲနှုတ်ပြီး ချေမွဖျက်ဆီးပစ်လိုက်ပါ။

စနေသားသမီးတစ်ဦးဦးက နှောင့်ယှက်တိုက်ခိုက်နေတယ်ဆိုရင် အနောက်အရပ်မှာရှိတဲ့ ထန်းပင်၊ ထိန်ပင်ပေါက်တစ်ပင်တွင် ထိုသူ၏နာမည်ကို ရေးပါ။ စနေနေ့ ၁ နာရီခွဲကနေ ၃ နာရီအတွင်း [illegible]ကြာသပတေး[illegible]းသမီးတစ်ဦးဦးကို မိမိဖြစ်ချင်တာ အမိန့်ပြန်ခိုင်း [illegible]င်း[illegible]န်းပင်၊ ထိန်ပင် အပင်ပေါက်ကို အမြစ်ကနေကျွတ်အောင် ဆွဲနှုတ်ပြီး ချေမွဖျက်ဆီးပစ်လိုက်ပါ။

ဒီယတြာနည်းဟာ စစ်သူကြီးတစ်ယောက်ရဲ့ ဓားအဖြစ်နဲ့ မိတ်ဆွေရင်ထဲက နာကျည်းမှုခံစားချက်တွေကို ဝမ်းသာစရာ၊ ကြည်နူးစရာ၊ ပီတိဖြစ်စရာတွေအဖြစ် ပြောင်းလဲပစ်နိုင်ပါစေဗျာ . . . ။ ။

တကယ်တော့
လူ့ဘဝဆိုတာ ခဏတဖြုတ်လေးပါပဲ။
ဒီခဏတဖြုတ်ကလေး နေရခိုက်မှာ
ဒီလိုခံစားမှုမျိုးတွေ အနည်းဆုံး
တစ်ခါလောက်ပဲ
ခံစားရတယ်ထားဦးတော့ . . . ။
လူဖြစ်ရကျိုး နပ်ပါ့မလားဗျာ။
ကျွန်တော်လည်း မခံစားချင်ဘူး။
မိတ်ဆွေလည်း
မခံစားစေချင်ဘူး။ ဘယ်သူမှ
ခံစားချင်မှာမဟုတ်ပါဘူးဗျာ။



# အောင်မြင်စေမယ့် အဆောင်

## " အောင်မြင်စေမယ့် အခ်ဆောင် "

ကဲ . . . မိတ်ဆွေ။

ဒီတစ်ခါ မိတ်ဆွေကို ပြောပြချင်တာကတော့ ကျွန်တော်တို့ဟာ ဗေဒင်ဆရာဆိုတော့ တွေ့တဲ့သူတွေက အခ်ဆောင်တောင်းကြတယ်။

ဘာအဆောင်လဲဆိုတော့ လူချစ်လူခင် များချင်တယ်။ သွားလေရာမှာ မျက်နှာပွင့်ချင်တယ်။ အန္တရာယ်ကင်းချင်တယ်။ ကံ အံသာစီးရချင်တယ်။ အကူအညီကောင်းတွေ ရချင်တယ် . . . စသည်ဖြင့်ပေါ့လေ အများကြီးရှိပါတယ်။

ဗေဒင်ဆရာတွေ အားကိုးအားထားပြု သုံးစွဲတဲ့ပညာရပ်အသီးသီးအလိုက် အဆောင်တွေ၊ ရွတ်ရတဲ့ ဂါထာမန္တာန်တွေ၊ ယတြာနည်းတွေကတော့ အများကြီးပါပဲ။ အားလုံးအစွမ်းထက်မြက်တဲ့နည်းတွေပါပဲ။



အဲဒီအထဲမှာမှ ကျွန်တော်တို့ လက်တွေ့အသုံးချအောင်မြင်နေတဲ့ နည်းတစ်ခုကို လက်ဆောင်ပါးလိုက်ပါရစေ။ ကျွန်တော်တို့ကတော့ အဆောင်တွေကို အသင့်လုပ်ထားတယ်။ တောင်းတဲ့သူရှိတာနဲ့ ချက်ချင်းပေးလို့ရအောင်ပါ။

အဆောင်ဆိုတဲ့နေရာမှာ မိတ်ဆွေကို နားရှုပ်အောင် ပဋ္ဌာန်၊ ဆပွတ်တွေ၊ မွေးနံတွေဘာတွေ မပြောပြတော့ဘူး။ ဘယ်လိုအဆောင်မျိုး ဆောင်သင့်တယ်ဆိုတာပဲ မိတ်ဆွေကို ပြောပြတော့မယ်။

တနင်္ဂနွေသားသမီးတစ်ဦးဦးက ကံတက်ချင်လို့၊ မျက်နှာပွင့်ချင်လို့၊ အန္တရာယ်ကင်းချင်လို့၊ အကူအညီကောင်းတွေ ရချင်လို့၊ လုပ်သမျှ ကြံစည်သမျှ အဆင်ပြေအောင်မြင်ချင်လို့ဆိုပြီး အဆောင်တောင်းရင် ကျွန်တော်ကတော့ အောင်မဲပြုအသားနဲ့ ထုလုပ်ထားတဲ့ ကြွက်ရုပ်တလေး ပေးလိုက်တယ်။ အမြဲတမ်းဆောင်ထားဖို့၊ တစ်သက်လုံးဆောင်ထားဖို့ပေါ့။

အောင်မဲပြုအသားကို ကြွက်ရုပ်ထုပြီးတာနဲ့ ချက်ချင်းတော့ ဆောင်လို့မရသေးဘူးနော်။ ရွှေက သုံးထပ်ချရတယ်။ ဂုဏ်တော်ကို (၃၇) ခေါက် ရွတ်ပေးရတယ်။ မေတ္တာသုတ်က (၇) ခေါက် ရွတ်ပေးရသေးတယ်။ ဒီလိုတော့ လုပ်ထားရသေးတာပေါ့။

ကျွန်တော် ကျွန်မတို့ရော အဲဒီလိုမျိုးလေးလုပ်ပြီး ဆောင်ထားလို့ မရဘူးလားလို့ ကျန်တဲ့နေ့သားသမီးတွေက မေးလာခဲ့ရင် သိပ်ပြီးတော့ကို ရတာပေါ့ဗျာ။

တနင်္လာသားသမီးဆိုရင်တော့ ကသစ်သားကို 'ပူးရုပ်' လုပ်ပြီး ဆောင်ရမယ်။

အင်္ဂါသားသမီးဆိုရင်တော့ စွယ်တော်သားကို 'နဂါးရုပ်' လုပ်ပြီး ဆောင်ရမယ်။

ဗုဒ္ဓဟူးသားသမီးဆိုရင်တော့ ဝင်အူသားကို 'ဂျွန်ရှပ်' လုပ်ပြီး ဆောင်ရမယ်။

ကြာသပတေးသားသမီးဆိုရင်တော့ မန်ကျည်းသားကို 'ကျားရှပ်' လုပ်ပြီး ဆောင်ရမယ်။

သောကြာသားသမီးဆိုရင်တော့ သစ်ဆိမ့်သားကို 'ခြသေ့်ရှပ်' လုပ်ပြီး ဆောင်ရမယ်။

စနေသားသမီးဆိုရင်တော့ ဒန့်သလွန်သားကို 'ဆင်ရှပ်' လုပ်ပြီး ဆောင်ရမယ်။

ဒီအတိုင်းဆောင်လို့တော့ မရဘူးနော်။ စောစောကပြောခဲ့သလိုပဲ ရွှေ ၃ ထပ် ချ၊ ဂုဏ်တော် (၃၇) ခေါက် ရွတ်၊ မေတ္တာသုတ် (၇) ခေါက်တော့ ရွတ်ပေးရဦးမယ်နော်။

ဒီအဆောင်တွေက အမြဲတမ်းဆောင်ထားနိုင်ရင်တော့ အကောင်းဆုံးပေါ့ဗျာ။ အမြဲတမ်းမဆောင်နိုင်ရှင်လည်း စာမေးပွဲဖြေတဲ့အခါ၊ အင်တာဗျူးဖြေတဲ့အခါ၊ အလုပ်လျှောက်တဲ့အခါ၊ အမှုကိစ္စရှိတဲ့အခါ . . . စသည်ဖြင့် အရေးကြီးတဲ့ကိစ္စတွေ ပြောဆိုဆောင်ရွက်တဲ့အခါမှာလည်း ကံအသာစီးရအောင်၊ အဆင်ပြေအောင်မြင်အောင် ဆောင်လို့ရတာပေါ့။

ဒီတော့ ဒီအဆောင်လုပ်ပုံလုပ်နည်းတွေ သိသွားပြီဆိုရင် မိတ်ဆွေတစ်ယောက်တည်းတင် မသုံးပါနဲ့။ မိတ်ဆွေနဲ့ပတ်သက်တဲ့ သူငယ်ချင်း၊ အပေါင်းအသင်းတွေကိုလည်း ကျွန်တော့်ရဲ့ကိုယ်စား ပြောပြပေးလိုက်ပါဗျာ။ ဖြစ်နိုင်ရင် အဆင်သင့်လုပ်ထားပြီး လက်ဆောင်ပေးလိုက်ပေါ့။ ဒါဆိုရင် မိတ်ဆွေလည်း ကုသိုလ်ရလာမယ်။ သူတို့လည်း အဆင်ပြေသွားမှာ၊ ပျော်သွားပါလိမ့်မယ်ဗျာ . . .။ ။



# ပညာရေး
# စိတ်အေးပါစေ

## " ပညာရေး စိတ်အေးပါစေ "

ကဲ . . . ဒီတစ်ခါ ပြောပြချင်တာကတော့ ပညာရေးပါပဲ။ ပညာရေးနဲ့ပတ်သက်ပြီး ဗေဒင်ဟောရတာ၊ ယတြာပေးရတာကို ကျွန်တော် အားအပါဆုံးပါပဲ။

ဘာကြောင့်လဲဆိုတော့ ကျွန်တော်ဟာ အကြောင်းအမျိုးမျိုးကြောင့် အတန်းပညာ မပြည့်စုံခဲ့ရှာပါဘူး။ ပညာရေးရည်မှန်းချက်ပျောက်ပြီး လမ်းပေါ်မှာ ဘဝမျိုးစုံ၊ ဒုက္ခမျိုးစုံနဲ့ ကျင်လည်ခဲ့ရပါတယ်။ နှလုံးသားမှာလည်း ကြေကွဲမတတ် ခါးသည်းစွာ ခံစားခဲ့ရပါတယ်။

သွားလေရာရာ၊ ရောက်လေရာရာမှာ မျက်နှာငယ်ခဲ့ရပါတယ်။ လူရာလည်း မဝင်ပါဘူး။ အသိအမှတ်လည်း မပြုကြပါဘူး။ 'ပညာရဲ့ရင့် ပွဲလယ်တင့်' ဆိုတာ သိပ်ပြီးတော့ကို မှန်တယ် မိတ်ဆွေ။

ပညာသင်နေတဲ့အချိန်တုန်းကတော့ ဒါတွေဖြစ်မယ်မှန်း ဘယ်သိမလဲ။ ဘယ်စဉ်းစားမိမလဲ။ ဆရာသမားတွေက ဆိုဆုံးမခဲ့



လည်း သတိမမူမိခဲ့ကြပါဘူး။

ဒီတော့ မိတ်ဆွေတို့၊ ကျွန်တော်တို့ရဲ့ ညီ၊ ညီမတွေကို ပညာတွေ တအားတတ်စေချင်ပါတယ်။ အားလုံးအားလုံးကို မိမိ ရည်မှန်းထားတဲ့ ပညာရေးပန်းတိုင်ကို ချောချောမောမော လျှင်လျှင်မြန်မြန်ရောက်စေချင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ပညာမတတ်၊ ပညာမပြည့်စုံခြင်းကြောင့် ဖြစ်ပေါ်လာတဲ့ ခါးသည်းတဲ့ အကျိုးဆက်တွေ၊ နာကျည်းချက်တွေ၊ လူရာမဝင်မှုတွေကို ကျွန်တော့်လိုမျိုး ကျွန်တော့်ရဲ့ ညီ၊ ညီမများ မခံစားစေချင်လို့ပါ။

ကျွန်တော့်မှာသာ တန်ခိုးသိဒ္ဓိတွေ၊ ပါဝါတွေရှိရင် ကျွန်တော့်ရဲ့ ညီ၊ ညီမတွေကို 'ဥဖွ ပညာတတ်ကြီးတွေ ဖြစ်ကြစေ'ဆိုပြီး မန်းမှုတ်ဖန်တီးပေးလိုက်ချင်တာဗျာ။ ဒီစကားဟာ အပြောသက်သက်မဟုတ်ပါဘူး။ ကျွန်တော့်ရဲ့ ရင်ထဲ၊ နှလုံးသားထဲက နာကျည်းမှုတွေကနေ စိမ့်ထွက်လာတဲ့ သစ္စာစကားပါ။



ဒီတော့ ကျွန်တော် လုပ်ပေးနိုင်တာကတော့ ကျွန်တော် သိ ထားတဲ့ ပညာရေးမှာ သုံးရတဲ့ ယတြာနည်းအချို့ပါပဲ။ ပညာရေးနဲ့ ပတ်သက်ပြီး ကံအသာစီးရအောင်၊ အောင်မြင်အောင်၊ အနှောင့်အယှက်ကင်းအောင်ဆိုရင် ရှူးနေး( RUNE ) လို့ ခေါ်တဲ့ သင်္ကေတကလေးတွေလည်း သုံးလို့ရပါတယ်။ ကျွန်တော်တို့အဘကတော့ 'စကြဝဠာ စမတော်များ' လို့ ခေါင်းစဉ်တပ်ပြီး သင်ပေးပါတယ်။ ဘယ်လိုပဲခေါ်

ခေါ် အစွမ်းထက်တာကတော့ အတူတူပါပဲ။

စကြဝဠာစမတော်ကလေးတစ်ခု လက်ဆောင်ဖော်ပြပေးလိုက်ပါမယ်။ ပညာရေးနဲ့ပတ်သက်ပြီး ဘာအကြောင်းကိစ္စပဲ ပေါ်ပေါ် ဒီစမတော်ကလေးကို သစ်သားပြား၊ ကျောက်တုံး၊ စက္ကူတွေပေါ်မှာ ရေးပြီးထောင်ထားလို့ ရပါတယ်။ စက္ကူမှာရေးပြီး ဖယောင်းတိုင်မှာပတ်လို့ မီးထွန်းဆုတောင်းမယ်ဆိုရင်လည်း ရပါတယ်။ ဒါမှမဟုတ် ပညာရေးနဲ့ပတ်သက်တဲ့ စာအုပ်၊ ဘောပင်၊ ကွန်ပါဘူး စတာတွေမှာလည်း ဒီစမတော်ကလေးကို ရေးပေးလို့ရပါတယ်။ ပညာရေးနဲ့ပတ်သက်တဲ့ ကံကောင်းခြင်းတွေ၊ အကူအညီကောင်းတွေဟာ ဒီစမတော်ကလေးကနေတစ်ဆင့် ရောက်လာပါလိမ့်မယ်။

နောက်တစ်ခုကတော့ ဆရာတော်ခင်ကြီးဖျော်ရဲ့ အထက်ဆောင်ပန်း၊ အောက်နင်းကြမ်းယတြာနည်းပါပဲ။ စာမေးပွဲခန်းဝင်မယ်၊ အင်တာဗျူးဖြေမယ် စသည်ဖြင့် ပညာရေးနဲ့ပတ်သက်ပြီး အရေးကြီးတဲ့ ကိစ္စတွေ ဆောင်ရွက်မယ်ဆိုရင် -

တနင်္ဂနွေသားသမီးများ နှင်းဆီပန်းကို ဖနောင့်ဖြင့်ပေါက်ပြီး ကံ့ကော်ညွန့် ဆောင်သွားပါ။

တနင်္လာသားသမီးများ အုန်းညွန့်ကို ဖနောင့်ဖြင့်ပေါက်ပြီး စံပယ်ညွန့် ဆောင်သွားပါ။

အင်္ဂါသားသမီးများ ကံ့ကော်ညွန့်ကို ဖနောင့်ဖြင့်ပေါက်ပြီး ရွှက်လှ ဆောင်သွားပါ။

ဗုဒ္ဓဟူးသားသမီးများ ဇော်စိမ်းကို ဖနောင့်ဖြင့်ပေါက်ပြီး မေမြို့ သို့မဟုတ် ပိတောက်ညွန့် ဆောင်သွားပါ။

ကြာသပတေးသားသမီးများ ရွှက်လှကို ဖနောင့်ဖြင့် ပေါက်ပြီး သပြေပန်း ဆောင်သွားပါ။



သောကြာသားသမီးများ ပိတောက်ညွန့်ကို ဖနောင့်ဖြင့်ပေါက်ပြီး နှင်းဆီပန်း ဆောင်သွားပါ။

စနေသားသမီးများ သပြေကို ဖနောင့်ဖြင့်ပေါက်ပြီး အုန်းညွန့် ဆောင်သွားပါ။

ဆောင်ရမယ့်ပန်းတွေကို ဘုရားလှူပြီး ဆုတောင်းသွားလည်း ရပါတယ်။ စာကျက်တဲ့နေရာမှာ ပန်းအိုးထိုးထားလည်း ရပါတယ်။

နောက်တစ်ခုကတော့ စာမေးပွဲအောင်စေတဲ့ ဂါထာဖြစ်ပါတယ်။ အဲဒီဂါထာကတော့ -

> ဒေဝါနံ နန္ဒနော ဒေဝေါ၊
> ဒေ ဒေဝေန နန္ဒိတော။
> ဝေဒ ဒိနေန ဝေဒေန၊
> ဝေဒိ ဝေဒေန ဝေဒိတော။ ။

ဒီဂါထာကို (၇) ကြိမ် ရွတ်ဆိုပြီး သွားရင်လည်း ရပါတယ်။

တကယ်လို့ စာမေးပွဲခန်းထဲမှာ ကျက်ထားတဲ့စာက ရုတ်တရက် မေ့သွားခဲ့မယ်ဆိုရင် 'ဇင်းတား (ZENTA) ဆိုပြီး ရွတ်ပေးရပါမယ်။ အဲဒီလို ရွတ်ပေးလိုက်တာနဲ့ မေ့နေတဲ့စာတွေ ပြန်ပြီးပေါ်လာလိမ့်မယ်။ (၂၇) ခေါက်သာ ရွတ်ဆိုပေးလိုက်ပါ။ အဲဒီဇင်းတာဆိုတာကိုပါ မေ့သွားလို့ကတော့ မဖြစ်ဘူးနော်။

ကဲ ... ဒါဆိုရင် တော်တော်လေးကိုပဲ ပြည့်စုံသွားပါပြီ။ တခြားတခြားသောနည်းတွေလည်း သုံးလို့ရပါတယ်။ အားလုံးအစွမ်းထက်မြက်တဲ့နည်းတွေပါပဲ။

ဘယ်လိုနားလည်ရမလဲဆိုတော့ ကျွန်တော်တို့ နှာခေါင်း

ချောင်းဆိုးဖြစ်တယ်ဗျာ။ အင်္ဂလိပ်ဆေးသောက်လည်း ပျောက်မှာပဲ၊ တရုတ်ဆေးသောက်လည်း ပျောက်မှာပဲ၊ မြန်မာဆေးသောက်လည်း ပျောက်မှာပဲ။ ဘာဆေးမှမသောက်လည်း ပျောက်ချင်ပျောက်သွားတာပါ။ ဒီလိုပဲ နားလည်ပေးလိုက်ပါ။

ဒီတော့ အခု ကျွန်တော်ပြောပြတဲ့ ယတြာနည်းတွေဟာ မိတ်ဆွေတို့၊ ကျွန်တော်တို့ရဲ့ ညီ၊ ညီမတွေရဲ့ ပညာရေးကိစ္စ၊ စာမေးပွဲကိစ္စတွေမှာ များစွာ အထောက်အကူပြုတယ်ဆိုရင် ပညာမပြည့်စုံလို့ နာကျည်းခဲ့ရတဲ့၊ စိတ်မချမ်းမသာဖြစ်နေရတဲ့ ကျွန်တော့်ရင်ထဲက ဒဏ်ရာဒဏ်ချက်တွေလည်း လျော့ပါးသက်သာသွားပါပြီတဲ့ဗျာ။



# ကလေးဆိုးနေလား

## ကလေးဆိုးနေလား

တဲ . . . မိတ်ဆွေ။

ဒီတစ်ခါ မိတ်ဆွေကို ပြောပြချင်တာကတော့ ကျွန်တော်တို့ ပေဒင်ဆရာတွေ နေ့စဉ်နဲ့အမျှ နားပူနားဆာ အတိုက်ခံနေရတာတွေ၊ ကြားနေရတာတွေကတော့ -

"ကလေးက တအားကို ဆိုးပါတယ် ဆရာရယ်၊ ကလေးကို ပြောစကား ဆိုစကားလေး နားထောင်အောင် နည်းလေးဘာလေးများ ရှိရင် လုပ်ပေးပါဦး ဆရာ . . . " ဆိုတာပါပဲ။ ကျွန်တော့်ကို ဒီလိုလာပြီး ပြောလာကြတဲ့အချိန်ကများဆိုရင် ကျွန်တော့်ရင်ထဲမှာ ကလိကလိနဲ့ တအားကို ရယ်ချင်တော့တာပါပဲ။ ဒါပေမဲ့ ရယ်ချင်စိတ်ကို မနည်းကြီး ထိန်းချုပ်ထားရတယ်၊ သဘောကျပြီးတော့လည်း ပြုံးမိတတ်ပါတယ်။

ဘာကြောင့်လဲဆိုတော့ ကျွန်တော် ငယ်ငယ်တုန်းကလည်း



အဲဒီလိုပဲ ဟအားတအားကို ဆိုးခဲ့တာကိုး။ မှတ်မိပါသေးတယ်၊ ငယ်တန်းနှစ်ကပေါ့။ ကျောင်းစပြီးတက်တဲ့နေ့မှာပဲ ကောင်မလေးတစ်ယောက် ကျွန်တော့်ကို ကြည့်နေတာနဲ့ အတင်းပဲဖက်နမ်းပစ်ခဲ့မိလို့ အဆူခံရသေးတယ်။ ဒီလိုပြောရတာ ကျွန်တော် မရှက်ပါဘူး။ အဲဒီတုန်းက ကလေးပဲရှိသေးတာကိုး။

ဆရာတွေအားလုံးက ဆူတယ်၊ ဆုံးမတယ်။ ဒါပေမဲ့ ဆရာတစ်ယောက်ကတော့ ဘယ်လိုပြောသလဲဆိုရင် (နောက်တာလည်း ဖြစ်နိုင်ပါတယ်။)

"မင်းက ဇွတ်အတင်းကြီး သွားဖက်တာကိုးကွ၊ သူ့ကို နားဝင်အောင် ချော့ပြီးဖက်ရတယ်ကွ"တဲ့ . . .။ အဲဒီတုန်းက ကျွန်တော် ဒီဆရာကို သိပ်ပြီးသဘောကျတာပဲ။ ခုထက်ထိလည်း မမေ့နိုင်ဘူး။ ဘာကြောင့်လဲဆိုတာကိုတော့ ကျွန်တော်လည်းမသိဘူး။

ကျွန်တော် ဆရာကြီးပါရဂူရဲ့ 'ကလေးပြဿနာ'ထဲမှာ ဘယ်လိုဖတ်ရသလဲဆိုတော့ -

*"အကယ်၍ ကလေးသူငယ်တစ်ယောက်သည် (၇)နှစ်အရွယ်အထိ သူတို့ပင်ကိုယ်ဗီဇ ထိပါးခြင်း မခံရဘဲနေမည်ဆိုလျှင် ယင်းကဲ့သို့သော ကလေးသူငယ်မျိုးကို တအံ့တဩ တွေ့မြင်ရပေလိမ့်မည်၊ ယင်းကဲ့သို့သော ကလေးသူငယ်မျိုးသည် ထက်ထက်မြက်မြက်ရှိလာပေလိမ့်မည်၊ သူတို့၏မျက်စိသည် ကြည်လင်လာလိမ့်မည်၊ သူတို့တွင် အံ့ဩဖွယ်စွမ်းအား ရှိလာသည်ကို တွေ့မြင်ရပေလိမ့်မည်၊ အသက် (၇၀) အရွယ် လူကြီး၌ပင် မတွေ့ရသော ခွန်အားမျိုး ရှိလာသည်ကို တွေ့ရလိမ့်မည်"*

*အခန်း (၁၃) စာ -၈၉*

ဒီလို ဖတ်ရပါတယ်။ ကျွန်တော် သိပ်ပြီးသဘောကျတာပဲ။

သဘောကျရုံကျတာပါဗျာ။ ကျွန်တော် သိပ်ပြီးနားမလည်ပါဘူး။ ကျွန်တော်က ဗေဒင်ဆရာဆိုတော့ ကလေးဆိုးနေရင်၊ ပြောစကား နားမထောင်ရင်၊ ကလန်ကဆန်လုပ်နေရင် သုံးရတဲ့ ယတြာခုတ်ရိုက်ခုတ်ဆင်နည်းတွေကိုပဲ ပြောပြတော့မယ်ဗျာ။

မိတ်ဆွေရဲ့ကလေးက သိပ်ပြီးဆိုးနေတယ်ဆိုရင် သူ့ရဲ့ အကျီကို ရေအိုးတစ်လုံးရဲ့အောက်မှာ 'က'ကြီးပုံ ကရွတ်ခွေ ခွေပြီး ထည့်ပေးထားလိုက်ပါ။ ဒါဆိုရင် မဆိုးတော့ဘူး။ ပြောစကား နားထောင်လာပါလိမ့်မယ်။

နောက်တစ်ခုကတော့ ထင်းချောင်းပေါ်မှာ ကလေးရဲ့နာမည်ရေးပြီး ဖယောင်းတိုင် (၇)တိုင် ထွန်းပေးပါ။ ဘယ်နှရက်ထွန်းပေးရမလဲဆိုတော့ ကလေးက (၁၀)နှစ်ဆိုရင် (၁၀) ရက် ထွန်းပေးပါ။ ကလေးက (၁၅)နှစ်ဆိုရင် (၁၅) ရက် ထွန်းပေးပါ။ ဒါဆိုရင် ကလေးက မဆိုးတော့ဘဲ ပြောစကားနားထောင်လာပါလိမ့်မယ်။

နောက်တစ်ခုကတော့ ကလေးက တနင်္ဂနွေသားသမီးဆိုရင် 'ကံ့ကော်ပန်း'ကို ဆောင်ပြီး 'သစ်သီးတစ်လုံး'စားရင်း ဆုံးမရပါမယ်။ ကံ့ကော်ပန်းကို ဆောင်ပါဆိုတာကတော့ အမေ၊ အစ်မ၊ အဒေါ်ဆိုရင် ခေါင်းမှာပန်ပြီး ပြောပေါ့။ အဖေ၊ အစ်ကို၊ ဦးလေးဆိုရင် ရင်ဘတ်ထဲ ထည့်ပြီးပြောပါ။

ကလေးက တနင်္လာသားသမီးဆိုရင် 'ဇီးညွန့်' ဆောင်ပြီး 'နွားနို့'သောက်ရင်း ဆိုဆုံးမပါ။

ကလေးက အင်္ဂါသားသမီးဆိုရင် 'ရွက်လှ' ဆောင်ပြီး 'အုန်းသီးစိမ်း' စားရင်း ဆိုဆုံးမပါ။

ကလေးက ဗုဒ္ဓဟူးသားသမီးဆိုရင် 'မေမြို့ပန်း' ဆောင်ပြီး 'ကြံရည်'သောက်ရင်း ဆိုဆုံးမပါ။



ကလေးက ကြာသပတေးသားသမီးဆိုရင် 'သပြေပန်း' ဆောင်ပြီး 'ဇီးယို'စားရင်း ဆိုဆုံးမပါ။

ကလေးက သောကြာသားသမီးဆိုရင် 'နှင်းဆီပန်း' ဆောင်ပြီး 'ရေ'သောက်ရင်း ဆိုဆုံးမပါ။

ကလေးက စနေသားသမီးဆိုရင် 'အုန်းညွန့်' ဆောင်ပြီး 'ပေါင်မုန့်' စားရင်း ဆိုဆုံးမပါ။

ဒီယတြာနည်းတွေထဲက ကြိုက်ရာရွေးပြီး သုံးလို့ရပါတယ်၊ ဒီယတြာနည်းတွေကတော့ ကျွန်တော်တို့ လက်တွေ့အသုံးချအောင်မြင်နေတဲ့ ယတြာနည်းတွေပါပဲ။

ကဲ . . . ဒီတော့

ကျွန်တော် လေးစားတဲ့ မိတ်ဆွေတွေနဲ့ ကျွန်တော်ချစ်တဲ့ ဒါမှမဟုတ် အနာဂတ်ရဲ့ သားကောင်းရတနာတွေ ဖြစ်လာမယ့် ကလေးတွေကို ဆရာကြီးပါရဂူရဲ့ 'ကလေးပြဿနာ'ထဲက စာပိုဒ်ကလေး တစ်ပိုဒ်ကို တစ်ဆင့်ဖောက်သည်ချ လက်ဆောင်ပေးလိုက်ပါရစေဗျာ။

*မိဘများသည် ကျိုးနွံသော ကလေးကို နှစ်သက်ကြသည်၊ မိဘစကား မြေဝယ်မကျ နားထောင်သော ကလေးသူငယ်ကိုသာ မြတ်နိုးကြသည်၊ လူ့လောက၌ များသောအားဖြင့် တွေ့မြင်သိရှိရသော အချက်တစ်ချက်ရှိသည်၊ ကျိုးနွံသော ကလေးသူငယ်သည် ထုံထိုင်းသော၊ ထက်မြက်မှုမရှိသော ကလေးသူငယ်ဖြစ်နေတတ်သည်၊ မိမိအစွမ်းအစကိုပြသော ကလေးသူငယ်သည် ထက်ထက်မြက်မြက် ကလေးသူငယ်ဖြစ်လာတတ်သည်၊ သို့ရာ ‌င် ယင်းကလေးသူငယ်မျိုးသည် လူချစ်မခံရပေ၊ အသိအမှတ်ပြုခြင်း မခံရပေ၊*

*အခန်း (၁)၊ စာ -၈*

ကျွန်တော်ဟာ ဗေဒင်ပညာရပ်နဲ့ အသက်မွေးဝမ်းကျောင်းပြု ရပ်တည်နေရတဲ့ ဗေဒင်ဆရာတစ်ယောက်ပါ။ ဗေဒင်လက္ခဏာဂမ္ဘီရပညာရပ်တွေကလွဲလို့ ဘာကိုမှမသိ၊ ဘာကိုမှနားမလည်ပါဘူး။ အခု ကျွန်တော် ပြောပြခဲ့တာတွေကတော့ မိတ်ဆွေအတွက် အကျိုးရှိမယ့် ယတြာတွေနဲ့ ကျွန်တော့်ရဲ့ စေတနာတွေ အပြည့်ပါနေတယ်ဆိုတာကိုတော့ အထူးပြောနေစရာတောင် မလိုတော့ပါဘူးဗျာ။



# ဟုတ်ကဲ့ သိပြီးသားပါ

## " ဟုတ်ကဲ့ . . . သိပြီးသားပါ "

ကဲ . . . မိတ်ဆွေ။

ဒီတစ်ခါ မိတ်ဆွေကို ပြောပြချင်တာက ထူးထူးဆန်းဆန်းပါပဲ။ ဒီအကြောင်းကို ပြောသင့်၊ မပြောသင့် စဉ်းစားရသေးတယ်။ ပြောလိုက်ရင် 'အတင်း'ပြောတယ်ဖြစ်သွားမှာစိုးလို့ပါ။

ဒါပေမဲ့ ပြောရမှာပဲလေ။ တချို့က အတင်းပြောရရင် ရင်ချောင်တယ်၊ အညောင်းအညာပြေတယ်၊ ကိုယ်စိတ်ပေါ့ပါးတယ်လို့ ပြောကြတယ်။

ပြောရမယ်ဆိုရင်တော့ လူနာမည်ထည့်ပြီးပြောဖို့ မသင့်ဘူး။ သူ့ရဲ့သိက္ခာက ရှိသေးတယ်မဟုတ်လား။

တစ်ခါက ကျွန်တော့်ဆီကို အသက် ၅၀ လောက် လူကြီးတစ်ဦး ရောက်လာတယ်။ တစ်ခေါင်းလုံး ဆံပင်မွေးဟွေက ဖျိုင်းလိုဖြူဆွတ်နေပြီ။ မျက်မှန်ထူကြီးလည်း တပ်ထားသေးတယ်။ သိပ်တော့ မထူပါ



ဘူး။ ဖန်ခွက်ဒင်လောက်ပဲ ထူတာပါ။ စကားတစ်ခွန်းပြောရင်လည်း ကံပွေးက သုံးစက်လောက် မျက်နှာကို လာပြီးမှန်တယ်။

သူ့နာမည်က ဦးလှမောင်တဲ့။ ဒါပေမဲ့ သူ့ရဲ့သိက္ခာအရ နာမည်မပြောတော့ဘဲ တစ်ခေါင်းလုံးဖြူနေတော့ ဦးဖြူလို့ပဲ ပြောင်းပြီး ပြောတော့မယ်ဗျာ။

ကျွန်တော့်ဆီကို ရောက်လာတော့ မွေးသက္ကရာဇ်ရေးထားတဲ့ စာရွက်လေးတစ်ရွက် ကိုင်လို့ပေါ့။

"ဆရာသမား . . .၊ ကျုပ်သမီးကို ယောက်ျားပေးစားမလို့"

"ပေးစားလိုက်ပေါ့ဗျာ၊ ဘာခက်နေလို့လဲ . . ."

"မဟုတ်သေးဘူးလေ အာစရိရဲ့ . . .၊ သမီးကလည်း စနေသမီး၊ သူနဲ့ပေးစားမယ့်ကောင်လေးကလည်း စနေသားဖြစ်နေတယ်၊ သင့် မသင့်၊ တည့် မတည့် သိချင်လို့ . . ."

"သင့်ပါတယ် . . .၊ ညားခါစမှာ မတည့်လည်း နောက်တော့ တည့်သွားမှာပေါ့ . . ."

"ဟိုး . . . အာစရိကလည်း နောက်နေပြန်ပါပြီ၊ အာစရိတို့လည်း သိပြီးသားနေမှာပါ . . ."

အဲဒီဦးဖြူဆိုတဲ့ လူကြီးက 'အာစရိတို့လည်း သိပြီးသားနေမှာပါ . . .' လို့ အစချီပြီး ပြောပါလေရော။

"အာစရိတို့လည်း သိပြီးသားနေမှာပါ . . .၊ တနင်္ဂနွေသားနဲ့ တနင်္ဂနွေသမီး၊ လက်ထပ်ရင် စည်းစိမ်ဥစ္စာတွေ ပြည့်စုံကုံလုံကြွယ်ဝချမ်းသာမယ်၊ တိုက်အောင်မင်းအောင် ပေါင်းရမယ် . . .၊

တနင်္လာသားနဲ့ တနင်္လာသမီး၊ လက်ထပ်ရင် အိမ်ထောင်ကျခါစမှာ အဆင်မပြေဖြစ်တတ်တယ်၊

အင်္ဂါသားနဲ့ အင်္ဂါသမီး၊ လက်ထပ်ရင် ဘေးရန်များတတ်

ရာယ်၊ စိတ်သဘောထားချင်း မတိုက်ဆိုင်ဘဲ ဖြစ်နေတတ်တယ်၊

ဗုဒ္ဓဟူးသားနဲ့ ဗုဒ္ဓဟူးသမီး လက်ထပ်ရင် ပူပင်သောကတွေ များတတ်တယ်၊ မမြဲတတ်ဘူး၊ ကွဲတတ်တယ်၊

ကြာသပတေးသားနဲ့ ကြာသပတေးသမီး လက်ထပ်ရင် အိမ်ထောင်ရေးအဆင်ပြေသာယာချောမွေ့မယ်၊ အိုအောင်မင်းအောင် ပေါင်းသင်းရမယ်၊ စိတ်ချမ်းသာရမယ်၊

သောကြာသားနဲ့ သောကြာသမီး လက်ထပ်ရင် ပစ္စည်းဥစ္စာ စည်းစိမ်တွေ ချမ်းသာကြွယ်ဝမယ်၊ အတူနေရရင် မတည့်ဘူး၊ ဝေးရင် လွမ်းနေတတ်တယ်၊

စနေသားနဲ့ စနေသမီး လက်ထပ်ရင် မကြာခဏ ရန်ဖြစ်တတ်တယ်၊ စိတ်သောက အမြဲရောက်တတ်တယ် . . ."

ကျွန်တော်လည်း သူ တစ်ခါပြောတိုင်း -

"ဟုတ်ကဲ့ သိပြီးသားပါ . . .၊ ဟုတ်ကဲ့ သိပြီးသားပါ" လို့ ပြန်ပြောပြီး ဆေးလိပ်ပဲ ထိုင်သောက်နေလိုက်တော့တယ်။ ဆေးလိပ်သောက်ရင်း သူ့ပါးစပ်ကထွက်တဲ့ တံထွေးစက်တွေကိုလည်း ရှောင်ရသေးတယ်ဗျို့။

"အာစရိတို့လည်း သိပြီးသားနေမှာပါ၊ မြန်မာမွေးသက္ကရာဇ်ကို တည် (၇)နဲ့စား၊ (၁) ကြွင်းတဲ့ ယောကျ်ားလေးဟာ အောင်မြင်ကျော်ကြားထက်မြက်တဲ့၊ မိမိထက်ချမ်းသာတဲ့ မိန်းကလေးတွေနဲ့ အိမ်ထောင်ကျတတ်တယ်၊ မိန်းကလေးဆိုရင်တော့ စိတ်သဘောထားကြီးတဲ့၊ စိတ်ထားမြင့်မြတ်တဲ့၊ ကြင်နာယုယတတ်တဲ့ ယောကျ်ားလေးတွေနဲ့ အိမ်ထောင်ကျတတ်ပါတယ်၊

အာစရိတို့လည်း သိပြီးသားနေမှာပါ . . .၊ (၂) ကြွင်းတဲ့ ယောကျ်ားလေးတွေဟာ မိမိထက် အသက်အရွယ်ကြီးရင့်တဲ့သူတွေနဲ့



အိမ်ထောင်ကျတတ်တယ်၊ အသက်ငယ်တဲ့သူနဲ့ အိမ်ထောင်ကျရင်တော့ အိမ်ထောင်မမြဲတတ်ဘူး၊ မိန်းကလေးဆိုရင်တော့ မမျှော်လင့်ဘဲ အိမ်ထောင်ကျတတ်တယ်၊ အချစ်ဦးနဲ့ လမ်းခွဲရတတ်တယ် . . .၊

(၃) ကြွင်းတဲ့ ယောကျ်ားလေးတွေဟာ အရွယ်လွန်နေတဲ့သူ၊ အပျိုမဟုတ်တဲ့ သူနဲ့ အိမ်ထောင်ကျတတ်တယ်၊ အိမ်ထောင်ကျပြီးသည်း တပူပူ၊ တဆူဆူနဲ့ အဆင်မပြေဖြစ်တတ်တယ်၊ မိန်းကလေးဆိုရင်တော့ မိမိက တစ်ဖက်သတ်ချစ်နေရသူ၊ မိမိက အလိုလိုက်ရသူတွေနဲ့ အိမ်ထောင်ကျပြီး ပူပင်သောကတွေ များတတ်တယ်၊

(၄) ကြွင်းတဲ့ ယောကျ်ားလေးတွေဟာ စိတ်ထားမြင့်မြတ်တဲ့၊ အကြင်နာတရား ကြီးမားတဲ့သူတွေနဲ့ အိမ်ထောင်ကျတတ်ပါတယ်၊ မိန်းကလေးဆိုရင်တော့ ဘာသိဘာသာနေတတ်သူ၊ အေးအေးချမ်းချမ်းနေလိုသူတွေနဲ့ အိမ်ထောင်ကျတတ်ပြီး အိမ်ထောင်ရေးက ကောင်းတတ်တယ် . . .၊

(၅) ကြွင်းတဲ့ ယောကျ်ားလေးတွေဟာ မမျှော်လင့်ဘဲ အိမ်ထောင်ကျတတ်တယ်၊ ချစ်ဦးသူနဲ့ ခွဲရတတ်တယ်၊ မိန်းကလေးဆိုရင်တော့ မိမိထက် အောင်မြင်ကျော်ကြားတဲ့၊ ချမ်းသာတဲ့သူနဲ့ အိမ်ထောင်ကျတတ်တယ်၊

(၆) ကြွင်းတဲ့ ယောကျ်ားလေးတွေဟာ မိမိက တစ်ဖက်သတ်ချစ်နေရတဲ့၊ အလိုလိုက်ရတဲ့သူတွေနဲ့ အိမ်ထောင်ကျတတ်တယ်၊ ပူပင်သောကတွေနဲ့ မကြာခဏ ကြုံတတ်ပါတယ်၊ မိန်းကလေးဆိုရင်တော့ မိမိထက် အသက်ကြီးတဲ့သူတွေနဲ့ ပေါင်းဖက်ရတတ်တယ်၊ အသက်ငယ်တဲ့သူနဲ့ အိမ်ထောင်ကျရင် မမြဲဘူး၊ ကွဲတတ်တယ် . . .၊

(၀) ကြွင်းတဲ့ ယောကျ်ားလေးတွေဟာ ဘာသိဘာသာ ခပ်အေးအေးနေတတ်သူတွေနဲ့ အိမ်ထောင်ကျတတ်ပြီး အိမ်ထောင်ရေး

သင့်ယာတတ်ပါတယ်၊ မိန်းကလေးတွေကျတော့ မိမိထက်အသက်ကြီးသူ၊ လူပျိုမစစ်တဲ့ သူတွေနဲ့ အိမ်ထောင်ကျတတ်တယ်၊ အိမ်တွင်းရေး တကျက်ကျက် ဖြစ်နေတတ်တယ် . . .၊

အာစရိလည်း သိပြီးသားနေမှာပါ . . . " လို့ ဦးဖြူက ပြောတော့တာပဲ။ ကျွန်တော်ကလည်း -

"ဟုတ်ကဲ့ သိပြီးသားပါ . . . " လို့ပဲ ပြန်ပြီးပြောလိုက်၊ နားထောင်ချင်ယောင် ဆောင်လိုက်၊ ဆေးလိပ်ကို ဖွာလိုက်နဲ့ လုပ်နေတော့တာပဲဗျို့ . . .။ ဒါနဲ့တင် သူက မပြီးသေးဘူး။ ထပ်ပြောတယ်။ ကျွန်တော်လည်း စိတ်ညစ်ညစ်နဲ့ နားထောင်နေရတာပဲ။ ဘယ်တတ်နိုင်မလဲ ဝင့်ကြွေးပေါ့ . . .။

"အာစရိတို့လည်း သိပြီးသားနေမှာပါ . . .၊ 'ဥ-သဿ၊ စိန်-ပန်း၊ ဒါန်း-လှ၊ ကို-ရှ'ဆိုတာ အိမ်ထောင်မိတ်တွေလေ . . .၊

တနင်္ဂနွေနဲ့ သောကြာ၊ အင်္ဂါနဲ့ ကြာသပတေး၊ စနေနဲ့ ဗုဒ္ဓဟူး၊ တနင်္လာနဲ့ ရာဟုတွေ ပေါင်းဖက်ရင် အိမ်ထောင်ရေးသာယာမယ်၊ အိမ်ထောင်မြဲမယ်၊ အဆင်ပြေမယ်ပေါ့ . . .၊

'ဓ-မှာ၊ သော-ကာ၊ အင်း-ဝ၊ ရာ-ဇာ' ဆိုတာကတော့ အိမ်ထောင်ဖက်ရန်လေ . . .၊

စနေနဲ့ ကြာသပတေး၊ သောကြာနဲ့ တနင်္လာ၊ တနင်္ဂနွေနဲ့ ဗုဒ္ဓဟူး၊ ရာဟုနဲ့ အင်္ဂါတွေ ပေါင်းဖက်ရင် မမြဲဘူး၊ ကွဲတတ်တယ်၊ တကျက်ကျက်ဖြစ်နေတတ်တယ်၊ အာစရိတို့လည်း သိပြီးသားနေမှာပါ"

ကျွန်တော်လည်း ဘာမှပြန်မပြောဘဲ ဆေးလိပ်ကိုသာ ဖွာနေလိုက်တော့တယ်။ ဦးဖြူကြီး ပြောစရာစကားလည်း ကုန်သွားရော ကျွန်တော့်ကို လက်နဲ့ကုတ်တယ်၊

"အာစရိ . . . အာစရိ သိပြီးသားမဟုတ်လား . . . "



"ဟုတ်ကဲ့ သိပြီးသားပါ . . . "

ကျွန်တော်လည်း တမင်ညစ်ပြီးတော့ သူ ဘာပဲပြောပြော 'ဟုတ်ကဲ့ သိပြီးသားပါ' လို့ပဲ ပြန်ပြီးဖြေနေတော့တာပဲဗျို့။

"အာစရိ သင့် မသင့် ကြည့်ပါဦး . . . "

"ဟုတ်ကဲ့ သိပြီးသားပါ . . . "

"အာစရိ ကျွန်တော့်သမီးက အပျိုအစစ်နော် . . . "

"ဟုတ်ကဲ့ သိပြီးထားပါ . . . "

"အာစရိ . . .၊ ဟိုဘက်က စနေသားကရော လူပျိုစစ်ပါ့မလား . . . "

"ဟုတ်ကဲ့ သိပြီးသားပါ . . . "

နောက်ပိုင်းကျတော့ သူလည်း စိတ်မရှည်တော့ဘဲ -

"အာစရိ ပြန်တော့မယ်ဗျာ . . . " လို့ ပြောတော့ ကျွန်တော်က -

"ဟုတ်ကဲ့ သိပြီးသားပါ . . . " လို့ ပြန်ပြောလိုက်တယ်။ သူလည်း စိတ်ညစ်ညစ်နဲ့ လှည့်ပြီး ပြန်သွားပါလေရော။ ဝါးနှစ်ပြန်လောက်ရောက်တော့ ကျွန်တော့်ကို တစ်ချက်ပြန်ပြီးကြည့်သေးတယ်။ ကျွန်တော်လည်း အသံကိုမြှင့်ပြီး -

"ဟုတ်ကဲ့ သိပြီးသား . . .၊ ဟုတ်ကဲ့ သိပြီးသား . . . " လို့ ပေပြီးပြောလိုက်တော့ ခေါင်းမွေးဖြူကြီးနဲ့ ဆရာလာပြီးလုပ်တဲ့ ဦးဖြူကြီးလည်း တစ်ချိုးတည်း လစ်ပြီးပြေးပါလေရောဗျာ . . .။

ဒါပါပဲ မိတ်ဆွေ . . .

အစတုန်းကတော့ မပြောဘူးအောက်မေ့နေတာ၊ ရင်ချောင်အောင်၊ အညောင်းပြေအောင်၊ ကိုယ်စိတ်ပေါ့ပါးအောင်ဆိုပြီး ပြောချလိုက်တာပဲဗျို့။ ဒါပေမဲ့ သူပြောခဲ့တာတွေကတော့ အမှန်တွေပါပဲဗျာ။

(၁) ကြွင်းတဲ့ယောကျ်ားလေးဟာ
အောင်မြင်ကျော်ကြားထက်မြက်တဲ့၊
မိမိထက်ချမ်းသာတဲ့
မိန်းကလေးတွေနဲ့
အိမ်ထောင်ကျတင်ပါတယ်၊
မိန်းကလေးဆိုရင်တော့
စိတ်သဘောထားကြီးတဲ့၊
စိတ်ထားမြင့်မြတ်တဲ့၊ ကြင်နာ
ယုယတတ်တဲ့ ယောကျ်ားလေးတွေနဲ့
အိမ်ထောင်ကျတတ်ပါတယ် ...



## ကျေကျေနပ်နပ်

## " ကျေကျေနပ်နပ် "

ကဲ . . . မိတ်ဆွေ။

ဒီတစ်ခါ မိတ်ဆွေကို ပြောပြချင်တာကတော့ တစ်နေ့မှာ ကျွန်တော့်ဆီကို အသက် ၃၀ ခန့် အမျိုးသမီးတစ်ယောက် ရောက်လာပါတယ်။ (၇)လခန့် ရှိတဲ့ ကလေးတစ်ယောက်ကို ပွေ့လျက်ပေါ့။ ကျွန်တော်နဲ့တွေ့တာနဲ့ -

"မကျေနပ်ဘူး။ ကျွန်မ လုံးဝကို မကျေနပ်ဘူး။ ခင်းက ဒီလို လုပ်လို့ရမလား။ သူများသားသမီးကို ယူထားတုန်းက ယူထားပြီးတော့" လို့ အစချီပြီး ပြောတော့တာပဲ။

သူ့ရဲ့စကားထဲမှာ ဒေါသံသံတွေ၊ နာကျည်းသံတွေ၊ မကျေနပ်တဲ့အသံတွေ ပါနေတယ်ဗျ။ ဖြစ်စဉ်ကတော့ သူ့ယောကျ်ားက ကောင်မလေးတွေနဲ့ ရှုပ်နေတယ်ဆိုတဲ့ ၁ခသံကိုကြားလို့ ပေါက်ကွဲနေတာ။ အသံကြားတာနော်။ ကိုယ်တိုင်တွေ့တာမဟုတ်ဘူး။



ကျွန်တော်လည်း သူ့ယောကျ်ား ခြေငြိမ်အောင်ဆိုပြီး ယတြာတစ်ခု လုပ်ပေးလိုက်တယ်။ တစ်ပတ်လောက်နေတော့ အဆင်ပြေသွားတယ်။ ကျွန်တော့်အတွက်လည်း ဘီစကွတ်မုန့်ပုံးကလေးတောင် ဝယ်လာပါသေးတယ်။ ကျွန်တော်ပြောချင်တာ အဓိကအကြောင်းအရာက အဲဒါမဟုတ်ပါဘူး။ အမျိုးသမီးပြန်သွားတော့ ကျွန်တော့်နားထဲမှာ

'မကျေနပ်ဘူး . . . ၊ လုံးဝမကျေနပ်ဘူး . . . ' ဆိုတဲ့ စကားသံဟာ ပဲ့တင်ထပ်နေတယ်။ မကျေနပ်ဘူး . . . ။ သူက ဘာကို မကျေနပ်တာလဲ။ သူ့ယောကျ်ား ခြေများနေတာကို မကျေနပ်တာ။ သူ့ယောကျ်ား ခြေငြိမ်သွားရင်ကော ကျေနပ်ပါ့မလား။ မကျေနပ်နိုင်ပါဘူး။ ဒါဆိုရင် ကျွန်တော်ကော အရာရာကို ကျေနပ်နေပြီလား။ မကျေနပ်သေးပါဘူး။ မိတ်ဆွေကော ကျေနပ်နေပြီလား။ မကျေနပ်သေးပါဘူး။ ဘာကြောင့် မကျေနပ်နေကြတာလဲ။

တကယ်တော့ ဘဝကို ဒါမှမဟုတ် အရာရာကို တင်းတိမ်ရောင့်ရဲကျေနပ်နေခြင်းဟာ ချမ်းသာသုခတစ်ခုပါပဲ။ အင်မတန်မှ တန်ဖိုးကြီးတဲ့၊ လူဖြစ်ကျိုးနပ်စေတဲ့၊ လူတိုင်း ပိုင်ဆိုင်ခွင့်ရတဲ့ ရတောင့်ရခဲအရာကြီးတစ်ခု ဖြစ်ပါတယ်။

ဒါဖြင့်ရင် ဒီလောက်တန်ဖိုးကြီးတဲ့၊ လေးမြတ်တဲ့ အရာကြီးတစ်ခုကို ငွေလည်း မပေးရ၊ အချိန်လည်း မပေးရ၊ လုပ်အားလည်း မပေးရဘဲနဲ့ ဘာလို့ မပိုင်ဆိုင်နိုင်ကြတာလဲ။ လက်လွှတ်ဆုံးရှုံးနေရတာလဲ။

ကျွန်တော်တို့ သတိမမူမိကြလို့ပါပဲ။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ဟာ ကျွန်တော်တို့ထက် ပိုက်ဆံတွေ ချမ်းသာတဲ့၊ ငွေကို ရေလိုဖြုန်းနိုင်၊ သုံးနိုင်တဲ့၊ နောက်ဆုံးပေါ် ကားကြီးတွေကို စီးနေနိုင်တဲ့ သူတွေကို ကြည့်ပြီး အားကျမိတယ်၊ အထင်ကြီးတယ်၊ သူတို့လို နေချင်

တယ်။ ကားကြီးတွေ စီးချင်တယ်။ ငွေကို ရေလိုဖြုန်းချင်တယ်။ ပျော်ချင်ပါးချင်တယ်။

ဒါပေမဲ့ တကယ်တမ်းကျတော့ ကျွန်တော်တို့ သူတို့လို မသုံးမဖြုန်းနိုင်ဘူး။ မနေနိုင်ဘူး။ အဲဒီမှာတင် ကိုယ့်ဘဝကို မကျေနပ်တာက စတော့တာပဲ။

ဘဝနှယ် ကုသိုလ်ကံရယ် နည်းလိုက်တာ . . .၊ လူလူချင်း တူနေပါလျက်နဲ့ သူတို့ကျတော့ တိုက်တွေကားတွေနဲ့ ငွေကို ရေလိုဖြုန်းလို့ သုံးလို့၊ ငါကျတော့ ' . . .၊ ငါ့မိသားစုကျတော့လည်း . . .။

ကိုယ့်ရဲ့ဘဝ၊ ကိုယ့်ရဲ့မိသားစုဘဝကို မတင်းတိမ် မရောင့်ရဲနိုင်၊ မကျေနပ်နိုင်ကြပါဘူး။

ဒါပေမဲ့ အဲဒီတိုက်ကြီးတွေ၊ ကားကြီးတွေနဲ့ ငွေကို ရေလိုဖြုန်းနေတဲ့သူတွေကို အနားနားကပ် လက်ကလေးတို့ပြီး မေးကြည့်ပါ။ သေချာတာကတော့ သူတို့လည်း မိတ်ဆွေနဲ့နည်းတူ ဘဝကို မကျေနပ်နိုင်ကြသေးပါဘူး။ မိတ်ဆွေထက်တောင် ပိုဆိုးချင်ဆိုးနေပါဦးမယ်။

ခမ်းနားထည်ဝါတဲ့ တိုက်ကြီးပေါ်မှာ နွေးနွေးထွေးထွေး ဇိမ်နဲ့နေတဲ့ ကလေးတစ်ယောက်ဟာ မိုးရွာထဲမှာ အကျီဗလာနဲ့ လွတ်လွတ်လပ်လပ် ပျော်ပါးဆော့ကစားနေတဲ့ ကလေးတွေကိုကြည့်ပြီး အားကျနေတယ်။ ပျော်ချင်နေတယ်။ သူ့ရဲ့ဘဝကို မတင်းတိမ်ဘူး။ မကျေနပ်နိုင်ဘူး။

အဲဒီလိုပဲ မိုးရွာထဲမှာ ဆော့ကစားပြီး ချမ်းချမ်းစီးစီးနဲ့ တုန်နေတဲ့ ကလေးဟာ ခမ်းနားထည်ဝါတဲ့ တိုက်ကြီးပေါ်မှာ ဇိမ်နဲ့ နွေးနွေးထွေးထွေးနေနေတဲ့ ကလေးကိုကြည့်ပြီး အားကျနေတယ်။ အဲဒီလိုနေချင်တယ်။ သူ့ဘဝကို မတင်းတိမ်နိုင်ဘူး။ မရောင့်ရဲနိုင်ဘူး။

ဖြစ်စဉ်ကတော့ ဒါပါပဲ မိတ်ဆွေ။ အဖြေထွက်လာတာက



တော့ တစ်စုံတစ်ယောက် ဒါမှမဟုတ် တစ်စုံတစ်ခုကို အားကျရာကနေ ရတာပါပဲ မိတ်ဆွေ။ အဓိကကတော့ ကျွန်တော်တို့ဟာ ကိုယ့်ဘဝ ကိုယ့်အခြေအနေတွေထဲမှာ မနေဘဲ အခြားသူတွေရဲ့ဘဝ၊ အခြားသူတွေရဲ့ အခြေအနေထဲကို ဝင်ကြည့်တယ်။ နှိုင်းယှဉ်တယ်။ အားကျမိတယ်ပေါ့။

ဒါပေမဲ့ ကျွန်တော်တို့ဟာ ကျွန်တော်တို့ထက် နိမ့်ကျတဲ့၊ စက်ဆုပ်ဖွယ်ကောင်းတဲ့၊ ဆိုးတဲ့သူတွေကိုကြည့်ပြီး၊ ဒါမှမဟုတ် နှိုင်းယှဉ်ပြီး ဘယ်နှခါများ ကျေနပ်ပြီးပြီလဲ။ ကျေနပ်မိတယ်ပဲထားဦး။ ဘယ်လောက်များ ကြာလိုက်သလဲ မိတ်ဆွေ။ သိပ်ပြီးမကြာပါဘူး။

စောစောက ကျွန်တော့်ဆီကိုလာတဲ့ အမျိုးသမီးဆိုရင် ယောကျ်ားဖြစ်သူ မိန်းမရှုပ်တာကို မကျေနပ်ဘူး။ ဒေါသဖြစ်နေတယ်။ ဒါဟာ ဘာကြောင့်လဲ။ သာသာယာယာဖြစ်နေတဲ့ မိသားစုကလေးတွေကို ကြည့်ပြီး မကျေမနပ်ဖြစ်နေတာပါ။

ဒါပေမဲ့ သူ့လို ၆ လအရွယ် ကလေးတစ်ယောက်နဲ့တိုပဲ ယောကျ်ားဆုံးသွားရတဲ့သူတွေ၊ ယောကျ်ားနဲ့ ကွဲသွားတဲ့သူတွေ၊ ယောကျ်ားက စွန့်ပစ်ခဲ့တဲ့သူတွေ အများကြီး အများကြီးရှိပါတယ်။ သူတို့နဲ့စာရင်တော့ ဒီအမျိုးသမီးရဲ့ အဖြစ်အပျက်ဟာ အသေးအဖွဲပါပဲ။ အဲဒီလိုလူတွေကိုကြည့်ပြီး နှိုင်းယှဉ်ပြီး ဒီအမျိုးသမီးက မဖြေသိမ့်ဘူး။ မတင်းတိမ်ဘူး။ မကျေနပ်နိုင်ဘူး။ ဒီလိုဖြစ်နေတာပေါ့။

မိတ်ဆွေကို စကားလေးတစ်ခွန်း လက်ဆောင်ပေးချင်တာက မိတ်ဆွေလည်း ကြားဖူးမှာပါ။

နှင်းဆီပန်းကလေးဟာ လှပနေတယ်။ ဘာကြောင့်လဲဆိုတော့ သူဟာ ကြာပန်းဖြစ်ဖို့ မကြိုးစားလို့ပဲ။ ကြာပန်းကလေးဟာလည်း လှပနေတယ်။ ဘာကြောင့်လဲဆိုတော့ သူဟာ နှင်းဆီပန်းဖြစ်အောင်

မကြိုးစားလို့ပဲ။

ကဲ . . . ကြာပါတယ် မိတ်ဆွေရာ . . .။ နှင်းဆီပန်းတွေရော၊ ကြာပန်းတွေရော ရှုပ်နေတာပဲ။ ကျွန်တော်က ဗေဒင်ဆရာဆိုတော့ ဗေဒင်ဆရာအလုပ်ပဲ လုပ်မယ်ဗျာ။

စောစောကလို ယောကျ်ားက ခြေများတယ်၊ ခြေငြိမ်အောင်လုပ်ချင်တယ်၊ သားသမီးတစ်ယောက်ယောက်၊ ဒါမှမဟုတ် တူ၊ တူမတွေ လည်တာပတ်တာ၊ တီဗွီဂိမ်းဆော့တာ၊ အရက်သောက်တာ၊ အပျော်အပါးလိုက်စားတာကို ထိန်းချုပ်ချင်တယ်ဆိုပါစို့၊ ကျွန်တော်တို့ သုံးတဲ့ နည်းတစ်ခု တင်ပြပေးလိုက်ပါ့မယ်။

တနင်္ဂနွေသားသမီးတစ်ဦးဦးဖြစ်နေတယ်ဆိုရင် တနင်္ဂနွေနေ့ ၇း၃၀ နာရီကနေ ၉း၀၀ နာရီအတွင်းမှာ ပြုလုပ်ရပါ့မယ်။ အနောက်တည့်တည့်ကို မျက်နှာမူပါ။ သပြေရွက်ပေါ်ကို နင်းပြီး ထန်းရွက်ပေါ်မှာ 'န'အက္ခရာရေးပြီး သူ့ရဲ့အိပ်ရာအောက်မှာ ထားပေးပါ။ အဲဒီလိုထားတဲ့အချိန်မှာပဲ ကိုယ်ဖြစ်ချင်တာကို အမိန့်ပြန်ပါ၊ ဆုတောင်းပါ။

တနင်္လာသားသမီးတစ်ဦးဦးဖြစ်နေတယ်ဆိုရင် တနင်္လာနေ့ ၇း၃၀ နာရီကနေ ၉း၀၀ နာရီအတွင်း ပြုလုပ်ရပါမယ်။ မြောက် တည့်တည့်ကို မျက်နှာမူပါ။ နှင်းဆီပန်းကို နင်းပြီး အုန်းရွက်ပေါ်မှာ 'အ' အက္ခရာရေးပြီး သူ့ရဲ့အိပ်ရာအောက်မှာ ထားပေးပါ။ အဲဒီလိုထားတဲ့အချိန်မှာပဲ ကိုယ်ဖြစ်ချင်တာကို အမိန့်ပြန်ပါ၊ ဆုတောင်းပါ။

အင်္ဂါသားသမီးတစ်ဦးဦးဖြစ်နေတယ်ဆိုရင် အင်္ဂါနေ့ ၇း၃၀ နာရီကနေ ၉း၀၀ နာရီအတွင်း ပြုလုပ်ရပါမယ်။ အနောက်တောင်အရပ်ကို မျက်နှာမူရပါမယ်။ အုန်းရွက်ကိုနင်းပြီး ကွမ်းရွက်ပေါ်မှာ 'က' အက္ခရာရေးပြီး သူ့ရဲ့အိပ်ရာအောက်မှာ ထားပေးပါ။ အဲဒီလိုထားတဲ့အချိန်မှာပဲ ကိုယ်ဖြစ်ချင်တာ အမိန့်ပြန်ပါ၊ ဆုတောင်းပါ။



ဗုဒ္ဓဟူးသားသမီးတစ်ဦးဦးဖြစ်နေတယ်ဆိုရင် ဗုဒ္ဓဟူးနေ့ ၇း၃၀ နာရီကနေ ၉း၀၀ နာရီအတွင်း ပြုလုပ်ရပါမယ်၊ အရှေ့မြောက်အရပ်ကို မျက်နှာမူရပါမယ်။ ကံ့ကော်ရွက်ကိုနင်းပြီး ဇီးရွက်ပေါ်မှာ 'ဆ'အက္ခရာရေးပြီး သူ့ရဲ့အိပ်ရာအောက်မှာထားပေးပါ။ အဲဒီလိုထားတဲ့အချိန်မှာပဲ ကိုယ်ဖြစ်ချင်တာကို အမိန့်ပြန်ပါ၊ ဆုတောင်းပါ။

ကြာသပတေးသားသမီးတစ်ဦးဦးဖြစ်နေတယ်ဆိုရင် ကြာသပတေးနေ့ ၇း၃၀ နာရီကနေ ၉း၀၀ နာရီအတွင်း ပြုလုပ်ရပါမယ်၊ အရှေ့တည့်တည့်အရပ်ကို မျက်နှာမူရပါမယ်။ ဇီးရွက်ကို နင်းပြီး ဝါးရွက်ပေါ်မှာ 'လ'အက္ခရာ ရေးပြီး သူ့ရဲ့အိပ်ရာအောက်မှာ ထားပေးပါ။ အဲဒီလိုထားတဲ့အချိန်မှာ ကိုယ်ဖြစ်ချင်တာကို အမိန့်ပြန်ပါ၊ ဆုတောင်းပါ။

သောကြာသားသမီးတစ်ဦးဦးဖြစ်နေတယ်ဆိုရင် သောကြာနေ့ ၇း၃၀ နာရီကနေ ၉း၀၀ နာရီအတွင်း ပြုလုပ်ရပါမယ်၊ အရှေ့တောင်အရပ်ကို မျက်နှာမူရပါမယ်။ ဝါးရွက်ကို နင်းပြီး ပေါက်ရွက်ပေါ်မှာ 'ဖ'အက္ခရာရေးပြီး သူ့အိပ်ရာအောက်မှာထားပေးပါ။ အဲဒီလိုထားတဲ့အချိန်မှာပဲ ကိုယ်ဖြစ်ချင်တာကို အမိန့်ပြန်ပါ၊ ဆုတောင်းပါ။

စနေသားသမီးတစ်ဦးဦးဖြစ်နေတယ်ဆိုရင် စနေနေ့ ၇း၃၀ နာရီကနေ ၉း၀၀ နာရီအတွင်း ပြုလုပ်ရပါမယ်၊ တောင်အရပ်ကို မျက်နှာမူရပါမယ်၊ မေမြို့ပန်းကိုနင်းပြီး သီဟိုဠ်ရွက်ပေါ်မှာ 'သ'အက္ခရာရေးပြီး သူ့ရဲ့အိပ်ရာအောက်မှာ ထားပေးပါ၊ အဲဒီလိုထားတဲ့အချိန်မှာပဲ ကိုယ်ဖြစ်ချင်တာ အမိန့်ပြန်ပါ၊ ဆုတောင်းပါ။

ကဲ . . . ဒီယတြာနည်းတွေနဲ့ပဲ မိတ်ဆွေရဲ့ဘဝကို တင်းတိမ် ရောင့်ရဲကျေနပ်နိုင်ပါစေဗျာ . . .။ ။

တကယ်တော့
ဘဝကို ဒါမှမဟုတ်
အရာရာကို တင်းတိမ်
ရောင့်ရဲကျေနပ်နေခြင်းဟာ
ချမ်းသာသုခတစ်ခုပါပဲ။
အင်မတန်မှ တန်ဖိုးကြီးတဲ့၊
လူဖြစ်ကျိုးနပ်စေတဲ့၊
လူတိုင်း ပိုင်ဆိုင်ခွင့်ရတဲ့
ရတောင့်ရခဲအရာကြီးတစ်ခု
ဖြစ်ပါတယ်။



# မပျင်းနဲ့

## " မပျင်းနဲ့ . . . "

တဲ . . . မိတ်ဆွေ။

ဒီတစ်ခါ မိတ်ဆွေကို ပြောပြချင်တာက ကျွန်တော်တို့ ဗေဒင်ဆရာတွေ နေ့စဉ်နဲ့အမျှ ကြုံတွေ့ရတဲ့၊ ကြားနေရတဲ့အထဲမှာ -

"ဆရာ . . . ကျွန်မ အလုပ်အမြန်ရချင်လို့ . . . "

"ဆရာ ကျွန်တော် လျှောက်ထားတဲ့အလုပ် ရချင်လို့ . . . "

ဆိုတာကလည်း တစ်ခုအပါအဝင်ပါပဲ။ အစပိုင်းတုန်းကတော့ ဒီလိုကိစ္စမျိုးတွေကို ယတြာလုပ်ပေးရတာ သိပ်ပြီးစိတ်မပါဘူး။ ဘာကြောင့်လဲဆိုတော့ အမှုကိစ္စ၊ အိမ်တွင်းရေးကိစ္စ၊ အမွေကိစ္စ၊ လူမှုရေးကိစ္စတွေလောက် စိတ်ဝင်စားစရာ မကောင်းလို့ပါပဲ။ ဒါဖြင့်ရင် 'အလုပ်'ဆိုတဲ့အရာဟာ အရေးမကြီးဘူးလားလို့ မေးစရာရှိပါတယ်။

ဒီလိုဆိုရင်တော့ မှားသွားမှာပေါ့။ ကျွန်တော်ပြောတဲ့အထဲမှာ စိတ်ဝင်စားဖို့ သိပ်ပြီးမကောင်းဘူးဆိုတာပဲပါတယ်။ အရေးမကြီး



ဘူး၊ အမိကမကျဘူးလို့ မပါဘူးလေဗျာ။

ကျွန်တော်တို့ ရပ်တည်ရှင်သန်ရှုန်းကန်နေရတဲ့ လူ့ဘဝကြီးမှာ အလုပ်က သိပ်ကို အရေးကြီးတာပေါ့ဗျာ။ တအားတအားကို အရေးကြီးပါတယ်။

ဘာကြောင့် ကျွန်တော် ဒီလိုပြောရဲတာလဲဆိုတော့ ကျွန်တော့်ရဲ့ ဗေဒင်ဆရာဘဝမှာ အင်မတန်မှ ချမ်းသာကြွယ်ဝတဲ့ သူဌေးကြီးတွေ၊ အောင်မြင်ကျော်ကြားတဲ့ အနုပညာရှင်တွေ၊ စာရေးဆရာတွေ၊ မင်းသားမင်းသမီးတွေနဲ့ အများကြီးကြုံတွေ့ဖူးပါတယ်။

အားလုံးမှာ သွားပြီးတူညီနေကြတာက သူတို့ဟာ တခြားသူတွေထက် ပိုပြီးအလုပ်လုပ်ကြပါတယ်။ ဒါကြောင့်လည်း ချမ်းသာကြွယ်ဝတဲ့၊ အောင်မြင်တဲ့ဘဝတွေကို ရရှိပိုင်ဆိုင်နေကြတာဖြစ်ပါတယ်။ သူတို့ဟာ အလုပ်လုပ်ခြင်း၊ အလုပ်ကြိုးစားခြင်းရဲ့ အသီးအပွင့်တွေကို ရယူပိုင်ဆိုင်ခံစားနေရတာဖြစ်ပါတယ်။

လူချင်းတူနေပါလျက်နဲ့ ချမ်းသာတဲ့သူ၊ ဆင်းရဲတဲ့သူ အောင်မြင်တဲ့သူ၊ မအောင်မြင်တဲ့သူဆိုပြီး ကွာခြားသွားတာဟာ အခြေခံကျောရိုးကတော့ 'အလုပ်'လုပ်ခြင်း၊ 'အလုပ်'ကြိုးစားခြင်းပါပဲ။

မိတ်ဆွေလည်း ဒီလိုအောင်မြင်တဲ့၊ ချမ်းသာကြွယ်ဝတဲ့သူတွေနဲ့ တွေ့ဆုံကြုံကြိုက်တဲ့အခါ မေးကြည့်ပါ။ အားလုံးရဲ့ အဖြေတွေ တူညီနေတာကို တွေ့ရပါလိမ့်မယ်။ အဲဒါကတော့ သူတို့ဟာ ဒီလိုဘဝကို သက်သောင့်သက်သာနဲ့ ကံကောင်းထောက်မစွာနဲ့ ရရှိပိုင်ဆိုင်လာခဲ့ကြတာမဟုတ်ဘူး။ တခြားသူတွေ အိပ်ချိန်၊ ပျော်ချိန်၊ ပါးချိန်၊ အပန်းဖြေချိန်မှာ ဒီလူတွေဟာ အလုပ်တွေကို မနားမနေ အပင်ပန်းခံ၊ အနစ်နာခံ ကြိုးစားခဲ့ရတာချည်းပါပဲ။

ဒီတော့ မိတ်ဆွေတို့၊ ကျွန်တော်တို့ဟာ ကြီးပွားချမ်းသာ

အောင်မြင်ချင်တဲ့သူတွေဆိုရင် ကိုယ်နဲ့ လုပ်ငန်းတူတွေ၊ ပြိုင်ဘက်တွေထက်ပိုပြီး အလုပ်ကို ကြိုးစားရတော့မှာပေါ့။

ကျွန်တော်တို့ရဲ့ ကျေးဇူးရှင် အဘဆရာကြီးမင်းသိခ် ယတြာပေးတဲ့၊ စာရေးတဲ့၊ အလုပ်လုပ်တဲ့ စားပွဲပေါ်မှာ အမြဲတမ်းတွေ့နေရတဲ့ ကျွန်တော်လည်း သဘောအကျဆုံးဖြစ်တဲ့ ဆေးအနက်ရောင်သုတ်ထားတဲ့ သစ်သားတုံးလေးမှာ ဆေးအဖြူနဲ့ ထင်ထင်ရှားရှား ရေးထားတဲ့ 'မပျင်းနဲ့'ဆိုတာပါပဲ။ ကျွန်တော် သိပ်ပြီးသဘောကျတယ်။ ဒါနဲ့ ကျွန်တော်လည်း ကျွန်တော့်ရဲ့အိပ်ရာခေါင်းရင်းမှာ အဘလိုပဲ 'မပျင်းနဲ့' ဆိုတဲ့ စာလေးကို ရေးထားပါတယ်။

ကျွန်တော် နည်းနည်းကြွားသလိုများ ဖြစ်နေမလားမသိဘူး၊ ကြွားသလိုမဖြစ်ပါဘူး။ အရှိုးခံအတိုင်း အတည့်ပြောပြတာပါ။

ဒါဖြင့်ရင် အလုပ်လုပ်တိုင်း၊ အလုပ်ကြိုးစားတိုင်း ကြီးပွားချမ်းသာအောင်မြင်မှာလားလို့တော့ တစ်ထစ်ချမပြောနိုင်ပါဘူး။ ကြိုးစားတဲ့သူတွေက မကြိုးစားတဲ့၊ ပျင်းတဲ့သူတွေနဲ့စာရင်တော့ အောင်မြင်ခွင့်၊ ကြီးပွားချမ်းသာခွင့် ရှိတာပေါ့ဗျာ။ မျှော်လင့်ချက်လည်း ရှိတာပေါ့ဗျာ။ မကြိုးစားတဲ့၊ ပျင်းတဲ့သူတွေကကျတော့ အဝေးကြီးပေါ့ဗျာ။

ဘာကြောင့် ဒီလိုပြောရတာလဲဆိုတော့ မိတ်ဆွေတို့၊ ကျွန်တော်တို့ တွေ့ဖူးတာပဲ။ လမ်းပြင်တဲ့နေရာတွေမှာ ကျင်းတူးနေတဲ့၊ ကျောက်ထုနေတဲ့သူတွေ အများကြီးရှိတာပဲ။ မိုးလင်းကနေ မိုးချုပ် နေပူကျဲကျဲကြီးထဲမှာ လုပ်နေကြရတာပါပဲ။ သူတို့လောက် ပင်ပန်းတဲ့သူ ဘယ်ရှိနိုင်မလဲ။ ဒါပေမဲ့ သူတို့ဟာ နေ့စားခပဲ ရကြပါတယ်။ သူဌေးကြီးတွေ မဖြစ်နိုင်သေးပါဘူး။

ဒီတော့ ကြီးပွားအောင်မြင်ဖို့ ကြိုးစားတဲ့နေရာမှာ အပင်ပန်းခံရုံ အလုပ်ပိုပြီးကြိုးစားရုံနဲ့တင် မပြီးသေးပါဘူး။ ဘယ်လိုနေရာမှာ



ဘယ်လိုအခြေအနေမှာ ဘယ်လိုကြိုးစားရမယ်၊ အားထုတ်ရမယ်၊ အပင်ပန်းခံရမယ်ဆိုတာလည်း ရှိသေးတယ်မဟုတ်လား။ ဒါကလည်း အဓိကကျပါတယ်။ ဘာလဲဆိုတာကတော့ မိတ်ဆွေအသိဆုံးပဲနေမှာပါ။

ဘယ်လိုပဲဖြစ်ဖြစ် မိတ်ဆွေမှာ အလုပ်လုပ်ချင်စိတ်တွေ၊ အလုပ်ကြိုးစားချင်စိတ်တွေ တဖွားဖွားဖြစ်လာမယ်၊ ဒါမှမဟုတ် မပျင်းတော့ဘူးဆိုရင် ကျွန်တော်လည်း ပြောပြရကျိုးနပ်ပါပြီ။

အမှန်အတိုင်းပြောရရင်တော့ ကျွန်တော်ဟာ ဗေဒင်လက္ခဏာဂမ္ဘီရပညာရပ်တွေကလွဲပြီး တခြားအရာတွေဆိုရင် ဘာဆိုဘာမှ မသိရိုးအမှန်ပါ။ ကျွန်တော်နဲ့လည်း မဆိုင်ပါဘူး။ ကျွန်တော်နဲ့ဆိုင်တာကိုပဲ ပြောပြတော့မယ်ဗျာ။

အလုပ် အမြန်ရချင်တဲ့သူများအတွက် အဆင်ပြေအောင်မြင်စေမယ့် ယတြာနည်းကိုပဲ ပြောပြရမှာမဟုတ်ဘူးလားဗျာ။ ဒါမှလည်း မိတ်ဆွေအတွက် အကျိုးရှိမယ်၊ ကျွန်တော်လည်း တာဝန်ကျေမယ်။ ဒါဟာ ကျွန်တော့်အလုပ်လည်း ဖြစ်တယ်လေ။

လူတစ်ယောက် အလုပ်မရှိလို့ အလုပ်လျှောက်ထားတာ အမြန်ရချင်တယ်ဆိုပါစို့။ ဗေဒင်ဆရာတွေ အားကိုးအားထားပြုသုံးစွဲတဲ့ ပညာရပ်အသီးသီးအလိုက် ယတြာဓာတ်ရိုက်ဓာတ်ဆင်နည်းတွေကတော့ အများကြီးပေါ့ဗျာ။ အားလုံး အစွမ်းထက် ထိရောက်တဲ့ ယတြာနည်းတွေပါပဲ။

ကျွန်တော့်ရဲ့လုပ်ငန်းအတွေ့အကြုံအရ မြန်ဆန်ထိရောက်အောင်မြင်တဲ့နည်းတွေကတော့ အသက်ကြီးတဲ့လူကြီးတစ်ယောက်ကို လွယ်အိတ်ကန်တော့ပြီး အလုပ်ရဖို့ ဆုတောင်းလိုက်ပါ။ ဒါဆိုရင် အလုပ်အမြန်ရပါပြီ။ သိပ်ပြီးမခက်ပါဘူး။

နောက်တစ်ခုက အာလူးတစ်လုံးပေါ်မှာ သာသနာ့အလံ ၁၄ ချောင်း စိုက်ပြီး ဘုရားလှူဆုတောင်းလိုက်မယ်ဆိုရင်လည်း အလုပ် အမြန်ရစေပါတယ်။

ဒါတွေပါပဲ မိတ်ဆွေ . . .။

ဒီယတြာနည်းတွေဟာ ဘယ်လောက်မြန်ဆန်ထိရောက်သလဲဆိုတာကတော့ အရေးကြုံလို့ သုံးကြည့်ပြီးမှ လက်တွေ့သိရပါလိမ့်မယ်။

ကဲ . . . ကျွန်တော် ပြောပြခဲ့တဲ့ ယတြာနည်းတွေနဲ့အတူ မိတ်ဆွေအနေနဲ့ အလုပ်တွေကြိုးစားရင်း ကြီးပွားအောင်မြင်ချမ်းသာတဲ့ဘဝကို အမြန်ဆုံးရရှိပိုင်ဆိုင်ခံစားနိုင်ပါစေဗျာ . . .။ ။



# အရာအားလုံးကို လက်ခံခြင်း

## " အရာအားလုံးကို လက်ခံခြင်း "

ကဲ . . . မိတ်ဆွေ။

ဒီတစ်ခါ မိတ်ဆွေကို ပြောပြချင်တာက ကျွန်တော်ဟာ ဗေဒင်ဆရာဆိုတော့ ဗေဒင်ဆရာ စပြီးဖြစ်တဲ့နေ့ကနေ ဒီကနေ့အထိ ကျွန်တော့်ဆီကိုလာတဲ့ ဧည့်သည်တွေထဲမှာ ပျော်လို့၊ ဝမ်းသာလို့ဆိုပြီး လာတဲ့သူ နည်းပါတယ်။ လက်ချိုးရေမယ်ဆိုရင်တောင် ရေလို့ရပါတယ်။

စိတ်ညစ်လို့၊ ဝမ်းနည်းလို့၊ သောကတွေရောက်နေလို့ဆိုပြီး လာတဲ့သူတွေက နေ့စဉ်နဲ့အမျှ ဒုနဲ့ဒေးပါပဲ။ လာနေဦးမှာပါပဲ။

ဘာကြောင့်လဲဆိုတော့ ကျန်းမာရေးညံ့လို့ ရောဂါဝေဒနာ ခံစားနေရတဲ့သူတွေက ဆရာဝန်တွေဆီ သွားကြတယ်။ အမှုအခင်း ပြဿနာတက်ပြီး ဖြေရှင်းရမယ့်သူတွေက ရှေ့နေတွေဆီ၊ တရားရေးရာ ကျွမ်းကျင်တဲ့သူတွေဆီ သွားကြတယ်။ ကိုယ့်ကို စော်ကားလို့၊



မဟုတ်တာလုပ်ခံရလို့ မကျေနပ်တဲ့သူတွေက ရဲစခန်းကို သွားပြီးတိုင်ကြတယ်၊ အကူအညီတောင်းကြတယ်။

မိမိတို့ရဲ့ အခက်အခဲ ပြဿနာအလိုက် သက်ဆိုင်တဲ့နေရာတွေမှာ သွားပြီးအကူအညီတောင်းရတာပေါ့။ အဲဒီသက်ဆိုင်တဲ့သူတွေဆီကိုလည်း သူတို့နဲ့ပတ်သက်တဲ့အကြောင်းကိစ္စလောက်ပဲ လာကြတာပေါ့။ ဆရာဝန်ဆီကို ကျန်းမာရေးညံ့တဲ့သူပဲလာတယ်။ အမှုသည် မလာပါဘူး။ ရှေ့နေဆီကိုလည်း အမှုသည်ပဲလာတယ်။ ကျန်းမာရေးအတွက် လာပြီးအကူအညီမတောင်းကြပါဘူး။ အရပ်စကားနဲ့ပြောရရင် သူ့လိုင်းနဲ့သူပေါ့။

ဒါပေမဲ့ ဗေဒင်ဆရာဆီကိုကျတော့ ကျန်းမာရေးညံ့လည်း လာတယ်။ အမှုဖြစ်နေတဲ့သူလည်း လာတယ်။ စီးပွားရေးအဆင်မပြေလည်း လာတယ်။ စာမေးပွဲနီးရင်လည်း လာတယ်။ ရာထူးတိုးချင်တဲ့သူလည်း လာတယ်။ ယောကျ်ားအိမ်ပေါ်က ဆင်းသွားလည်း လာတယ်။ ရည်းစားကွဲလည်း လာတယ်။ ကြွေးပူ၊ လင်ပူ၊ မယားပူ၊ ရည်းစားပူ စသည်ဖြင့် အပူအပင်သောကတွေအများကြီး အများကြီး လာတာပေါ့ဗျာ။

ဒါတွေအားလုံးကို စာရင်းချုပ်ပြီး ခေါ်ရမယ်ဆိုရင်တော့ ဒုက္ခပေါ့ဗျာ။ ဒုက္ခ . . . ဒုက္ခ . . .။

လူတွေ ဒုက္ခကြုံနေလို့ ဗေဒင်ဆရာတွေဆီလာပြီး အကူအညီတောင်းကြတယ်။ အပူကပ်ကြတယ်။ ဒုက္ခဆိုတာ ဘယ်လိုသတ္တဝါလဲ။ ရေတိုက်ရမှာလား။ ဖွဲ့နှကျွေးရမှာလား။

ဘယ်လိုပဲဖြစ်ဖြစ် သေချာတာကတော့ ဘယ်သူမှ ဒီဒုက္ခဆိုတဲ့ သတ္တဝါကို မလိုလား မနှစ်မြို့ကြပါဘူး။ ကျွန်တော်တို့ မိတ်ဆွေတို့ကို. ဒုက္ခပေးနေတာ ဒီဒုက္ခဆိုတဲ့အရာပါပဲ။

အဲဒီ ဒုက္ခဆိုတဲ့ အရာကို ကျွန်တော်တို့ တစ်ချက်ကလေး သတိထားကြည့်ရအောင်ပါ။ ဘာကိုခေါ်တာပါလိမ့်။

တစ်ခါက ကျွန်တော့်ဆီကို ကျွန်တော့်ရဲ့သူငယ်ချင်း အရင်းအခြာဖြစ်တဲ့ အောင်ထိုက်ဆိုတာ ရောက်လာပါတယ်။ အောင်ထိုက်ဆိုတာက သီးနှံတွေ ပွဲစားလုပ်ပြီး ကြီးပွားချမ်းသာနေတဲ့သူပါ။ တကယ့်လူချမ်းသာတွေနေတဲ့ နေရာမှာ တိုက်နဲ့ကားနဲ့၊ စီးတော့လည်း နောက်ဆုံးပေါ် ကားကြီးနဲ့၊ ငွေကိုလည်း ရေလိုသုံးတယ်။ တအား ချမ်းသာတယ်ပေါ့ဗျာ။ သူ့ဟာသူ ချမ်းသာတာပါ။ ကျွန်တော့်ဆီကိုလည်း တစ်ခါမှမလာပါဘူး။ ကျွန်တော့်ကိုလည်း ပိုက်ဆံတစ်ပြားမှ မပေးဖူးပါဘူး။

ကျွန်တော့်ဆီရောက်လာတော့ လွယ်အိတ်အစုတ်က လေးတစ်လုံးနဲ့ တစ်ကိုယ်လုံးလည်း စုတ်ပြတ်သတ်နေပြီ။

"သူငယ်ချင်း ...၊ ငါ့ကို ကူညီပါဦးကွာ ...၊ ငါ့မှာ နေစရာအိမ်လည်း မရှိတော့ဘူး၊ စီးစရာကားလည်း မရှိတော့ဘူး၊ သုံးစရာငွေလည်း မရှိတော့ဘူး၊ ဘာဆိုဘာမှမရှိတော့ဘူးကွာ ...၊ ငါ ကိုယ်ငါ သတ်တောင်သေချင်တယ် ..."လို့ ပြောပြီး ကျွန်တော့်ကို ဖက်ရင်း တရှုံ့ရှုံ့ငိုပါလေရော။

ကျွန်တော် လန့်သွားတယ်။ နောက် တုန်လှုပ်သွားတယ်။ မိန်းမတွေ ငိုတာကိုပဲ မြင်ဖူးတယ်၊ မိန်းမတွေက ခေါင်းကိုက်လည်း ငိုတယ်။ ဗိုက်အောင့်လည်း ငိုတယ်၊ မပြီးတော့ဘူး။

အခုလို ယောကျ်ားရင့်မာကြီးတစ်ယောက် ငိုတာကို တွေ့လိုက်ရတော့ အရမ်းတုန်လှုပ်သွားမိတာပေါ့။ ဒါနဲ့ ကျွန်တော်လည်း သူ့ရဲ့ကိန်းကို တွက်ချက်ကြည့်လိုက်တော့ အင်္ဂါသား စနေသက်ရောက် ဖြစ်နေတာကို တွေ့ရပါတယ်။ (နောက်ပိုင်းတွင် ရှင်းပြပါ့မယ်)



ကျွန်တော်လည်း အောင်ထိုက်ရဲ့ ကံဇာတာကို တွက်ချက်စစ်ဆေးပေးလိုက်ပါတယ်။ လိုအပ်တဲ့ ယတြာတွေလုပ်ပေးပြီးတာနဲ့ ကျွန်တော့်မှာရှိတဲ့ ရှိစုမဲ့စုငွေလေးတွေနဲ့ အဝတ်အစားအချို့ကို ပေးပြီး ပြန်လွှတ်လိုက်ရတာပေါ့ မိတ်ဆွေ။

ကျွန်တော့်သူငယ်ချင်းဖြစ်တဲ့ အောင်ထိုက်ပြန်သွားတော့ ကျွန်တော် စဉ်းစားမိတယ်။ စီးပွားရေးအဆင်ပြေနေတုန်းက နောက်ဆုံးပေါ် ကားကြီး တဝိုးဝိုးနဲ့ ငွေကို ရေလိုသုံးနေတယ်၊ ပျော်ခဲ့တယ်၊ ဘဝကို ကျေနပ်နေခဲ့တယ်၊ နောက်ဆုံးပေါ် ကားကြီးပေါ်မှာ မိန့်မိန့်ကြီးထိုင်ပြီး အရာရာကို ကျေနပ်တဲ့ အောင်ထိုက်ရဲ့မျက်နှာကို မြင်ယောင်မိတယ်ဗျာ။ အခုလို ကုန်းကောက်စရာမရှိတော့ ကြေကွဲဆိုနင့်စွာနဲ့ ငိုတယ်၊ ကိုယ့်ကိုယ်တောင် သတ်သေချင်တယ်တဲ့၊ သူ လက်မခံနိုင်ဘူး။

အောင်ထိုက် တရားပဲ့မလား မိတ်ဆွေ၊ လောကကြီးဆိုတာ အဖြူနဲ့အမည်း၊ အလင်းနဲ့အမှောင်၊ အကောင်းနဲ့အဆိုး၊ အခုံးနဲ့အခွက်၊ ဒုက္ခနဲ့သုခဆိုပြီး ဒွန်တွဲနေတာမဟုတ်လားဗျာ၊ အဖြူရှိရင် အမည်းရှိနေမှာပဲ၊ အကောင်းရှိရင် အဆိုးရှိနေမှာပဲ၊ သုခဆိုတဲ့ ချမ်းသာခြင်းရှိရင် ဒုက္ခဆိုတဲ့ ဆင်းရဲခြင်း ရှိနေမှာပဲမဟုတ်လား မိတ်ဆွေ။

"နှင်းဆီပန်းတလေးကို ချစ်ရင်၊ တန်ဖိုးထားရင် သူ့ရဲ့ ဆူးကိုလည်း လက်ခံရမယ် ..."

အဲဒီလိုပဲ သုခဆိုတဲ့ ချမ်းသာခြင်းကို ချစ်ရင်၊ တန်ဖိုးထားရင် ဒုက္ခဆိုတဲ့ ဆူးကိုလည်း လက်ခံရလိမ့်မယ်၊ အဲဒီလိုမဟုတ်ဘူးလား မိတ်ဆွေရာ။

နောက်တစ်ခု ဒုက္ခဆိုတဲ့အရာဟာ ဒုက္ခဆိုတဲ့ ခေါင်းစဉ်နဲ့ လာတာမဟုတ်ပါဘူး မိတ်ဆွေ၊ ကျွန်တော်တို့ ကိုးကွယ်နေတဲ့ ဝေါတမ

ဗုဒ္ဓဟာ ဘုရားအလောင်းသိဒ္ဓတ္ထမင်းသားဘဝမှာ စည်းစိမ်ဥစ္စာ၊ အာဏာ၊ ဇနီးသားမယားကိုစွန့်ပြီး တောထွက်ခဲ့တယ်။

အောင်ထိုက်ဟာလည်း သူ ပိုင်ဆိုင်တဲ့ တိုက်တွေ၊ ကားတွေ၊ စည်းစိမ်ဥစ္စာတွေကို စွန့်လွှတ်လိုက်ရတယ်။ စွန့်လွှတ်တာချင်းအတူတူကို သိဒ္ဓတ္ထမင်းသား စွန့်လွှတ်တာက ဒုက္ခကနေ လွတ်မြောက်ရာ လွတ်မြောက်ကြောင်းဖြစ်တယ်။ အောင်ထိုက် စွန့်လွှတ်လိုက်တာကျတော့ ဒုက္ခဖြစ်နေတယ်။

ဖြစ်စဉ်ကတော့ တစ်ပုံစံတည်းပါပဲ မိတ်ဆွေ။ အဲဒီဖြစ်စဉ်ကို ခံယူတဲ့၊ မြင်တဲ့သူရဲ့ ဆုံးဖြတ်တဲ့အပေါ် မူတည်ပြီး ဒုက္ခလား၊ သုခလားဆိုတာ ကွဲပြားသွားတာပါပဲ မိတ်ဆွေ။

ဥပမာ ဒူးရင်းသီးလိုပေါ့။ ဒူးရင်းသီးကို ကြိုက်တဲ့သူက မွှေးတယ်။ ကောင်းတယ်လို့ ပြောကြတယ်။ လက်ခံတယ်။ မကြိုက်တဲ့သူကျတော့လည်း မကောင်းဘူး။ အနံ့ရတာနဲ့ ခေါင်းတွေမူးပြီး အန်ချင်စိတ်ပေါက်တယ်။

ဒါပေမဲ့ ဒူးရင်းသီးကတော့ ဒူးရင်းသီးအတိုင်းပဲ ရှိနေတာ မဟုတ်လား မိတ်ဆွေ။

ဒီတော့ ဒုက္ခဆိုတာ ခေါင်းစဉ်တပ်ပြီးလာတာမဟုတ်ပါဘူး။ ကြုံတွေ့နေရတဲ့ ခံယူတဲ့သူအပေါ် မူတည်ပြီး ဖြစ်သွားတာပါ။ မိတ်ဆွေတို့ ကျွန်တော်တို့ ကြောက်နေတဲ့ ဒုက္ခဆိုတာ ဒူးရင်းသီးလိုပါပဲ မိတ်ဆွေ။ တကယ့်ကို ဒူးရင်းသီးကြီးပါပဲဗျာ။ ဘာများကြောက်စရာ၊ လန့်စရာ၊ လက်မခံနိုင်စရာ ဖြစ်နေရမှာလဲဗျ။ ခွဲစားပစ်လိုက်ရုံပေါ့။

အခု ကျွန်တော် ပြောပြတဲ့ စကားလေးဟာ မိတ်ဆွေရဲ့ ရင်ထဲ၊ နှလုံးသားထဲအထိ စိမ့်ဝင်သွားပြီးတော့ တစ်စုံတစ်ခုကို ကျေနပ်သွားတယ်။ ပီတိဖြစ်သွားတယ်။ လက်ခံသွားပြီဆိုရင် ကျွန်တော်လည်း



မောရကျိုး၊ ပင်ပန်းရကျိုး နပ်ပါပြီ။ မိတ်ဆွေနဲ့ ထပ်တူထပ်မျှ ပီတိတွေဖြာပြီး ကျေနပ်နေမိမှာ အမှန်ပါပဲဗျာ။

(မှတ်ချက်။ ။ စနေသက်ရောက်ဆိုသည်မှာ လူတစ်ယောက်၏ အသက်ကိုတည်၊ (၈) ဖြင့် စား။ တနင်္ဂနွေသားသမီး (၅) ကြွင်းသောနှစ်၊ တနင်္လာသားသမီး (၄)ကြွင်းသောနှစ်၊ အင်္ဂါသားသမီး (၃) ကြွင်းသောနှစ်၊ ဗုဒ္ဓဟူးသားသမီး (၂) ကြွင်းသောနှစ်၊ ကြာသပတေးသားသမီး (၆) ကြွင်းသောနှစ်၊ စနေသားသမီး (၁) ကြွင်းသောနှစ်ကို ဆိုလိုပါသည်။)

အဘဆရာကြီးကတော့ ၎င်းနှစ်ကို 'ဘဝပျက်' ဟု ဆိုပါသည်။ ကြောက်စရာမလိုပါ။ ယတြာဖိပြီး ချေရုံသာဖြစ်၏။ ယတြာမှာ

စနေညတစ်ညတွင် အဝတ်အစားအဟောင်းအစုတ် ဝတ်ပြီး ဘုန်းဘကြီးကျောင်း၊ သီလရှင်ကျောင်း၊ ရိပ်သာတစ်ခုခုတွင် သွားအိပ်ပါလေ။ အဖိုးတန်လက်ဝတ်ရတနာ၊ ငွေကြေးအများအပြား ယူဆောင်မသွားရပါ။ နောက်နေ့မနက်စောစောတွင် ၎င်းဝတ်အိပ်သော အဝတ်အစားများကို လမ်းဆုံလမ်းခွတွင် စွန့်ပစ်လိုက်ပါလေ။

စနေသားသမီးဆိုလျှင် စနေညဝတ်အိပ်သော လုံချည်ဟောင်းတစ်ထည်ကို နောက်နေ့မနက်စောစောတွင် စီးနေသော ရေထဲတွင် မျှောပစ်သည့်ယတြာ ထပ်မံပြုလုပ်ပါလေ။

အင်္ဂါသားသမီးဆိုလျှင် အင်္ဂါညဝတ်အိပ်သော လုံချည်ဟောင်းတစ်ထည်ကို နောက်နေ့မနက်စောစောတွင် စုတ်ဖြဲပြီး လမ်းဘေးချုံပုတ်ပေါ်တွင် စွန့်သည့်ယတြာ ထပ်မံပြုလုပ်ပါလေ။

တနင်္လာသားသမီးဆိုလျှင် တနင်္လာည ဝတ်အိပ်သော လုံချည်ဟောင်းတစ်ထည်ကို နောက်နေ့မနက်စောစောတွင် အိမ်နောက်ဖေး၌ မီးရှို့သည့်ယတြာ ထပ်မံပြုလုပ်ပါလေ။

စနေသက်ရောက်၏ မကောင်းကျိုး၊ ဆိုးကျိုးများကို ကာကွယ်နိုင်ပြီး ကောင်းကျိုးချမ်းသာများ ရရှိခံစားရပါလိမ့်မည်။

မိတ်ဆွေရဲ့ဘဝ၊ မိတ်ဆွေရဲ့မိသားစုဘဝကို များစွာအထောက်အကူပြုနိုင်ပါစေဗျာ . . .။



# ဘဝသစ်ပြန်စ

## " ဘဝသစ်ပြန်စ "

ဩော် . . . ဗေဒင်ဆရာဘဝ သိပ်တော့မလွယ်လှ၊ ဒါပေမဲ့ လည်း လွယ်ပါတယ်လေ . . .။

ဟင် . . . ဘယ်လိုစကားလဲ၊ လွယ်တာတွေရော၊ မလွယ်တာတွေရော ရှုပ်နေတာပဲ၊ ဟုတ်တယ်၊ လွယ်လည်းလွယ်တယ်၊ လွယ်လည်း မလွယ်ဘူး။

လွယ်တယ်ဆိုတာက ဗေဒင်ဆရာဆိုတော့ ဗေဒင်လက္ခဏာ ပညာတွေ တတ်ရမယ်၊ ဗေဒင်ကိန်းကို တွက်တတ်ရမယ်၊ ဗေဒင် ဟောတတ်ရမယ်၊ ယတြာ၊ ဓာတ်ရိုက်ဓာတ်ဆင်လည်း လုပ်ပေးတတ်ရမယ်၊ အဆောင်တွေဘာတွေလည်း လုပ်ပေးတတ်ရမယ်၊ ဒါဆိုရင် ဗေဒင်ဆရာဖြစ်ပြီပေါ့၊

အဲ . . . ဒါပေမဲ့ ဒီဗေဒင်ဆရာအလုပ်နဲ့ အသက်မွေးဝမ်းကျောင်းလုပ်တော့မယ်၊ ဒီဗေဒင်ပညာရပ်တွေနဲ့ မိမိဘဝကို တိုးတက်



အောင်မြင်အောင် လျှောက်ရတော့မယ်ဟေ့ဆိုရင်တော့ သိပ်ပြီးမလွယ်လှဘူးဗျ၊

ဘာကြောင့်လဲဆိုတော့ ကိုယ်တိုင် ဗေဒင်ဆရာဖြစ်မှပဲ တကယ့်ကိုပဲ ကိုယ်တွေ့လက်တွေ့ ကြုံရတော့တယ်၊ ဗေဒင်ကျမ်းဂန်တွေ၊ စာအုပ်တွေထဲမှာ မပါဘဲနဲ့ ဂရုစိုက်ရတဲ့၊ သတိထားရတဲ့၊ အင်မတန်မှ အရေးကြီးတဲ့ ပညာရပ်တွေ၊ အတွေ့အကြုံတွေ၊ အထာတွေ အများကြီးလိုတယ်ဗျ၊ ဒါကတော့ အောင်မြင်တဲ့ ဗေဒင်ပညာရှင်တစ်ယောက် ဖြစ်ချင်တယ်ဆိုရင်ပေါ့ဗျာ၊

ဥပမာ ကိုယ့်ဆီမှာ ဗေဒင်လာကြည့်တဲ့ လူတစ်ယောက်ရဲ့ ဗေဒင်ကိန်းကို အသေအချာတွက်ချက်စစ်ဆေးကြည့်လိုက်တဲ့အခါ 'အမှုအခင်းဖြစ်မယ်'ဆိုတဲ့ ကိန်းကို တွေ့ပြီဆိုပါတော့၊

အမှုအခင်းက ဗေဒင်မေးတဲ့သူ ဖြစ်မှာလေဗျာ၊ ဗေဒင်ဆရာဖြစ်မှာမှ မဟုတ်ဘဲကို၊ ဒီတော့ ဗေဒင်ဆရာအနေနဲ့မြင်ရင် မြင်တဲ့အတိုင်း၊ တွေ့ရင် တွေ့တဲ့အတိုင်း ဟောပေးရ၊ ကြည့်ပေးရတာပေါ့၊ ဗေဒင်ဆရာ့အပူ တစ်ပြားသားမှမပါဘူးလေဗျာ၊ ဒီတော့ ဗေဒင်ဆရာက တက်တက်ကြွကြွနဲ့ အသံကိုမြှင့်ပြီး အားရပါးရ -

"ဒီမယ် . . .၊ ခင်ဗျား ဒီနှစ်ထဲမှာ အမှုအခင်း မုချကြုံတွေ့ရမယ်ဗျ . . .၊ ဟား . . . ဟား . . . ဟား . . . ဟား . . . " လို့ ဟောလိုက်မယ်ဗျ၊ ဗေဒင်မေးတဲ့သူ ဘယ်လိုခံစားသွားရမလဲ၊ ကျေနပ်နိုင်ပါ့မလား၊ သူ အမှုအခင်းကြုံမယ့်ကိစ္စကို ဗေဒင်ဆရာက ဝမ်းသာသလိုဖြစ်သွားတော့ သူ ဘယ်ကျေနပ်မှာလဲ၊

ဗေဒင်ကိန်းကတော့ အမှန်ပဲလေ၊ အမှန်ကို ဟောတာပဲလေ၊ ဒါပေမဲ့ သဘာဝမကျဘူး၊ လိုက်လျောညီထွေမဖြစ်ဘူး၊ ဟန်ချက်ပျက်နေတယ်လေဗျာ၊ စိတ်ညစ်ရမယ့်ကိစ္စကို တက်တက်ကြွကြွနဲ့ အား

ရပါးရ ပျော်ပျော်ရွှင်ရွှင်ကြီး ဟောပေးလိုက်တာကိုး။ ဒါဆိုရင် ဗေဒင်ဘယ်လောက်ပဲမှန်မှန် အဲဒီလူ ကိုယ့်ဆီကို ဘယ်တော့မှ ဗေဒင်လာကြည့်တော့မှာမဟုတ်ဘူး။ ကိုယ်ဆိုရင်လည်း အဲဒီဗေဒင်ဆရာဆီကို ဗေဒင်သွားပြီး မမေးတော့ဘူး။ တာ့တာပဲ . . .။

အဲဒီလိုပဲ ဗေဒင်မေးကြည့်တဲ့သူရဲ့ကံကိန်းကို တွက်ချက်လိုက်တဲ့အခါ ထီဆုကြီးပေါက်မယ့်ကိန်း တွေ့ပြီဆိုပါတော့။ အဲဒီမှာ ဗေဒင်ဆရာက အသံကလေးညှောင်ညှောင်နဲ့ အားအင်ချည့်နဲ့ပြီး စိတ်မကောင်းတဲ့လေသံနဲ့ မျက်နှာကြီးကို ရှုံ့မဲ့ပြီး -

"ခင်ဗျားကတော့ဗျာ . . .၊ ဒီနှစ်ထဲမှာ ထီဆုကြီးပေါက်တော့မှာပါပဲဗျာ . . ." လို့ ဟောလိုက်မယ်။ ဗေဒင်မေးတဲ့သူ ဘယ်လက်ခံနိုင်ပါ့မလဲ၊ ဘယ်ကျေနပ်ပါ့မလဲ။ ဒါဆိုရင် ဗေဒင်ဘယ်လောက်ပဲမှန်မှန် အဲဒီလူ နောက်ဆိုရင် ကိုယ့်ဆီကို ဘယ်တော့မှမလာတော့ဘူး။

ဒီလိုမျိုးသာ လူတွေ မလာကြတော့ဘူးဆိုရင် ဗေဒင်ပညာတွေ ဘယ်လောက်ပဲတတ်တတ်၊ ဗေဒင်ဘယ်လောက်ပဲမှန်မှန်၊ ယတြာက ဘယ်လောက်ပဲစွမ်းစွမ်း အောင်မြင်တဲ့ ဗေဒင်ဆရာ ဘယ်ဖြစ်လာပါတော့မလဲ။

အခု ကျွန်တော် ပြောပြတဲ့အကြောင်းက ဘယ်ဗေဒင် ကျမ်းဂန်ထဲမှာမှ၊ ဘယ်ဗေဒင်စာအုပ်ထဲမှာမှ မပါဘူးနော်။ ဒီလိုပြောတော့ မိတ်ဆွေက ကျွန်တော့်ကို တအားအထင်ကြီးသွားမှာပေါ့နော်။ အထင်မကြီးပါနဲ့။ ကျွန်တော်တတ်တာမဟုတ်ဘူး။ အဘ သင်ပေးတာ။

အင်း . . . ပြောပြရမယ်ဆိုရင်တော့ အများကြီးအများကြီးပေါ့ဗျာ။ ဒါကလည်း ဆိုင်မရှိ ကန့်သားမရှိ လမ်းဘေးပလက်ဖောင်းမှာ ထင်းရှူးပုံးအစုတ်ကလေးကို ဗေဒင်စားပွဲလုပ်ပြီး ဗေဒင်ဆရာဘဝကို စခဲ့ရတဲ့ အဘရဲ့ မြောက်မြားလှစွာသော အတွေ့အကြုံတွေထဲက ကျွန်တော်တို့တပည့်တွေအတွက် တန်ဖိုးမဖြတ်နိုင်တဲ့၊ ကြီးမားတဲ့၊ မပင်ပန်းမဆင်းရဲဘဲ သက်သောင့်သက်သာ ရလိုက်တဲ့ အဘရဲ့ အတွေ့အကြုံအဆီအနှစ်တစ်ခုပါပဲ။ ဆရာစားမချန်ဘဲ အိတ်သွန်ဖာမှောက် သင်ပေးတဲ့အဘကို ကျေးဇူးတင်လေးစားမိတာ အမှန်ပါပဲဗျာ။ အဲဒီကျေးဇူးကို ဘယ်လိုဆပ်ရမယ်မှန်းတောင် မသိတော့ပါဘူးဗျာ။



ထားပါတော့လေ။ ပြောရင်းနဲ့ စကားက ဘယ်ကိုတောင် ရောက်သွားမှန်းမသိတော့ပါဘူး။

ဩော် . . . ကျွန်တော်ကကျတော့ တစ်မျိုးဗျ။ ကျွန်တော် ဗေဒင်ဟောရတာ အပျော်ဆုံးပဲ။ သဘောအကျဆုံးကတော့ သုံးထန်ပေါ်နိစ်ပညာရဲ့ ရာဟုသက်ရောက်ကိုဟောရတာ အပျော်ဆုံးပဲ။

ဘာကြောင့်လဲဆိုတော့ အဲဒီကိန်းကို အဘက 'ဘဝသစ်မြန်စ' လို့ သင်ပေးတယ်။ ပြီးခဲ့တဲ့ နှစ်တွေနှစ်တွေတုန်းက ကံတွေတအားဆိုးခဲ့၊ ညံ့ခဲ့တယ်။ စိတ်ညစ်စရာတွေ၊ စိတ်ရှုပ်စရာတွေနဲ့ ကြုံတွေ့ခဲ့ရတယ်။ အဲ . . . ဒီနှစ်အပိုင်းအခြားရောက်ပြီဆိုရင်တော့ ကံတွေလည်း တစ်စတစ်စ ကောင်းလာပြီ၊ ကံတွေကောင်းလာတာနဲ့ အမှု အလုပ်အကိုင်တွေ အင်နဲ့အားနဲ့ တိုးချဲ့လို့ရမယ်။ လုပ်ငန်းဆောင်တာတွေ ကြီးပွားတိုးတက်အောင်မြင်တော့မယ်။

သွားလေရာမှာ လူချစ်လူခင်တွေ များလာမယ်။ မျက်နှာပွင့်မယ်။ ပျော်ပွဲရွှင်ပွဲတွေ သွားရတော့မယ်။

နောက်တစ်ခုက ကျွန်တော်တို့သစ်ပင်တစ်ပင်စိုက်သလိုပေါ့ဗျာ။ စပြီးစိုက်စိုက်ချင်းမှာ အသီးဘယ်စားရမလဲ။ ရေလောင်းရမယ်။ ပေါင်းသင်ရမယ်။ မြေဩဇာကျွေးရမယ်။ အချိန်တန်မှ သီးချိန်တန်မှ အသီးက စားရတာမဟုတ်လား။ အခု ဒီနှစ်အပိုင်းအခြားကလည်း အဲဒီလိုပဲ၊ အရင်နှစ်တွေနှစ်တွေတုန်းက ကြိုးပမ်းအားထုတ်ခဲ့ရတဲ့ လုပ်

အဲ့သားတွေ၊ အချိန်တွေရဲ့ အကျိုးအမြတ်၊ အသီးအပွင့်တွေကို ပြန်ပြီး ခံစားရတဲ့နှစ်ပဲဗျ။ ဒါကြောင့် ဆုံးရှုံးမလိုဖြစ်နေတဲ့ ငွေတွေ၊ ပစ္စည်းတွေ ပြန်ရတတ်တယ်။ မိတ်ဟောင်းဆွေဟောင်းတွေနဲ့ တွေ့ရတတ်တယ်။ ကိုယ်ကျင့်တရား အထူးဂရုစိုက်ရတယ်။

အို . . . ပြောရမယ်ဆိုရင်တော့ အများကြီးပေါ့ဗျာ။ ကျွန်တော်ကတော့ ကျွန်တော့်ရဲ့ ဗေဒင်ဆရာဘဝမှာ ဟောရတာ အဖျော်ဆုံးကိန်းကို ပြောပါဆိုရင် အထက်ကပြောခဲ့တဲ့ ရာဟုသက်ရောက် ဒါမှမဟုတ် ဘဝသစ် ပြန်စဆိုတဲ့ ကိန်းကိုပဲ ပြောရမှာပဲဗျို့ . . .။ ဗေဒင်မေးတဲ့သူလည်း ဘဝသစ်ပြန်စပြီဆိုတော့။ ပျော်တာပေါ့ဗျာ။ ဝမ်းသာတာပေါ့။ ကျေနပ်တာပေါ့ဗျာ။ ကျွန်တော်က ဒီလိုပြောတော့ မိတ်ဆွေက 'တော်တော်အပြောကောင်းနေတယ်ပေါ့လေ၊ သူ ပြောချင်တာပဲ စွတ်ပြီးပြောသွားတယ်၊ တို့က ဗေဒင်ဆရာမှမဟုတ်ဘဲ၊ အဲဒါတွေ စိတ်မဝင်စားဘူး၊ တို့ စိတ်ဝင်စားတာက ရာဟုသက်ရောက်ကိုပဲ စိတ်ဝင်စားတာ . . .' လို့ ပြောစရာရှိပါတယ်။

စိတ်မရှိပါနဲ့ဗျ။ နည်းနည်းလောသွားလို့ပါ။ (ဆရာလုပ်ရတာ)

ရာဟုသက်ရောက် ဒါမှမဟုတ် ဘဝသစ် ပြန်စဆိုတဲ့ ကိန်းက လူတစ်ယောက်ရဲ့အသက်ကိုတည်၊ (၈) နဲ့ စားပါ။

တနင်္ဂနွေသားသမီးတွေ (၇) ကြွင်းတဲ့နှစ်၊ တနင်္လာသားသမီးတွေ (၆) ကြွင်းတဲ့နှစ်၊ အင်္ဂါသားသမီးတွေ (၅) ကြွင်းတဲ့နှစ်၊ ဗုဒ္ဓဟူးသားသမီးတွေ (၄) ကြွင်းတဲ့နှစ်၊ ကြာသပတေးသားသမီးတွေ (၂) ကြွင်းတဲ့နှစ်၊ သောကြာသားသမီးတွေ (၀) ကြွင်းတဲ့နှစ်၊ စနေသားသမီးတွေ (၃) ကြွင်းတဲ့နှစ်ကို ခေါ်တာပဲဗျ။ ကံကတော့ ကောင်းပြီးသားပါပဲ။ ဒါပေမဲ့ အင်္ဂါသားသမီးဆိုရင်တော့ အင်္ဂါနေ့ ညဝတ်အိပ်တဲ့ အကျီဟောင်းတစ်ထည်ကို နောက်နေ့မနက်စောစောမှာ ဆုတ်ဖြဲပြီး မြေကြီး



ထဲ မြှုပ်တဲ့ယတြာကို အဲဒီနှစ်မှာ အနည်းဆုံး (၂) ကြိမ်လောက် လုပ်ပေးရမယ်။

သောကြာသားသမီးဆိုရင်တော့ မွေးနေ့ညမှာ ဝတ်အိပ်တဲ့ လုံချည်ဟောင်းတစ်ထည်ကို နောက်နေ့မနက်စောစောမှာ ဆုတ်ဖြဲပြီး လမ်းဘေးချုံပုတ်ပေါ်မှာ စွန့်ပစ်ရတဲ့ယတြာ အနည်းဆုံး (၂) ကြိမ် လုပ်ပေးသင့်တယ်။

ကျွန်တော်ပြောပြတဲ့အထဲမှာ မိတ်ဆွေအတွက် အကျိုးရှိမယ့် အရာတွေနဲ့ ကျွန်တော့်ရဲ့စေတနာတွေ အပြည့်ပါပါတယ်။

မိတ်ဆွေရဲ့ဘဝ၊ မိတ်ဆွေရဲ့ မိသားစုဘဝကို များစွာ အထောက်အကူပြုပါစေဗျာ . . .။ ။

## " အလှူ "

ကဲ . . . မိတ်ဆွေ။

ဒီတစ်ခါ ပြောပြချင်တာကတော့ အလှူအတန်းနဲ့ပတ်သက်လို့ပါပဲ။ လှူတာပဲဗျာ၊ ဘာပဲလှူလှူ ကုသိုလ်ရတာပေါ့သို့ ပြောစရာရှိပါတယ်။ လှူတာကတော့ ဟုတ်ပါတယ်။ မိတ်ဆွေလည်း ကြားဖူးမှာပါ။

ကျွန်တော်တို့ မြန်မာလူမျိုးတွေမှာ 'အလှူရေစက် လက်နဲ့မကွာ' တို့၊ 'တစ်ဖူးရလို့ တစ်ဝက်ပဲလှူ'တို့၊ 'ထမင်းရေ ချောင်းစီး အလှူ' တို့ . . . စတာတွေဟာ ရင်ထဲ၊ နှလုံးသားထဲမှာ ကိန်းအောင်းပြီးဖြစ်နေတော့ ငွေကလေးများ အဆင်ပြေလာပြီဆိုရင် လှူဖို့ကိုပဲ စိတ်အားထက်သန်နေကြတော့တာပဲလေ။

သို့သော် တချို့ တံတားလှူပြီးမှ စီးပွားပျက်သွားတယ်၊ ရေကန်လှူပြီးမှ စီးပွားပျက်သွားတယ်။ မိသားစုတွေ တကွဲတပြားစီ



ဖြစ်ကုန်ကြတယ် . . . စသည်ဖြင့်ပေါ့လေ။ ကြားဖူးကြပါလိမ့်မယ်။

ကျွန်တော် ဆိုလိုချင်တာက မလှူရဘူး။ မလှူနဲ့လို့ ပြောတာမဟုတ်ဘူးနော်။ လှူပါ၊ လှူကြပါ။ သို့သော် ပိုပြီးအကျိုးရှိမယ့် အလှူမျိုး ဖြစ်စေချင်တဲ့ စေတနာတွေကြောင့် အခုလို ရှည်ရှည်လျားလျား ပြောပြနေတာပါ။

ရှေးတုန်းက ဆန်းဆရာကြီးတွေ ဆိုခဲ့တာရှိသဗျ။ ဒါကတော့ နေ့သားသမီးအလိုက် မလှူအပ်တဲ့၊ မလှူသင့်တဲ့အရာတွေပဲပေါ့ဗျာ။ ကျွန်တော်ပြောပြတာကို မိတ်ဆွေ အဓိပ္ပာယ်အကောက်မလွဲစေချင်ပါဘူး။ သတိထားရမှာကို ပြောတာပါ။ မိတ်ဆွေလည်း ကြားဖူးကြုံဖူးမှာပေါ့။

ဒီလူကြီးကတော့ ရေတွင်းလှူပြီးမှ ကျန်းမာရေးမကောင်းလို့ ဆုံးသွားတာ။ ဟိုအဒေါ်ကြီးကတော့ တံတားလှူပြီးမှ စီးပွားပျက်တာ၊ အိမ်ထောင်ပြိုကွဲသွားတာ . . . စသည်ဖြင့် ကြားဖူးတာလေးတွေကို ကျွန်တော် ပြောပြတဲ့ ရှေးဆန်းဆရာကြီးတွေရဲ့နည်းနဲ့ တိုက်ကြည့်လိုက်ပါ။ အံ့ဩစရာကောင်းလောက်အောင် တိုက်ဆိုင်နေတာ၊ မှန်နေတာ တွေ့ရပါလိမ့်မယ်။

ရှေးဆန်းဆရာကြီးတွေက ဘယ်လိုဆိုခဲ့တုံးဆိုရင် -

တနင်္ဂနွေသားသမီးတွေဟာ ဘုရားမတည်ကောင်းပါဘူး။

တနင်္လာသားသမီးတွေဟာ ကျောင်းမဆောက်ကောင်းပါဘူး။

အင်္ဂါသားသမီးတွေဟာ ဇရပ်မဆောက်ကောင်းဂါဘူး။

ဗုဒ္ဓဟူးသားသမီးတွေဟာ ရေတွင်းရေကန် မလှူကောင်းပါဘူး။

ကြာသပတေးသားသမီးတွေဟာ မြေ မလှူကောင်းပါဘူး။

သောကြာသားသမီးတွေဟာ သိမ်မဆောက်ကောင်းပါဘူး။

စနေသားသမီးတွေဟာ တံတားမဆောက်ကောင်းပါဘူးလို့ ဆိုခဲ့တာဗျ။ ဒါ ကျွန်တော်ပြောတာ မဟုတ်ပါဘူး။ ရှေးတုန်းက ဆန်းဆရာကြီးတွေ ဆိုခဲ့တာဗျ။

မိတ်ဆွေလည်း လှူဖို့တန်းဖို့ ရည်ရွယ်ချက်ရှိရင် သတိထား ဂရုစိုက်လို့ ရတာပေါ့ဗျာ။ မိတ်ဆွေနဲ့ပတ်သက်တဲ့ အပေါင်းအသင်းတွေ ကြုံရင်လည်း ပြောပြပေးလိုက်ပါဗျာ။

နောက်တစ်ခုရှိသေးတယ်။ လှူတဲ့ကိစ္စကိုပါပဲ။ ဒါလည်း ရှေးဆန်းဆရာကြီးတွေ ဆိုခဲ့တာပါပဲ။ မိမိနေအိမ်ရဲ့ ခြေရင်းဘက်အိမ်ကပန်းကို မိမိအိမ်က ဘုရားစင်မှာ မလှူကောင်းဘူး။ အိမ်ကို ဒါမှမဟုတ် စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးတွေကို ထိခိုက်စေတတ်ပါတယ်။

အခု ကျွန်တော် ပြောပြတဲ့နည်းတွေကို မသိရင်တော့ တော်တော်ခက်ခဲတဲ့နည်းတွေပါပဲ။ အခု သိသွားပြီဆိုတော့ သိပ်ပြီးပျော်သွားတာပေါ့ဗျာ။

ထပ်ပြီးပြောလိုက်ပါဦးမယ်။ မိတ်ဆွေကို မလှူနဲ့လို့ ပြောတာမဟုတ်ဘူး။ တားမြစ်တာမဟုတ်ဘူးနော်။ လှူတဲ့အခါတွေမှာ ဂရုစိုက်မိအောင် သတိထားမိအောင်လို့ စေတနာအရင်းခံနဲ့ ရှေးက ဆန်းဆရာကြီးတွေရဲ့နည်းကို တစ်ဆင့်ပြောပြပေးလိုက်တာပါ။

အလှူရေစက် လက်နဲ့မကွာ လှူဒါန်းနိုင်ကြပါစေ . . .။ ။

❦ ❦ ❦



# ကံမကောင်းခြင်းလက်ဆောင်

## " ကံမကောင်းခြင်းလက်ဆောင် "

ကဲ . . . မိတ်ဆွေ။

ဒီတစ်ခါ ပြောပြချင်တာကတော့ လက်ဆောင်နဲ့ပတ်သက်တာပါပဲ။ လက်ဆောင်ဆိုတာ ကျွန်တော့်အဖို့ သိပ်ပြီးအထူးအဆန်းတော့ မဟုတ်ပါဘူး။ မွေးနေ့လက်ဆောင်၊ မင်္ဂလာလက်ဆောင်၊ ရပ်ဝေးကနေ ပို့ပေးတဲ့ ရွှေကြေးလက်ဆောင်၊ ချစ်သူလက်ဆောင် စသည်ဖြင့်ပေါ့လေ အများကြီးရှိကြပါတယ်။

လက်ဆောင်ပေးတာပဲဖြစ်ဖြစ်၊ ကန်တော့တာပဲဖြစ်ဖြစ်၊ တန်ဖိုးရှိတာပဲဖြစ်ဖြစ်၊ တန်ဖိုးမရှိတာပဲဖြစ်ဖြစ် ကိုယ့်ကို ကြည်ညိုလေးစားလို့၊ ချစ်လို့၊ ခင်လို့ ပေးကြတာပဲမဟုတ်လား။ လက်ခံရမှာပေါ့။

ဒါပေမဲ့ တစ်ခါတလေကျတော့ ကိုယ့်ကိုချစ်လို့ခင်လို့၊ ကြည်ညိုလေးစားလို့ ပေးတဲ့၊ ကန်တော့တဲ့ အရာတွေဟာ တချို့ဆို ကိုယ့်ကိုလာပြီး ထိခိုက်တဲ့မျိုးလည်း ရှိသမျှ။ လက်ဆောင်ပေးတဲ့သူ၊ ကန်တော့



တဲ့သူတွေမှာတော့ အပြစ်မရှိပါဘူး။ သူတို့ကတော့ ဖြူဖြူစင်စင် ရိုးရိုးသားသား ပေးကြတာ၊ ကန်တော့ကြတာပါပဲ။ လက်ဆောင်တိုင်း ကိုယ့်ကို ထိခိုက်တယ်လို့တော့ ပြောနေတာမဟုတ်ပါဘူးနော်။ ကျွန်တော့်ရဲ့ အတွေ့အကြုံတစ်ခုကို ပြောပြပါ့မယ်။

ကျွန်တော့်မှာ ကြည်ညိုလေးစားရတဲ့ ဦးလေးတစ်ယောက်ရှိတယ်။ ကျွန်တော်တစ်ယောက်တည်း ကြည်ညိုလေးစားတာမဟုတ်ပါဘူး။ တစ်ဆွေလုံး၊ တစ်မျိုးလုံးက ကြည်ညိုလေးစားကြတာပါ။

တစ်ခုသော သီတင်းကျွတ်လမှာပေါ့၊ ကျွန်တော့်ဦးလေး နေမကောင်းဖြစ်တယ်။ ဖြစ်တာကတော့ သာမန်ပါ။ ဆေးခန်းသွားပြီးပြရလောက်အောင် မလိုပါဘူး။

သီတင်းကျွတ်လပြည့်နေ့လည်းရောက်ရော ကျွန်တော့်အစ်ကိုဝမ်းကွဲတစ်ယောက်က နိုင်ငံခြားကနေ ဝယ်လာခဲ့တဲ့ အကောင်းစားလက်ပတ်နာရီတစ်လုံး လာပြီးကန်တော့တယ်။ ဦးလေးလည်း သိပ်ပြီးပျော်သွားတာပေါ့။ နာရီကလည်း တော်တော်လှတယ်။ ခေတ်လည်းမီတယ်။ ဈေးလည်း တော်တော်လေးပေးရမှာပဲ။ ကျွန်တော့်ဦးလေးလည်း တော်တော်ပျော်သွားတာပေါ့။

အဲဒီအချိန်မှာ ခေါင်းရင်းအိမ်က ဦးထွန်းမှိုဆိုတဲ့ အဘိုးကြီးကတောင် နောက်သလိုလို ပြောင်သလိုလိုနဲ့ ပြောလိုက်ပါတယ်။

"ကိုယ့်လူ . . .၊ နာရီကတော့ တော်တော်ကောင်းတယ်၊ ကိုယ် ကြားဖူးတာကတော့ နေမကောင်းတဲ့အချိန်မှာ နာရီလက်ဆောင်ရရင် လျှော့သွားတတ်တယ်ဆိုပဲ . . ."

သူကတော့ နောက်သလိုလို ပြောင်သလိုလိုနဲ့ပြောတာပါ။ ကျွန်တော့်ဦးလေးကလည်း သဘောကျပြီး ရယ်တာပေါ့ဗျာ။ သိပ်မကြာပါဘူး။ ကျွန်တော့်ဦးလေး အကောင်းကြီးကနေ ရှော့ဖြစ်ပြီး ဆေးရုံကြီး

က အရေးပေါ် ဌာနကို ပို့လိုက်ရပါတယ်။

ကျွန်တော်လည်း ခေါင်းရင်းအိမ်က ဦးထွန်းမှိုဆိုတဲ့ အဘိုးကြီးပြောတဲ့စကားကို ပြန်သတိရပြီး ဦးလေးလက်မှာပတ်ထားတဲ့ လက်ပတ်နာရီကြီးကို ချွတ်လိုက်ပြီးတော့ တခြားတစ်ယောက်ကို ပေးပစ်လိုက်ပါတယ်။ ဒီလိုနဲ့ ဦးလေးလည်း ဆေးရုံမှာ တစ်လလောက်တက်ပြီးတော့ နေကောင်းတာနဲ့ ပြန်ဆင်းလာပါတော့တယ်။

အဲဒီအချိန်တုန်းကတော့ ကျွန်တော်က ဗေဒင်လက္ခဏာနဲ့ ဂမ္ဘီရပညာရပ်တွေ မတတ်ကျွမ်းသေးဘူးလေဗျာ။ ဒီပညာတွေကိုလည်း သင်လိုက်ရော ဒီအကြောင်းက ပါလာတော့တာပါပဲ။

သိပ်ပြီးဟုတ်တာဗျို့ . . .။ ကျန်းမာရေးညံ့နေတဲ့အချိန်၊ နေမကောင်းဖြစ်နေတဲ့အချိန်မှာ နာရီလာပြီးတော့ ကန်တော့တာပဲဖြစ်ဖြစ်၊ လက်ဆောင်ပေးတာပဲဖြစ်ဖြစ် လက်မခံလိုက်လေနဲ့။ မကောင်းတတ်လို့ လက်ခံရမယ်ဆိုရင်လည်း လက်ထဲမှာသိပ်ပြီးကြာကြာမထားနဲ့။ တခြားတစ်ယောက်ကို ချက်ချင်းသာ ပေးပစ်လိုက်ဗျို့ . . .။ ဒါအကောင်းဆုံးပဲ။

ကဲ . . . မိတ်ဆွေ။

ကျန်းမာရေးညံ့နေတဲ့အချိန်၊ နေမကောင်းဖြစ်နေတဲ့အချိန်မှာ နာရီလာပြီးတော့ ကန်တော့ရင်၊ ဒါမှမဟုတ် လက်ဆောင်လာပေးရင် ကျွန်တော် ပြောတာကို မမေ့နဲ့နော် . . .။ ။



# ကိုယ်လည်းကျန်းမာ စိတ်ချမ်းသာ

## " ကိုယ်လည်းကျန်းမာ စိတ်ချမ်းသာ "

ကျွန်တော်တို့ အခုရောက်နေတဲ့ လူ့ဘဝဆိုတာ ကြုံရခဲ့ပါတယ်။ အဲဒီလို ရောက်ရခဲ၊ ကြုံရခဲတဲ့ လူ့ဘဝမှာ ကျွန်တော်တို့ ရပ်တည်ရှင်သန်ရုန်းကန်နေရတဲ့ ဘဝကြီးမှာ အခြေခံအကျဆုံး၊ ပဓာနအကျဆုံး လိုအပ်ချက်ကတော့ ကျန်းကျန်းမာမာနဲ့ ရောဂါဘယကင်းစွာ အသက်ရှင်ရပ်တည်နိုင်ဖို့ပါပဲ။ ကျွန်တော်ပြောတာ ဟုတ်ပါတယ်နော်။ ကဲဗျာ . . . ကျွန်တော်တို့မှာ ငွေကြေးဥစ္စာတွေ ဘယ်လောက်ပဲ ကြွယ်ဝကြွယ်ဝ၊ ဘယ်လောက်ပဲပြည့်စုံချမ်းသာနေစမ်းပါစေ ကျန်းမာရေးမကောင်းဘူး၊ ရောဂါဘယတွေနဲ့ တရှောင်ရှောင်ဖြစ်နေမယ်ဆိုရင် ကျွန်တော်တို့ ပျော်နိုင်ပါ့မလ [illegible] သာယာနိုင်ပါ့မလား။ လူဖြစ်ရကျိုး နပ်ပါ့မလား။ မိတ်ဆွေ စဉ်းစားကြည့်ပါ။ ကျွန်တော်ပြောတာ ဟုတ်ပါတယ်နော်။ ဒါကြောင့် ကျွန်တော်တို့ ရှင်သန်ရုန်းကန်နေရတဲ့ လူ့ဘဝကြီးရဲ့ အဓိကအကျဆုံး၊ အခြေခံအကျဆုံး၊ ပဓာနအကျဆုံးက



တော့ ရောဂါဘယကင်းဝေးဖို့၊ ကျန်းမာရေးကောင်းနေဖို့ပဲမဟုတ်လားဗျာ။ ဟုတ်တာပေါ့ . . .။

အခုလို ကျန်းမာရေးက အရေးကြီးကြောင်း ကြီးကြီးကျယ်ကျယ်နဲ့ လျှောက်ပြီးပြောနေတာ ရောဂါတွေရဲ့အကြောင်း၊ ဝေဒနာတွေရဲ့အကြောင်း၊ ဆေးပညာတွေရဲ့အကြောင်းကို ပိုင်နိုင်နှံ့စပ်ကျွမ်းကျင်တယ်လို့တော့ မအောက်မေ့ပါနဲ့။ အထင်လည်း ကြီးမသွားပါနဲ့။

ကျွန်တော်က ရောဂါတွေနဲ့ပတ်သက်လို့၊ ဆေးပညာနဲ့ပတ်သက်လို့ ဘာရယ်ဆို ဘ[illegible]ှမှမသိသူပါ။ ဒါဖြင့် ဘာလို့ကျန်းမာရေးအကြောင်းကို ဆေးပါရဂူကြီးတစ်ယောက်ရဲ့လေသံမျိုးနဲ့ ပြောနေတာလဲ။

ဒါကတော့ ဒီလိုရှိပါတယ်။ ကျွန်တော်ဟာ ဗေဒင်ပညာနဲ့ အသက်မွေးဝမ်းကြောင်းပြုနေတဲ့ ဗေဒင်ဆရာတစ်ယောက်ပါ။ ဗေဒင်ဆရာဆိုပြီး အထင်လည်း သေးမသွားနဲ့ဦး။ ဗေဒင်ဆရာဆိုပေမဲ့ ယတြာစာတ်ရိုက်စာတ်ဆင်နည်းတွေ၊ ဂမ္ဘီရနည်းတွေကိုလည်း ထိုက်သင့်သလောက် တတ်ကျွမ်းပါရဲ့ဗျာ။ ဒါကလည်း ကျွန်တော့်ရဲ့ အသက်မွေးဝမ်းကြောင်းအလုပ်မို့ မတတ်လို့လည်း မဖြစ်လို့ ကြိုးစားပြီး လေ့လာကားရတာ၊ သင်ယူထားရတာပေါ့။ ဒါပေမဲ့ ကျွန်တော်က ဗေဒင်ဟောခသက်သက်ပဲ ယူပါတယ်။ ယတြာကြေး၊ စာတ်ရိုက်စာတ်ဆင်ကြေး မယူပါဘူး။

ကျွန်တော်ပြောချင်တာကတော့ ကျန်းမာရေး၊ ရောဂါပျောက်ကင်းရေးကိစ္စကို ဗေဒင်ဆရာတစ်ယောက်အနေနဲ့ ရပ်ပြီး ပြောပြမှာပါ။ ကျွန်တော်တို့ရဲ့ ပတ်ဝန်းကျင်မှာ ကြ[illegible]းကြုံဖူး၊ တွေ့ဖူးပါလိမ့်မယ်။ ရောဂါလည်း သိတယ်၊ ဆရာကောင်းသမားကောင်းလည်းရှိတယ်၊ ဆေးဝါးငွေကြေးလည်း ပြည့်စုံတယ်၊ ဒါပေမဲ့ ရောဂါက မပျောက်ဘူး

ဖြစ်နေတယ်။ နောက်တစ်ခု ရောဂါလည်း တူ၊ ကုတဲ့ဆရာချင်းလည်း တူ၊ စားတဲ့ဆေးလည်း တူပါလျက်နဲ့ တခြားသူတွေကျတော့ ရောဂါပျောက်ကင်းပြီး ဒေါင်ဒေါင်မြည်ဖြစ်နေလိုက်ကြတာ၊ ပျော်နေလိုက်ကြတာ။ ကိုယ့်ကျတော့ ခုထက်ထိကို မပျောက်နိုင်ဘူး၊ မပျော်နိုင်ဘူး။ ဒါဟာ ကျွန်တော ဗေဒင်ဆရာတစ်ယောက်ဘက်ကနေ ပြောရမယ်ဆိုရင်တော့ ကံကြောင့် မပျောက်တာပေါ့။ မိတ်ဆွေ လက်ခံပါတယ်နော်။

ကံကြောင့် ရောဂါက မပျောက်တာဆိုရင်တော့ ဘာလုပ်ရမလဲ။ ယတြာချေရမှာပေါ့။ ယတြာချေလိုက်ရင်တော့ တခြားလူတွေလိုပဲ ကောင်းသွားမှာ၊ ပျောက်သွားမှာပေါ့။ ဟုတ်ပါ့မလား၊ ဖြစ်နိုင်ပါ့မလားလို့ မေးစရာရှိတယ်၊ အဲဒါကတော့ မိတ်ဆွေကိုယ်တိုင် လုပ်ကြည့်မှပဲယုံလိုက်ပါ။

ကျွန်တော့်ရဲ့ ဗေဒင်ဆရာဘဝတစ်လျှောက်မှာ ရောဂါဝေဒနာ ခံစားနေရတဲ့သူတွေ တော်တော်များများကို ယတြာချေပေးဖူးတဲ့ အတွေ့အကြုံ ရှိပါတယ်။ ယတြာနည်းတွေကတော့ အများကြီးပေါ့ဗျာ။ ကျွန်တော့်ရဲ့ ဆရာကြီးကလည်း များစွာသင်ပေးထားပါတယ်။ အဲဒီအထဲမှာမှ လက်တွေ့အသုံးချအောင်မြင်ခဲ့တဲ့၊ လွယ်ကူထိရောက်တဲ့၊ လုပ်ရတာလွယ်တဲ့ ယတြာနည်းလေးတွေကို ကျွန်တော် ပြောပြပါမယ်။ အဲဒီထဲမှာ မိတ်ဆွေ သိပြီးသားတွေ၊ ကြားဖူးပြီးသားတွေပါရင်ပါနေမှာပါ။ သိပ်ပြီးစိုးရိမ်စရာ မလိုပါဘူး။ ကျော်ပြီးဖတ်လိုက်ရုံပဲပေါ့။ အားလုံးသိပြီးသားဆိုရင်လည်း မသိသေးတဲ့ လူတစ်ယောက်ကို ပေးဖတ်လိုက်ပါဗျာ။ ဒါပါပဲ သိပ်ပြီးလည်းမခက်ပါဘူး။

ပထမနည်းကတော့ အဘဆရာကြီးမင်းသိခ်ရဲ့ သင်္ဘောသီးကြက်လျှာယတြာနည်းပါ။ ပျောက်လည်းပျောက်တယ်။ အကုန်အကျလည်း သက်သာတယ်။ ထိလည်း ထိရောက်တယ်။ ပထမဆုံး ဟင်း



ရေသောက် ကြွေပန်းကန်ထဲမှာ သင်္ဘောသီးတစ်လုံးကို အညှာအပေါ်မှာထားပြီး ထောင်ထားရမယ်။ အဲဒီသင်္ဘောသီးမှာမှ ဘုရားကိုလှူတဲ့ ရောင်စုံကြက်လျှာ (၉) ချောင်း စိုက်ရမယ်။ အဲဒီကြက်လျှာတွေအပေါ်မှာတော့ လူနာရဲ့နာမည်၊ နေ့သား၊ ရောဂါအမည်တွေကို ရေးရမယ်၊ ဝေဒနာ (ကိုယ်ခံစားနေရတာ)တွေကို ရေးရမယ်။ ပြီးရင် သင်္ဘောသီးအညှာပေါ်မှာ ဖယောင်းတိုင်ထွန်းပြီး ဆုတောင်းလိုက်ရုံပါပဲ။ ဒါပါပဲ။ အကုန်အကျလည်း သက်သာတဲ့၊ အလွန်လွယ်ကူတဲ့နည်းပါ။ လူပေါင်းများစွာရဲ့ အသက်တွေကို ကယ်တင်ပေးခဲ့တဲ့၊ ရောဂါတွေကို ပျောက်ကင်းစေခဲ့တဲ့နည်းပါပဲ။ အခုလက်ရှိလည်း ဆရာကြီးမင်းသိခ်ရှော၊ တပည့်တွေရော အားလုံး ဒီနည်းသုံးကြတာ များပါတယ်။

နောက်တစ်ခုကတော့ ကြေးဖလား အသေးတစ်လုံးမှာ ဘုရားလှူတဲ့ ရွှေပြားတစ်ပြားကပ်ပါ။ ကြေးဖလားထဲမှာ ထောပတ်အပြည့်ထည့်ပါ။ ညနေ နေဝင်ချိန် လူနာရဲ့ခေါင်းရင်းမှာ လူနာမြင်အောင်ပြပြီး တစ်ညသိပ်ထားပါ။ နောက်နေ့မနက်စောစော မိုးမလင်းခင်မှာ လူနာမမြင်အောင် တစ်ခုခုနဲ့ ကွယ်ထုတ်ပြီးတော့ တန်ခိုးကြီးဘုရားတစ်ဆူဆူမှာ လူနာရဲ့ မွေးနံ့ထောင့်ကနေ ဖလားပါ အပြီးလှူပြီးလူနာအတွက် တဝကြီးဆုတောင်းပေးလိုက်ပါ။ အဲဒီနည်းကိုလည်းအသက်ကယ်ကြေးဖလားယတြာနည်းလို့ ခေါ်ပါတယ်။ ဒီနည်းကလည်း ရှေးက ဟိန္ဒူဆရာကြီးတွေ သုံးခဲ့တဲ့ လူနာအသက်ပေါင်းများစွာကို ကယ်တင်ခဲ့တဲ့နည်းပါပဲ။

မိတ်ဆွေ နည်းနည်းနားရှုပ်သွားပြီလားမသိဘူး၊ နားမရှုပ်ပါဘူးနော်။ နောက်တစ်နည်းကတော့ အထက်ဆောင်ပန်း၊ အောက်နင်းကြမ်းယတြာနည်းနဲ့ ရောဂါပျောက်ကင်းသက်သာစေတဲ့နည်းပါပဲ။ အဲဒါကတော့ တနင်္ဂနွေသားသမီးတစ်ဦးဦး နေမကောင်း၊ ထိုင်မ

ကောင်းဖြစ်လို့ ရောဂါခံစားနေရရင် လူနာရဲ့အပေါ်မှာ မေမြို့ပန်း (၅) ပွင့်၊ သပြေ (၆) ညွန့်၊ ကံ့ကော် (၂) ညွန့်ကို ကြိုးချည်ပြီး ချိတ်ထားပေးပါ။ လူနာရဲ့ဖင်အောက်မှာတော့ ဇော်စိမ်း (၃) ညွန့်၊ နှင်းဆီ (၇) ပွင့်၊ ရွက်လှ (၄) ညွန့် ထားပြီး အိပ်ခိုင်းပါ။ နှစ်ရက်လောက်ကြာတဲ့အခါမှာ သူ့ရဲ့ ဘုမ္မိအရပ်ဖြစ်တဲ့ တောင်အရပ်မှာ လူနာမှာရှိတဲ့ အညှီအနိုက်တွေ၊ ရောဂါဝေဒနာတွေ ပါသွားပါစေလို့ ပါးစပ်ကပြောပြီး စွန့်လိုက်ပါ။ ရောဂါဝေဒနာတွေ ချက်ချင်းသက်သာပျောက်သွားပါလိမ့်မယ်။ ဆရာကောင်းသမားကောင်းလည်း တွေ့ပါလိမ့်မယ်။ ဒါကတော့ မကာလ လောပ တောင်တွင်းအကျော် ဆရာတော်ခင်ကြီးဖျော်ရဲ့ နည်းပါပဲ။ 'အထက်ဆောင်ပန်း အောက်နင်းကြမ်း တစ်ခန်းယူမှီးကြ' လို့ သူ့ရဲ့ကျမ်းမှာလည်း ဆိုထားသဗျ။

အဲဒီတော့ မိတ်ဆွေအနေနဲ့ မေးစရာတွေ ရှိသေးတာပေ့ါ။ ကျန်တဲ့နေ့သားတွေကျတော့ ဘယ်လိုလုပ်မလဲ။ သိပ်ပြီးဆန္ဒမစောပါနဲ့ဦး။ ဇယားကွက်နဲ့ သေသေချာချာ ရေးပြထားပေးပါမယ်။

ဒီဇယားအတိုင်းဆိုရင်တော့ ကျန်တဲ့နေ့သားတွေအတွက်ပါ သိရှိသွားပြီ၊ လုပ်တတ်သွားပြီပေ့ါ။

နောက်ထပ်တစ်နည်းလည်း ရှိသေးတယ်ဗျ၊ အဲဒါကလည်း အထက်ကနည်းတွေလိုပဲ တော်တော်စွမ်းတဲ့နည်းပါပဲ။ ကျွန်တော် ပြောတာ မယုံပါနဲ့ဦး၊ လက်တွေ့အသုံးချပြီးမှ ယုံပါ။ ရောဂါဝေဒနာခံစားနေရတဲ့ လူနာရဲ့အသက်ကိုတည်၊ (၇)နဲ့ စားလိုက်ဗျာ၊ အကယ်၍ (၁)ကြွင်းတယ်ဆိုပါစို့၊ ဒါဆိုရင် လူနာရဲ့အနီးမှာ (၀) သီချင်းဆိုပေး ဒါမှမဟုတ် သီချင်းခွေ ဖွင့်ပေးထား။ (၂) ကြေးစည်သံ၊ ကြေးဖလားသံ တီးပေး၊ (၃) ဗျောသံ၊ ပုလွေသံ ဖွင့်ပေးထားလိုက်ပါ ရောဂါ မုချ ပျောက်ကင်းသက်သာသွားပါလိမ့်မယ်။ ဒီနည်းဟာလည်း အင်မတန်



| နေ့သား | အပေါ်တွင် ချိတ်ရမည့်ပန်း | အောက်မှာထားရမည့်ပန်း | စွန့်ပစ်ရမည့်အရပ် |
|---|---|---|---|
| တနင်္ဂနွေ | မေမြို့ ၅၊ ကံ့ကော် ၂၊ သပြေ ၆ | ဇော်စိမ်း ၃၊ နှင်းဆီ ၇၊ ရွက်လှ ၄ | တောင်ဘက်အရပ် |
| တနင်္လာ | သပြေ ၆၊ ဇော်စိမ်း ၃၊ နှင်းဆီ ၇ | ရွက်လှ ၄၊ အုန်း ၁၊ မေမြို့ ၅ | အနောက်တောင် |
| အင်္ဂါ | နှင်းဆီ ၇၊ ရွက်လှ ၄၊ အုန်း ၁ | မေမြို့ ၅၊ ကံ့ကော် ၂၊ သပြေ ၆ | အနောက်အရပ် |
| ဗုဒ္ဓဟူး | အုန်း ၁၊ မေမြို့ ၅၊ ကံ့ကော် ၂ | သပြေ ၆၊ ဇော်စိမ်း ၃၊ နှင်းဆီ ၇ | အနောက်မြောက် |
| ကြာသပတေး | ကံ့ကော် ၂၊ သပြေ ၆၊ ဇော်စိမ်း ၃ | နှင်းဆီ ၇၊ ရွက်လှ ၄၊ အုန်း ၁ | အရှေ့မြောက် |
| သောကြာ | ဇော်စိမ်း ၃၊ နှင်းဆီ ၇၊ ရွက်လှ ၄ | အုန်း ၁၊ မေမြို့ ၅၊ ကံ့ကော် ၂ | အရှေ့တောင် |
| စနေ | ရွက်လှ ၄၊ အုန်း ၁၊ မေမြို့ ၅ | ကံ့ကော် ၂၊ သပြေ ၆၊ ဇော်စိမ်း ၃ | မြောက်အရပ် |

အစွမ်းထက်မြက်တဲ့နည်းပါပဲ။ 'အပဓာတ်မှာ နံကိုရှာ၊ ကြံခါလွန်ချမ်းသာ' လို့ ကျမ်းမှာဆိုထားသဗျ။ အဲဒီတော့ ကျန်တဲ့နေ့သားတွေပါ လုပ်လို့ရအောင် အထက်ကလို ကျွန်တော် ဇယားနဲ့ ချပြပါမယ်။

လူနာရဲ့အသက်ကို တည်၊ (၇)နဲ့ စားလိုက်ပါ။ အကြွင်းအလိုက်ပင် လူနာရဲ့အနီးတွင် လုပ်ရမယ့်ယတြာများကို အောက်တွင် ဖော်ပြထားပါသည်။

| အကြွင်း | လုပ်ရမည့် ယတြာ |
|---|---|
| (၁) ကြွင်း | (၁) သီချင်းဆို၊ (သို့) သီချင်းခွေ ဖွင့်ပေးပါ။<br>(၂) ကြေးဖလားသံ (သို့) ကြေးစည်သံထွက်အောင် တီးပေးပါ။<br>(၃) ဗျောတီးသို့ (သို့) ပုလွေသံ ဖွင့်ပေးပါ။ |
| (၂) ကြွင်း | (၁) လူနာအနီးတွင် ဖယောင်းတိုင်မီးထွန်းပေးထားပါ။<br>(၂) စောင်းသံ (သို့) အငြိမ့်ခွေ ဖွင့်ပြပါ။<br>(၃) သီချင်းဆို (သို့) သီချင်းသံ ဖွင့်ပေးပါ။ |
| (၃) ကြွင်း | (၁) အံချင်း၊ အဲချင်း သီချင်းဆိုပေး၊ဖွင့်ပေး။ (သို့) အုန်းပင်တစ်ပင် ထားပေးပါ။<br>(၂) လက်ခုပ်တီးပေး (သို့) ရေမျှားမျှားထား။<br>(၃) နှဲပတ်သံ၊ တယောသံ တီးပေး၊ ဖွင့်ပေး။ |
| (၄) ကြွင်း | (၁) ကြေးစည်သံ၊ ကြေးဖလားသံ တီးပေးပါ။<br>(၂) ဗျောတီးသံ၊ ပုလွေသံ တီးပေး၊ မှုတ်ပေး။ |



| အကြွင်း | လုပ်ရမည့် ယတြာ |
|---|---|
| | (၃) အံချင်း၊ အဲချင်း သီချင်းဆိုခြင်း၊ ဖွင့်ပေးခြင်း (သို့) အုန်းပင်ထားပေးပါ။ |
| (၅) ကြွင်း | (၁) စည်သံ၊ စောင်းသံ တီးပေး၊ ဖွင့်ပေးခြင်း။<br>(၂) သီချင်းဆို၊ သီချင်းဖွင့်ပေးခြင်း။<br>(၃) ကြေးစည်သံ၊ ကြေးဖလားသံပေးခြင်း။ |
| (၆) ကြွင်း | (၁) လေ၊ လှည်းစီးခြင်း၊ ရေမျှားမျှားထားပေး။<br>(၂) တယောသံ ပေးခြင်း (သို့) ဖယောင်းတိုင်မီးထွန်းပေးခြင်း။<br>(၃) စောင်းသံ၊ စည်သံ တီးပေး၊ ဖွင့်ပေးခြင်း။ |
| (၀) ကြွင်း | (၁) ဗျောသံ၊ ပုလွေသံပေးခြင်း။<br>(၂) အိုးထဲတွင် အုန်းပင်ထည့်၍ ထားပေးပါ။<br>(၃) ရေမျှားမျှားထားခြင်း (သို့) လက်ခုပ်တီးပေးခြင်း။ |

အခု ဇယားနဲ့ ဖော်ပြထားတဲ့ နည်းတွေမှာ အသက်ကို တည်၊ (၇) နဲ့ စား၊ (၀) ကြွင်းဆိုရင် ဘာလုပ်ရမယ်ဆိုတာ ပြထားတယ်။ သုံးမျိုးစလုံး ဖြစ်အောင်လုပ်ထားရမယ်နော်။ မှားသွားရင်ကောတဲ့။ ယတြာနည်းအတိုင်းလုပ်တာ မှားသွားလို့ ဒုက္ခရောက်တဲ့ လူနာ မတွေ့သေးပါဘူး။ ရဲရဲသာလုပ်စမ်းပါ။ ရောဂါတွေ မုချပျောက်ကင်းသက်

သာသွားမှာပါ။ မိတ်ဆွေ နားလည်တယ်နော်။

နောက်တစ်ခု ထပ်ပြီးပြောပြပါဦးမယ်။ အဲဒါကတော့ လူနာကို ဓာတ်စာပေးပြီးတော့ ဒါမှမဟုတ် ဆေးပေးပြီးတော့ ကုတဲ့နည်းပဲ။ ဓာတ်စာကိုတော့ တွေ့ကရာအစာတွေ ပေါက်ကရအစာတွေတော့ ပေးလို့မရဘူးနော်။ ဆေးကလည်း တွေ့ကရာဆေးတွေတိုက်လို့ မရဘူးနော်။ ဥပမာ တနင်္ဂနွေသားသမီးတစ်ယောက်ယောက် နေမကောင်းဖြစ်တာကို ဓာတ်စာပေးပြီး၊ ဆေးပေးပြီး ကုမယ်ဆိုရင် တနင်္ဂနွေနေ့ နေ့လယ် (၁) နာရီခွဲကနေ၊ (၃) နာရီအတွင်းမှာ တစ်စုံတစ်ယောက်က မြောက်အရပ်ကနေ လူနာဘက်လှည့်ပြီး သစ်သီး (သို့မဟုတ်) သစ်သီးဖျော်ရည်၊ (သို့မဟုတ်) သောကြာနံပါတဲ့ ဆေး တိုက်ကျွေးမယ်ဆိုရင် ရောဂါတွေ အမြန်ဆုံးပျောက်ကင်းချမ်းသာသွားပါလိမ့်မယ်။ ဒါကလည်း အတုလဆရာတော် ခင်ကြီးဖျော်ရဲ့ ယတြာနည်းပဲဗျ။ ဆရာတော်က ဘယ်လိုဆိုခဲ့သလဲဆိုရင် 'အင်၊ဘူးသေးသေး နာမည်နှင့်သွေး ဓာတ်ဆေးချိန်အခါ' လို့ ဆိုခဲ့သမျှ။

အဲဒီတော့ နေ့သားအလိုက်ဆိုရင် တနင်္ဂနွေ၊ အင်ဘူးသေးသေး၊ တနင်္လာ ကြာသေးနုနယ်၊ အင်္ဂါ ဆင်နယ်အံအောင်၊ ဗုဒ္ဓဟူး လောင်၏ခြစ်ခြစ်၊ ကြာသပတေး မြည်ခေတ်ညှိုးညှဲ၊ သောကြာ သူဇံလေလား၊ စနေ ထင်ယိုးမှားမှုပဲပေါ့ဗျာ။ မိတ်ဆွေ နားရှုပ်သွားပြီနဲ့တူပါတယ်။ ကဲ . . . မရှုပ်အောင် ကျွန်တော် ဟောဒီလို ဇယားလေးနဲ့ဆွဲပြီး လုပ်ပေးလိုက်ပါမယ်ဗျာ။

အခု ကျွန်တော် ချပြထားတဲ့ ဇယားမှာ ဘယ်နေ့သား၊ ဘယ်နေ့တွေ၊ ဘယ်အချိန်မှာ၊ ဘယ်အရပ်ကနေ၊ ဘယ်လိုအစားအစာတွေ၊ ဘယ်လိုဆေးတွေ ကျွေးရမယ်ဆိုတာ နားလည်လွယ်ကူအောင် ရေးပြရှင်းပြထားပါတယ်။ ဒါဆိုရင် လွယ်ကူသွားပြီ၊ ရှင်းသွားပါပြီဗျာ။



အဲ . . . အခုဆိုရင် ကျွန်တော်ပြောပြခဲ့တဲ့ ကျန်းမာရေးကောင်းဖို့၊ ရောဂါပျောက်ဖို့အတွက် အသုံးပြုတဲ့ယတြာ၊ ဓာတ်ရိုက်ဓာတ်ဆင်နည်းတွေ (၅)မျိုးလောက် ရှိသွားပြီပေါ့နော်။ အဲဒီတော့ မိတ်ဆွေက မေးစရာရှိပါတယ်။ (၅)မျိုးစလုံး လုပ်ရမှာလားတဲ့။

ကဲဗျာ . . . ကျွန်တော်တို့ နှာစေး၊ ချောင်းဆိုး ရောဂါဖြစ်တယ်။ နှာစေး၊ ချောင်းဆိုးပျောက်ဖို့အတွက် ပရိုကိုးတွေရော၊ အင်ဇာတွေရော၊ ဖလူဇာတွေ အကုန်လုံး သောက်ကြရဲ့လားဗျာ။ ဘယ်သောက်မလဲ၊ လွယ်လွယ်ကူကူရှိတဲ့ဆေးကိုပဲ သောက်မှာပေါ့ဗျာ။ ဘယ်ဆေးပဲသောက်သောက် တစ်ခုသောက်တာနဲ့ နှာစေးချောင်းဆိုးက ပျောက်မှာပါပဲ။ ဒီလိုပါပဲ။ ကျွန်တော် ပြောပြခဲ့တဲ့ ယတြာနည်းတွေထဲက မိတ်ဆွေအတွက် အလွယ်ကူဆုံးဖြစ်တဲ့၊ လုပ်ရတာလွယ်ကူတဲ့ ကြိုက်တဲ့နည်း၊ တစ်နည်းလုပ်ရုံလောက်နဲ့ ပြီးပါတယ်။ ရှင်းပါတယ်နော်။

ကဲဗျာ . . . အခုဆိုရင် ကျွန်တော်တို့ သုံးခဲ့တဲ့ ယတြာနည်းတွေထဲက အလွယ်ဆုံး၊ အထိရောက်ဆုံးနည်း (၅)နည်းလောက်တော့ မိတ်ဆွေ သိသွားပြီလေ။ အဲဒီတော့ ဘာလုပ်ရမလဲ၊ မိတ်ဆွေမှာ ကြုံရင်လည်း သုံးလို့ရတာ အကူအညီပေးလို့ရတာပေါ့ဗျာ။ ကူညီလိုက်ပါဗျာ။ မိတ်ဆွေနဲ့ မိတ်ဆွေရဲ့ ဆွေမျိုးသားချင်းတွေအတွက်ကတော့ အသုံးရနည်းပါစေ၊ အသုံးမပြုပါရစေနဲ့လို့ ကျွန်တော်ကတော့ ဆုမွန်ကောင်း တောင်းပေးလိုက်ပါတယ်ဗျာ။ မိတ်ဆွေနဲ့ ကျွန်တော်အပါအဝင် လူသားအားလုံး၊ သတ္တဝါအားလုံး ရောဂါဘယကင်းဝေးပြီး ကျန်းမာနေကြပြီဆိုရင် ကျွန်တော်တို့ရဲ့ လူ့ဘဝ၊ လူ့လောကကြီးဟာ ဘယ်လောက်များ ပျော်စရာ၊ သာယာကြည်နူးစရာ၊ ဝမ်းမြောက်စရာကောင်းလိုက်မလဲဗျာ။ ကျွန်တော်ကတော့ ဒီလိုတွေးရင်း ကြည်နူးပီတိ

| နေ့သား | ကိုက်ညီနေ့ | ကျော်ကြားမှု ရရှိမည့်အရောင် | ကျော်ကြားမည့် အချိန် | ကျော်ကြားမည့်အစာ (သို့မဟုတ်) ဆေး |
|---|---|---|---|---|
| တနင်္ဂနွေ | တနင်္ဂနွေ | ပြောက် | ၁နာရီခွဲမှ ၃နာရီ | သစ်သီး၊ဖျော်ရည်စသော သောကြာနံပါသော အစာ (သို့) သောကြာနံပါသောဆေး။ |
| တနင်္လာ | တနင်္လာ | အနောက်တောင် | ၉နာရီမှ ၁၀နာရီခွဲ | နာနတ်သီး၊ ထောပတ်သီးစသော စနေနံပါသော အစာ (သို့) စနေနံပါသော ဆေး။ |
| အင်္ဂါ | အင်္ဂါ | အရှေ့မြောက် | ၃ နာရီမှ ၄ နာရီခွဲ | ဘုန်းယို ဘုန်းနီစသော တနင်္ဂနွေနံပါသော အစာ (သို့) တနင်္ဂနွေနံပါသော ဆေး။ |
| ဗုဒ္ဓဟူး | ဗုဒ္ဓဟူး | အရှေ့ | ၁၀နာရီခွဲမှ ၁၂နာရီ | ကြက်၊ ငါး စသော တနင်္လာနံပါသော အစာ (သို့) တနင်္လာနံပါသော ဆေး။ |
| ကြာသပတေး | ကြာသပတေး | အရှေ့တောင် | ၆ နာရီမှ ၇နာရီခွဲ | ဆိတ်သား၊ ဆန်ပြုတ် စသော အင်္ဂါနံပါသော အစာ (သို့) အင်္ဂါနံပါသော ဆေး။ |
| သောကြာ | သောကြာ | တောင် | ၁၂နာရီမှ ၁နာရီခွဲ | ဝက်သား၊ ငါးရံ့၊ ရဲယို စသော ဗုဒ္ဓဟူးနံပါသော အစာ (သို့) ဗုဒ္ဓဟူးနံပါသော ဆေး။ |
| စနေ | စနေ | အနောက် | ၇နာရီခွဲမှ ၉နာရီ | ပန်းသီး၊ ဖျော်ရည်၊ ဘဲသား စသော ကြာသပတေးနံပါသော အစာ(သို့)ကြာသပတေးနံပါသောဆေး။ |



တွေ များနေရဲ့ဗျာ။ မိတ်ဆွေလည်း ကျွန်တော်နဲ့ထပ်တူထပ်မျှ ပီတိတွေ ဝမ်းမြောက်မှုတွေ ခံစားနေရမှာပါလို့လည်း ယုံကြည်မိပါရဲ့ဗျာ။

## " အချစ်ဆိုသည်မှာနှင့် ယကြွာများ "

အချစ်ဆိုသည်မှာ ရယူခြင်း . . . ၊

အချစ်ဆိုသည်မှာ ပေးဆပ်ခြင်း . . . ၊

အချစ်ဆိုသည်မှာ ငြိမ်းချမ်းခြင်း . . . ၊

အချစ်ဆိုသည်မှာ ဖူးလောင်ခြင်း . . . ၊

အချစ်ဆိုသည်မှာ . . .

စသည်ဖြင့် ကျွန်တော်ဟာ အချစ် သို့မဟုတ် ချစ်ခြင်းနဲ့ပတ်သက်ပြီးတော့ များစွာကြားဖူးခဲ့ပါတယ်။ အချစ်ဆိုတဲ့ ခေါင်းစဉ်အောက်မှာ ဆရာတပည့်အချစ်၊ မိဘနဲ့ သားသမီးအချစ်၊ လင်မယားအချစ်၊ သမီးရည်းစားအချစ်၊ သူငယ်ချင်းအချစ် စသည်ဖြင့် အချစ်ပေါင်းများစွာ ရှိပါတယ်။

အချစ်နဲ့ပတ်သက်ပြီးတော့လည်း စာရေးဆရာတွေ၊ အနုပညာရှင်တွေ၊ အတွေးအခေါ်ပညာရှင်တွေဟာ ဖွဲ့နွဲ့ရေးသားစပ်ဆို



ထားကြပါတယ်၊ အချစ်ဆိုတဲ့အရာကို အမြင်အမျိုးမျိုးနဲ့ မြင်ကြပါတယ်၊

ကျွန်တော်လည်း အချစ်နဲ့ပတ်သက်ပြီး ဆယ်ကျော်သက်အရွယ်က များစွာရင်ခုန်ခဲ့ရဖူးပါတယ်၊ များစွာခံစားခဲ့ရဖူးပါတယ်၊ အဲဒီအချိန်တုန်းက အချစ်အတွက်ဆိုရင် အသက်ပင်ပေးရ ပေးရ၊ ကောင်းကင်က ဓူဝံကြယ်ကြီးကိုပင် ယူပေးရ ယူပေးရ၊ ကမ္ဘာ့ဟဲဗီးဝိတ်လက်ဝှေ့ချန်ပီယံ မိုက်တိုင်ဆန်နဲ့ပဲ ထိုးရ ထိုးရ၊ လုပ်မယ်ဆိုတာချည်းပါပဲ၊ အချစ်ကို တန်ဖိုးထားကိုးကွယ်ခဲ့တာကိုး၊ အဲဒီအချိန်တုန်းက အချစ်ဆိုတာ ဘုရားလိုပါပဲ၊

အချစ်အတွက်နဲ့လည်း မျက်ရည်မိုးတွေ ရွာသွန်းခဲ့ရဖူးပါတယ်၊ အဲဒီမျက်ရည်မိုးတွေဆိုတာလည်း နှလုံးသားမိုးတိမ်တွေက ရွာသွန်းခဲ့တဲ့ မိုးရေစက်တွေပေါ့၊ ကြည်နူးစရာတွေ၊ ကြေကွဲစရာတွေ၊ နာကြည်းစရာတွေလည်း ခံစားခဲ့ရဖူးပါတယ်၊ အဲဒီခံစားမှုတွေဆိုတာလည်း နှလုံးသားကနေ၊ ရင်ခုန်ခြင်းကနေ မြစ်ဖျားခံလာတဲ့ အရာတွေပါပဲ၊

အချစ်ဆိုတဲ့ အရာဟာ ကျွန်တော့်ဘဝအတွက် စွမ်းအားဒါမှမဟုတ် တွန်းအားတစ်ခုလည်း ဖြစ်ခဲ့ရဖူးပါတယ်၊ ဘာကြောင့်ဒီလိုပြောရဲတာလဲဆိုတော့ ကျွန်တော်က မနက်မနက်ဆိုရင် အိပ်ရာထဖို့ကို အလွန်ပျင်းတဲ့ လူငယ်တစ်ယောက်ပေါ့၊ ကျွန်တော့်ချစ်သူကောင်မလေးက မနက် ၅ နာရီဆိုရင် ကျူရှင်သွားပြီ၊ ကျွန်တော်အိပ်ရာက မထလို့မရတော့ဘူးလေ၊ ဒီတော့ မနက် ၅ နာရီဆိုရင် အိပ်ရာက ထပြီး သွားတိုက်၊ ရေမိုးချိုး၊ နောက်တော့ ကျွန်တော့်ချစ်သူကောင်မလေးကို သွားပြီးစောင့်ရတော့တာပေါ့၊ အဲဒါကလည်း တိုးတန်း၊ ဆယ်တန်း နှစ်နှစ်နီးပါးဆိုပါတော့၊ အဲဒီအချိန်ကစပြီး ကျွန်

တော်ဟာ မနက်စောစော အိပ်ရာကထတတ်တော့တာပါပဲ။

ဒီတော့ ကျွန်တော် ပြောချင်တာက ကျွန်တော် မနက်အိပ်ရာက စောစောထတတ်အောင်၊ အိပ်ရာက စောစောထတတ်တဲ့ စွမ်းအားတွေ၊ အကျင့်တွေ၊ တွန်းအားတွေ ပေးခဲ့တာ ကျွန်တော့်ရဲ့ချစ်သူကောင်မလေးပဲပေါ့။ ဒါကလည်း ကျွန်တော်ကနေ သူ့ကို ချစ်မိလို့ ရလာတဲ့ အကျိုးအမြတ်ပေါ့။ ကျွန်တော့်ချစ်သူကောင်မလေးက ကျွန်တော့်ရဲ့ ကျေးဇူးရှင်ပေါ့ဗျာ . . .။

နောက်တစ်ခုက ကျွန်တော်က ဘောလုံးလည်း ငယ်ငယ်တုန်းက ဝါသနာပါတယ်လေ။ ကစားလည်း ကစားတယ်။ ကျွန်တော့်ချစ်သူကောင်မလေး လာကြည့်တဲ့ ဘောလုံးပြိုင်ပွဲမှာ ကျွန်တော် အကောင်းဆုံးကစားပြချင်တယ်။ ဂိုးတွေ တဒိုင်းဒိုင်း သွင်းပြချင်တယ်။ ကျွန်တော့်ရဲ့စွမ်းအားတွေ၊ အရည်အချင်းတွေကို ချစ်သူကောင်မလေးကို ပြချင်တယ်။ ကြွားချင်တယ်ပေါ့ဗျာ။

အဲဒီတော့ ဘာလုပ်ရမလဲ။ ဘောလုံးထရိန်နင်ဆင်းတဲ့အခါ လေ့ကျင့်တဲ့အခါမှာ တအားကြိုးစားရတော့တာပေါ့။ တအားတအားကို ကြိုးစားရတာပေါ့။ ဘယ်လောက်ပဲပင်ပန်းပင်ပန်း ချစ်သူရဲ့ မျက်နှာချောချောလှလှလေးကို မျက်စိထဲ မြင်ရတဲ့အခါမှာ အားတွေ တအားရှိပြီးတော့ ပင်ပန်းလို့ ပင်ပန်းရမှန်းတောင် မသိပါဘူးလေ။ အခု တီဗွီမှာ ကြော်ငြာနေတဲ့ ဗိုက်ထရွှန်တွေ၊ ကယ်လီစမွန်၊ ဗိုက်တာကတ်၊ ပလူဗီမင်တို့ထက်တောင် ချစ်သူမျက်နှာလေးက အားတွေ တအားကောင်းနေသေးတယ်။

အဲဒါနဲ့ ကျွန်တော်လည်း ဘောလုံးသမားကောင်းတစ်ယောက် ဖြစ်လာရတော့တာပါပဲ။ ကျွန်တော် ဘောလုံးသမားကောင်းတစ်ယောက်ဖြစ်စေခဲ့တာတွေ၊ ဝီရိယတွေ ရစေခဲ့တာတွေဟာ ကျွန်



တော့်ရဲ့ချစ်သူကောင်မလေး၊ ဒါမှမဟုတ် ကျွန်တော့်ချစ်သူကို ကျွန်တော် ချစ်ခဲ့တဲ့ အချစ်ကြောင့်ပေါ့။ ကျန်တာတွေလည်း အများကြီးရှိပါသေးတယ်။

ဒါကြောင့် အချစ်ဆိုတာ စွမ်းအားတစ်ခု၊ ဒါမှမဟုတ် တွန်းအားတစ်ခုလို့ ကျွန်တော် ပြောရဲတာပါ။ ဒါကတော့ ကျွန်တော် နားလည်တဲ့ အချစ်ဆိုတာပါပဲ။ လက်ခံချင်လည်း လက်ခံပါလိမ့်မယ်။ လက်ခံသည်ဖြစ်စေ၊ လက်မခံသည်ဖြစ်စေ မိတ်ဆွေရော၊ ကျွန်တော်ရော ဘာမှအကျိုးယုတ်သွားမှာမဟုတ်ပါဘူး။

နောက်တစ်ခုကတော့ ကျွန်တော်တို့နေထိုင်တဲ့ လူ့လောကကြီး ဒါမှမဟုတ် ကမ္ဘာကြီးဟာ အချစ်ဆိုတဲ့ အရာတွေနဲ့ တည်ဆောက်ထားတာဖြစ်ပါတယ်။ အချစ်တွေ သေဆုံးပျောက်ကွယ်သွားတဲ့နေ့ဟာ ကမ္ဘာကြီး ဒါမှမဟုတ် လောကကြီး ပျက်သုဉ်းပျောက်ကွယ်သွားတဲ့နေ့ပါပဲ။

ဘာကြောင့် ကျွန်တော် ဒီလိုပြောရဲတာလဲဆိုတော့ အခု ကမ္ဘာပေါ်မှာ ဖြစ်နေတဲ့ စစ်ပွဲတွေ၊ ပဋိပက္ခတွေ၊ ရန်လိုမှုတွေကလည်း တိုင်းပြည်ကို ချစ်တဲ့စိတ်၊ လူမျိုးကိုချစ်တဲ့စိတ်နဲ့ ဖြစ်နေကြရတာမဟုတ်လား။

အခု ကျွန်တော်တို့ ဘာလို့ အလုပ်တွေကို တအားကြိုးစားနေကြတာလဲ။ အချစ်ကြောင့်ပဲပေါ့။ ကိုယ့်ဘဝ တင့်တင့်တယ်တယ်နဲ့ ပြည့်စုံကြွယ်ဝစွာနေထိုင်ဖို့၊ ကိုယ့်မိသားစု ချမ်းချမ်းသာသာနဲ့ နေနိုင်ဖို့ ကိုယ့်နိုင်ငံ ကိုယ့်လူမျိုး ချမ်းချမ်းသာသာ တင့်တင့်တယ်တယ် နေနိုင်ဖို့၊ ဒီအတွက်ပဲ လုပ်နေကြရတာမဟုတ်လား။

အဲဒါတွေအားလုံးဟာ ကိုယ့်ဘဝကို ချစ်လို့၊ ကိုယ့်ကိုယ်ကို ချစ်လို့၊ ကိုယ့်မိသားစု၊ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးကို ချစ်လို့လုပ်နေကြရ

တာမှုတ်လား။

အခု ဘာလို့ ဒုက္ခအခက်အခဲ ဆင်းရဲခြင်းတွေကြားထဲက လွတ်မြောက်အောင် ရုန်းကန်ကြိုးစားပြီး အသက်ရှင်ရပ်တည်နေနိုင်အောင် ကြိုးစားနေကြတာလဲ။ ကိုယ့်ဘဝကို ချစ်လို့ပေါ့။ ကိုယ့်ကိုယ်ကို ချစ်လို့ပေါ့။ ကိုယ့်ကိုယ်သာ မချစ်ဘူးဆိုရင် ကိုယ့်ကိုယ်က စိတ်တိုင်းမကျတဲ့အခါတွေမှာ သတ်သေပစ်လိုက်မှာပေါ့။

ကမ္ဘာပေါ်မှာရှိတဲ့ ဒါမှမဟုတ် လောကကြီးမှာရှိတဲ့ လူသားတိုင်း လူသားတိုင်းမှာ အချစ်ဆိုတဲ့အရာ မရှိတော့ဘူးဆိုရင် ကိုယ့်ကိုယ်ကိုတောင် မချစ်တော့ဘူး။ အားလုံးသတ်သေသွားကြမယ်ဆိုရင် လောကကြီးမှာ လူတွေ ဘယ်ရှိတော့မလဲ။ သတ္တဝါတွေအားလုံးမှာလည်း အချစ်ဆိုတဲ့အရာ မရှိတော့ဘူး။ သတ်သေသွားကြမယ်ဆိုရင် သတ္တဝါတွေ ဘယ်ရှိတော့မလဲ။ ဒါဆိုရင် လောကကြီး ပျက်စီးသွားပြီပေါ့။

ဒါကြောင့် လောကကြီးဟာ အချစ်နဲ့တည်ဆောက်ထားတာဖြစ်တယ်။ အချစ်ဆိုတဲ့အရာ သေဆုံးပျောက်ကွယ်သွားရင် လောကကြီးလည်း အချစ်နဲ့အတူ သေဆုံးပျောက်ကွယ်သွားမယ်ဆိုတာ ရဲရဲပြောရဲတာပေါ့ဗျာ။ မိတ်ဆွေ လက်ခံပါတယ်နော်။

ဒါကြောင့် ကျွန်တော် မိတ်ဆွေကို ပြောချင်တာက အားလုံးအားလုံးကို ချစ်လိုက်ပါ။ အဲဒီလိုချစ်နေခြင်းဟာ လောကကြီးတည်တံ့ခိုင်မြဲဖို့အတွက် မိတ်ဆွေ တစ်နိုင်တစ်ပိုင် သယ်ပိုးထမ်းဆောင်နေတာဒါမှမဟုတ် လောကကြီးရဲ့ အသက်တမျှဖြစ်တဲ့ အချစ်ဆိုတဲ့အရာ ရှင်သန်နေဖို့ဆိုတဲ့ တာဝန်ဝတ္တရားကြီးတစ်ခုကို ထမ်းဆောင်နေတာနဲ့အတူတူပဲပေါ့ဗျာ။

ဒီလိုဆိုရင် မိတ်ဆွေရဲ့စိတ်လေးဟာလည်း ကြည်လင်လန်း



ဆန်းပေါ့ပါးပြီးတော့ ကမ္ဘာကြီးဟာလည်း သာယာဖျော်ရွှင်ကြည်နူးစရာကောင်းလာပါလိမ့်မယ်ဗျာ။

အဲဒီတော့ မိတ်ဆွေဘက်ကနေ ပြန်ပြီးမေးစရာက ရှိလာပြန်ပါတယ်။ ကျွန်တော်က ကိုယ့်ကိုယ်ကို သတ်သေတာကိုပဲ ချစ်တယ်။ လူတိုင်းက ကိုယ့်ကိုယ်ကို သတ်သေတာပဲချစ်ကြမယ်ဆိုရင် အချစ်ကြောင့် လောကကြီးပျက်စီးသွားပြီပေါ့။ ဒီလိုပဲမေးမယ်ဆိုရင် မေးလို့ရပါတယ်။

အဲဒီလိုဆိုဂိုင် ဟိုး . . . ကမ္ဘာဦးအစကတည်းက လူသားတွေသတ်ခဲ့ကြလို့ ဒီအချစ်ဆိုတဲ့အကြောင်းကို ကြီးကြီးကျယ်ကျယ် လျှောက်ပြောမယ့် ကျွန်တော်ရော၊ ကတ်သီးကတ်သပ်ပြန်မေးမယ့် မိတ်ဆွေရော ဘယ်ရှိလာတော့မလဲဗျာ။ ကမ္ဘာဦးအစကတည်းက ပြီးသွားပြီပေါ့ဗျာ။

မိတ်ဆွေက ထပ်ပြီးမေးဦးမယ်ဗျာ။ ကတ်သီးကတ်သပ်ပေါ့။ ကမ္ဘာပေါ်မှာရှိတဲ့ သတ္တဝါတွေအားလုံး တစ်ချိန်တည်း၊ တစ်ပြိုင်တည်းကိုယ့်ကိုယ်ကို သတ်သေတာကို ချစ်ကြမယ်ဆိုရင်ကော ခင်ဗျားပြောတဲ့ အချစ်ဆိုတဲ့အရာကြောင့် လောကကြီးပျက်စီးသွားမှာပဲမဟုတ်လား။

ဒီလိုမေးမယ်ဆိုရင်တော့ ကျွန်တော်လည်း ပြန်ပြီးဖြေရမှာပေါ့။ သမိုင်းစာအုပ်တွေထဲမှာ၊ ဒါမှမဟုတ် ကျွန်တော်တို့ ဘိုးဘွားလက်ထက်ကနေ ဒီကနေ့အထိ ကိုယ့်ကိုယ်ကိုချစ်လို့ သတ်သေတဲ့သူဆိုတာလည်း မကြားဖူးသေးပါဘူး။

တကယ်ပဲ တစ်ချိန်တည်း၊ တစ်ပြိုင်တည်း သတ္တဝါတွေ သတ်သေကုန်ကြမယ်ဆိုရင်လည်း ပြီးတော့လည်း ပြီးသွားတာပေါ့ဗျာ။ ထားလိုက်ပါတော့လေ။ ဒါတွေဟာ စကားလုံးတွေပါပဲ။ စကားလုံးတွေဟာ

တကယ်ဖြစ်နေတာမဟုတ်ဘူး။ တကယ်ဖြစ်နေတာတွေကိုလည်း စကားလုံးနဲ့ပြည့်စုံအောင် ဖော်ပြလို့ရတာမဟုတ်ပါဘူးလေ။

ကျွန်တော်က ဗေဒင်ဆရာဆိုတော့ မိတ်ဆွေအတွက် အကျိုးရှိမယ်ထင်တာလေးတွေ ပြောပြမယ်ဆိုရင်တော့ ပိုပြီးကောင်းပါလိမ့်မယ်။

ကဲ . . . အရင်ဆုံး မိတ်ဆွေက တစ်ယောက်ယောက်ကို ချစ်နေပြီ၊ ချစ်ရေးသွားပြီးဆိုမယ်ဆိုပါတော့။ အဲဒီအချိန်မှာ အဆင်ပြေအောင်၊ မိတ်ဆွေရဲ့စကားကို လက်ခံအောင်၊ အော်ပြီးမလွှတ်အောင်၊ ကိုယ့်ကို မေတ္တာရှိလာအောင်ဆိုရင် သူက တနင်္ဂနွေသမီးဆိုရင် ကံ့ကော်ညွန့်ကို ဆောင်သွားပါ။ အရှေ့တောင်အရပ်ကို အရင်ဆုံး ခြေလှမ်းလေးငါးဆယ် လှမ်းပြီးသွားပါ။

သူနဲ့တွေ့တဲ့အခါမှာလည်း တောင်အရပ်ကို မျက်နှာမူပြီး ပြောပါ။ ဒါဆိုရင် မိတ်ဆွေ ချစ်ရေးဆိုတဲ့ တနင်္ဂနွေသမီးက မိတ်ဆွေအပေါ် မေတ္တာရှိလာပါလိမ့်မယ်။ တကယ်လို့များ မိတ်ဆွေ ချစ်ရေးဆိုမယ့်သူက တနင်္ဂနွေသမီးမဟုတ်ဘဲ တခြားနေ့သားဖြစ်နေမယ်ဆိုရင်တော့ ဖော်ပြပေးလိုက်တဲ့ ဇယားကိုသာ ကြည့်လိုက်ပါ။

| နေ့အား | ဆောင်ရမည့်ပန်း | တွေ့ရမည့်အရပ် | စကားပြောရမည့်အရပ် |
|---|---|---|---|
| တနင်္ဂနွေ | ကံ့ကော် | အရှေ့တောင် | တောင် |
| တနင်္လာ | ဇော်စိမ်း | တောင် | အနောက် |
| အင်္ဂါ | ရွက်လှ | အနောက် | မြောက် |
| ဗုဒ္ဓဟူး | မေမြို့ သို့ မြတ်လေး | မြောက် | အနောက်တောင် |
| ကြာသပတေး | သပြေ | အနောက်တောင် | အရှေ့မြောက် |
| သောကြာ | နှင်းဆီ | အရှေ့မြောက် | အရှေ့ |
| စနေ | ခုန်း | အရှေ့ | အရှေ့တောင် |



မိတ်ဆွေက သူ့ဆီကနေ အဖြေမြန်မြန်လိုချင်တယ်ဆိုရင်တော့ တနင်္ဂနွေနေ့ဆိုရင် (၇) နာရီခွဲကနေ (၈) နာရီအတွင်း သွားပြောရင် အဆင်ပြေပါလိမ့်မယ်။ ကျန်တဲ့နေ့တွေအတွက်လည်း ဇယားနဲ့ ဖော်ပြပေးလိုက်ပါတယ်။

| သွားပြောရမည့်နေ့ | သွားပြောရမည့်အချိန် |
|---|---|
| တနင်္ဂနွေ | (၇ း ၃၀) နာရီ မှ (၈ း ၀၀) နာရီအတွင်း |
| တနင်္လာ | (၁ း ၃၀) နာရီ မှ (၃ း ၀၀) နာရီအတွင်း |
| အင်္ဂါ | (၉ း ၀၀) နာရီ မှ (၁၀ း ၃၀) နာရီအတွင်း |
| ဗုဒ္ဓဟူး | (၃ း ၀၀) နာရီ မှ (၄ း ၃၀) နာရီအတွင်း |
| ကြာသပတေး | (၁၀ း ၃၀) နာရီ မှ (၁၂ း ၃၀) နာရီအတွင်း |
| သောကြာ | (၆ း ၀၀) နာရီ မှ (၇ း ၃၀) နာရီအတွင်း |
| စနေ | (၁၂ း ၀၀) နာရီ မှ (၁ း ၃၀) နာရီအတွင်း |

## “ ဒီလိုအဆင်ပြေအောင် ”

‘မျက်နှာမြင် ချစ်ခင်ပါစေ’၊ ‘အသံကြား သနားပါစေ’ဆိုတဲ့ စကားမျိုး ကျွန်တော်တို့ ငယ်စဉ်တောင်ကျေးကလေးဘဝကတည်းကကြားဖူးလာတာပါ။ ဘယ်အချိန်ကတည်းကလဲဆိုရင် ကျွန်တော် မှတ်မိသလောက် သီတင်းကျွတ်လပြည့်နေ့ညမှာ လူကြီးတွေကို လိုက်ပြီးကန်တော့တဲ့အခါမှာ ကျွန်တော်တို့ကို ဆုပေးတဲ့စကားထဲမှာ ‘မျက်နှာမြင် ချစ်ခင်ပါစေ၊ အသံကြား သနားပါစေ’ဆိုတဲ့ ဆု ပါလာတာပေါ့။

ဒီဆုပေးစကားကို ကျွန်တော် သိပ်ပြီးသဘောကျတာပဲ။ ကျွန်တော့်မျက်နှာကို မြင်တာနဲ့ မြင်တဲ့သူတွေက ကျွန်တော့်ကို ချစ်မယ်။ ကျွန်တော့်အသံကြားတာနဲ့ သနားကြင်နာမယ်ဆိုတော့ ခေတ်စကားနဲ့ပြောရရင် သိပ်မိုက်တာပေါ့ဗျာ၊ သိပ်ပြီးကောင်းတာပေါ့ဗျာ။

ဒါပေမဲ့ အဲဒီဆုပေးတာ ပြည့်သလားဆိုတော့ ပြည့်တဲ့သူနည်းပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း အဲဒီဆုပေးတာနဲ့ ဆန့်ကျင်



ဘက်တွေ့ကြုံဖူးပါတယ်။ လူကြီးသူမတွေကို စော်ကားတာတော့မဟုတ်ပါဘူး။ အကြောင်းကြောင်းသော အကြောင်းကြောင်းတွေကြောင့် ရှိမှာပေါ့ဗျာ။

မိတ်ဆွေတို့လည်း ကြုံဖူးမှာပါ။ ကိုယ့်ရဲ့မိသားစုထဲမှာ ကိုယ်က ကောင်းအောင်နေတယ်၊ မှန်အောင်နေတယ်၊ အားလုံးရဲ့အပေါ်မှာ စိတ်သဘောထား ကောင်းကောင်းထားပါလျက်နဲ့ ဘာရယ်မှန်းမသိဘူး။ ကိုယ့်ကို ဘာမဟုတ်တဲ့ကိစ္စလေးတွေနဲ့ အပြစ်ရှာတယ်၊ ငြိုငြင်တယ်၊ ကိုယ်က တစ်ယောက်တည်း၊ တစ်ဖက်က အများဖြစ်နေတာပေါ့ဗျာ၊ မိတ်ဆွေ ဘယ်လိုခံစားရမလဲ၊ ကိုယ်ချင်းစာခံစားကြည့်ပါ၊ သိပ်ပြီးဆိုးပါတယ်။

နောက်တစ်ခုက လုပ်ငန်းမှာ၊ ဒါမှမဟုတ် ရုံးမှာ ကိုယ့်ထက်ရာထူးကြီးတဲ့သူတွေအပေါ်မှာရော၊ ကိုယ့်ထက်ရာထူးငယ်တဲ့သူတွေအပေါ်မှာရော စိတ်သဘောကောင်းကောင်းထားတယ်၊ ကိုယ်ကလည်း ကောင်းတာမှန်တာလုပ်တယ်၊ ဒါပေမဲ့ အားလုံးက ကိုယ့်ကိုငြိုငြင်နေတယ်၊ အကြောင်းကိစ္စ အသေးလေးတွေကအစ အပြစ်မြင်နေတယ်၊ အများနဲ့တစ်ယောက် အဆင်မပြေဖြစ်နေတယ်၊ ဒီလို အခြေအနေတွေလည်း အမြဲတမ်းကြီးမဟုတ်တောင် တစ်ခါတလေမှာ ကြုံဘတ်ပါတယ်။

ကျွန်တော်ပြောသလိုမျိုး အများနဲ့တစ်ယောက် အဆင်မပြေဖြစ်နေတယ်၊ ပတ်ဝန်းကျင်နဲ့ ကိုယ်နဲ့ အဆင်မပြေဖြစ်နေတယ်၊ ဟန်ချက်မညီတာ၊ သဟဇာတမဖြစ်တာပေါ့ဗျာ၊ ဒီလိုအခြေအနေမျိုး၊ ဒီလိုအခက်အခဲမျိုး ကြုံပြီဆိုပါတော့။

ကျွန်တော် စကြဝဠာစမတော်ကလေးတစ်ခု ဖော်ပြပေးထားပါမယ်၊ မိတ်ဆွေမှာ ဒီလိုအခြေအနေမျိုးကြုံရင် ဒီစကြဝဠာစမတော်

လေ၊ ဒီသင်္ကေတလေးကို သစ်သားပြား၊ ကျောက်တုံး၊ စက္ကူတွေပေါ်မှာ ရေးပြီး ဆောင်ထားလိုက်ပေါ့ဗျာ။ ဒါမှမဟုတ် ဒီစကြဝဠာစမတော်ကလေးကို ဖယောင်းတိုင်မှာ ကပ်၊ မီးထွန်းပြီး ဆုတောင်းလိုက်ရုံပါပဲ။ မိတ်ဆွေအတွက် အဆင်ပြေသွားပါလိမ့်မယ်။

လွယ်တယ်ဆိုပြီးတော့ အထင်မသေးရဘူးနော်။ စာတစ်လုံး ဘုရားတစ်ဆူဆိုတာ မိတ်ဆွေ ကြားဖူးတယ်မဟုတ်လား။ ဒီစမတော်လေး၊ ဒီသင်္ကေတလေးဟာ ဟိုးလွန်ခဲ့တဲ့နှစ်ပေါင်း (၂၅၀၀) လောက်ကနေ ဒီကနေ့အထိ ဂမ္ဘီရဆရာတွေ အားကိုးအားထားပြု လက်ကိုင်ထားသုံးစွဲခဲ့ကြတဲ့ သင်္ကေတလေးတွေပါ။ လွန်ခဲ့တဲ့ နှစ်ပေါင်း (၂၅၀၀) ကနေ ဒီကနေ့အထိ ဒီသင်္ကေတ၊ ဒီစမတော်လေးတွေဟာ မပျောက်မပျက်ရှိနေပြီဆိုကတည်းက ဘယ်လောက်အစွမ်းအာနိသင် ရှိသလဲဆိုတာ မိတ်ဆွေ စဉ်းစားကြည့်ပေတော့။

သူ့ရဲ့ အာနိသင်ကတော့ စကြဝဠာထဲမှာရှိတဲ့ စွမ်းအားတွေ၊ ကိုယ် လိုချင်တဲ့အရာတွေကို ချိတ်ဆက်၊ ဆွဲယူအသုံးပြုနိုင်တဲ့ အစွမ်းထက်မြက်တဲ့ စမတော်၊ သင်္ကေတတွေပါပဲ။

ဒီစမတော်ကလေးကို မိတ်ဆွေ ဘယ်လိုနားလည်ရမလဲဆိုရင် ကျွန်တော်တို့ လေထဲမှာရှိတဲ့ ရေဒီယိုလှိုင်းတွေကို လက်ချည်းဗလာသက်သက် ဖမ်းယူလို့မရဘူးလေဗျာ။ ရေဒီယိုအသေးတစ်လုံးရှိရင်တော့ ဖမ်းယူလို့ရတာပေါ့လေ။ ဒီလိုပဲ စကြဝဠာထဲမှာရှိတဲ့ တန်ခိုးသိဒ္ဓိစွမ်းအင်တွေကို လက်ချည်းဗလာသက်သက် ဖမ်းယူလို့မရဘူးလေဗျာ။ ဒီတော့ ဒီစကြဝဠာစမတော်ကလေးတွေ၊ ဒီသင်္ကေတလေးတွေက စကြဝဠာကြီးထဲက မိတ်ဆွေလိုချင်တဲ့အရာတော်၊ တန်ခိုးသိဒ္ဓိတွေကို ဖမ်းယူရရှိအသုံးပြုနိုင်တဲ့ ရေဒီယိုအသေးစားကလေးလို့တော့ နားလည်လိုက်ပေါ့ဗျာ။





အခု ကျွန်တော် ဖော်ပြထားတဲ့ စကြဝဠာစမတော်ကလေးက အများနဲ့ အဆင်ပြေဖို့၊ ပတ်ဝန်းကျင်နဲ့ အဆင်ပြေဖို့၊ ဟန်ချက်ညီဖို့၊ သဟဇာတဖြစ်ဖို့တင် မဟုတ်ဘူးဗျ။ အများနဲ့ ညှိနှိုင်းရတဲ့ကိစ္စတွေ၊ အချစ်ရေးကိစ္စတွေမှာလည်း အသုံးပြုလို့ရပါတယ်။ ဒီလောက်ဆိုရင်တော့ မိတ်ဆွေ သဘောပေါက်တော့ဗျာ။ ကဲ... အများနဲ့ ဟန်ချက်ညီ၊ သဟဇာတဖြစ်ဖို့၊ အချစ်ရေးမှာ အဆင်ပြေဖို့ အကြောင်းကိစ္စတွေကြုံရင် မိတ်ဆွေကို အကူအညီကောင်းတွေ၊ အထောက်အပံ့ကောင်းတွေ ပေးစွမ်းနိုင်မယ့် စကြဝဠာစမတော်၊ ဒါမှမဟုတ် သင်္ကေတ၊ ဒါမှမဟုတ် ရေဒီယိုအသေးစားကလေးကတော့ ဒါပါပဲဗျာ ...။

"မျက်နှာမြင် ချင်စင်ပါစေ၊
အသံကြား သနားပါစေခင်ဗျာ"

# " မှားမှာ မကြောက်ပါ "

'မမှားသော ရှေ့နေ၊ မသေသောဆေးသမား' ဆိုတဲ့ စကား ကျွန်တော် ငယ်ငယ်လေးကတည်းက ကြားဖူးပါတယ်။ ငယ်ငယ်တုန်းကတော့ ဆိုရိုးစကားတစ်ခုအဖြစ်သာ နားလည်ခဲ့တာပေါ့။ နည်းနည်းစဉ်းစားတတ်တဲ့အရွယ်လည်း ရောက်လာရော နည်းနည်းသဘောပေါက်လာပါတယ်။

သူက ဘာကိုဆိုလိုတာလဲဆိုတော့ လူတွေဟာ မှားတတ်တယ်။ မမှားတဲ့သူဆိုတာ မရှိဘူးလို့ ဆိုလိုတာပေါ့။ သိပ်မှန်တာပေါ့ဗျာ။ ကျွန်တော်လည်း အမှားအယွင်းတွေ အများကြီးလုပ်ဖူးတယ်။ မိတ်ဆွေလည်း အမှားအယွင်းတွေ များစွာလုပ်ဖူးမှာပါ။

မိတ်ဆွေအနေနဲ့ ငြင်းဖို့တော့မကြိုးစားနဲ့နော်။ ငြင်းမယ်ဆိုရင် မိတ်ဆွေရဲ့အနီးအနားမှာရှိတဲ့ ခဲတံတစ်ချောင်းကို ယူကြည့်လိုက်ပါ။ ခဲတန်မှာ ခဲဖျက်ကလေး ထည့်ပေးထားတာ တွေ့ပါလိမ့်မယ်။ လူတွေ



ဟာ အမှားမလုပ်ကြဘူးဆိုရင်တော့ ခဲတံမှာရှိတဲ့ ခဲဖျက်ကလေးက မိတ်ဆွေကို အဓိပ္ပာယ်ရှိရှိနဲ့ ပြုံးပြုံးကြီး ကြည့်နေပါလိမ့်မယ်။

ထားပါတော့ မိတ်ဆွေရာ။ ကျွန်တော်တို့လူတွေဟာ မှားတတ်ကြတယ်။ ဟုတ်ပြီ။ မှားတတ်ကြတော့ ဘာလုပ်မလဲ။

ကျွန်တော်က ဗေဒင်ဆရာလေဗျာ။ ဗေဒင်ဆရာဆိုတော့ အမှားအယွင်းလုပ်မိတဲ့အခါမှာ မိတ်ဆွေကို အကူအညီကောင်းတွေ၊ အထောက်အပံ့ကောင်းတွေ ပေးမယ့် ဂမ္ဘီရယတြာနည်းကို ပြောပြမှာပေါ့။

တစ်ခါတလေမှာ ကျွန်တော်တို့ဟာ အမှားအယွင်းတွေ လုပ်မိတတ်ကြတယ်။ မထူးဆန်းပါဘူး။ ဒါပေမဲ့ တချို့အမှားအယွင်းတွေဟာ အသေးအဖွဲလေးတွေပါ။ ဒါပေမဲ့ တချို့အမှားအယွင်းတွေက မိမိရဲ့ဘဝ၊ မိမိရဲ့မိသားစုဘဝတွေအထိ အရေးကြီးပါတယ်။ ဖြေရှင်းရလည်း ခက်ပါတယ်။

ဒီအမှားအယွင်းတွေဆိုတဲ့ ခေါင်းစဉ်အောက်မှာ အခြေအနေတွေက အများကြီးရှိပါတယ်။ စကားပြောမှားသွား၊ ကျွံသွားတာ၊ လုပ်ငန်းတစ်ခုခု မှားသွားတာ၊ စာချုပ်တွေဘာတွေမှာ မှားပြီး လက်မှတ်ထိုးမိတာ၊ ငွေတွေမှားပြီး ပေးမိတာ၊ ပစ္စည်းတွေ မှားပြီးပေးမိတာ စသည်ဖြင့် အများကြီးရှိပါတယ်။ ပုံစံအမျိုးမျိုး ရှိပါတယ်။

ဒီလိုအခက်အခဲ အခြေအနေမျိုးတစ်ခုခုကို မိတ်ဆွေ ရင်ဆိုင်ဖြေရှင်းနေရပြီဆိုပါတော့။ ဘယ်လိုလုပ်မလဲ။ ဘယ်လိုဓာတ်ရိုက်ဓာတ်ဆင် ဂမ္ဘီရယတြာနည်းကို သုံးမလဲ။ ကြိုက်တာကို မိတ်ဆွေ သုံးနိုင်ပါတယ်။ 'စိန်တစ်တင်း၊ ချင်းတစ်တက်'၊ ချင်းတက်ပေါ်မှာ မီးထွန်းရတဲ့နည်းတော်၊ တခြားသောနည်းတွေဟာလည်း အင်မတန် အစွမ်းထက်တဲ့ နည်းတွေပါပဲ။

အခု ကျွန်တော် စကြဝဠာစမှတ်တော်ကလေးတစ်ခု တင်ပြလိုက်ပါတယ်။ ဒီစကြဝဠာစမတော်ကလေးဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း (၂၅၀၀) ကျော်ကနေ ဒီကနေ့အထိ ဂမ္ဘီရဆရာကြီးတွေ အစဉ်အဆက် လက်ကိုင်ထား အသုံးပြုခဲ့တဲ့ စမတော်လေး၊ သင်္ကေတလေးပါ။ တချို့က ရက္ခာ၊ တချို့က ရွှေနေး စသည်ဖြင့် ခေါ်ကြတယ်။ သူ့ရဲ့ အဓိပ္ပာယ်ကတော့ 'လျှို့ဝှက်နက်နဲသော အသံတိတ်'လို့ ရပါတယ်။ လူတွေ တီထွင်တာမဟုတ်ပါဘူး။ နတ်ကောင်း နတ်မြတ်တွေ တီထွင်ဖန်ဆင်းပေးတာလို့ ယုံကြည်ကြပါတယ်။ နှစ်ပေါင်း (၂၅၀၀) ကျော်ကနေ ဒီကနေ့အထိ သုံးနေကြပြီဆိုကတည်းက ဒီစမတော်လေး၊ ဒီသင်္ကေတလေးတွေဟာ ဘယ်လောက်စွမ်းသလဲဆိုတာ ပြောနေစရာမလိုပါဘူး။



မိတ်ဆွေမှာ အမှားတွေ လုပ် မိလို့ ဒီအမှားအယွင်းတွေကို ပြင်ဆင်ဖို့ ချေပဖို့ အခြေအနေတစ်ခုကို အသား လွတ်ကြီး ရင်ဆိုင်မဖြေရှင်းပါနဲ့။ ဒီစကြဝဠစမတော်လေးကို သုံးပါ။ မိတ်ဆွေကို များစွာအထောက်အကူပြု ပါလိမ့်မယ်။ များစွာအကူအညီကောင်း တွေ ပေးနိုင်ပါလိမ့်မယ်။ အဲဒီစကြဝဠာ စမတော်ကလေးဆိုတာကတော့ ဒါ ပဲဗျာ။

စကားပြောမှားတယ်။ လုပ် ရပ်တစ်ခု မှားတယ်။ စာချုပ်တွေ အ တွေ မှားပြီး လက်မှတ်ထိုးမိတယ် စေ



အခြေအနေမျိုးတွေ ကြုံ တွေ့ပြီဆိုရင် ဒီစကြဝဠာစမတော်ကလေးကို ဖယောင်းတိုင်မှာ ကပ်ပါ။ပြီးရင် မီးထွန်းပြီး ကိုယ်ဖြစ်ချင်တာကို ကျကျနန ဆုတောင်းရုံပါပဲ။ ဒါမှမဟုတ် ဒီစကြဝဠာစမတော်လေးကို သစ်သားပြား၊ ကျောက်တုံး၊ စက္ကူတွေမှာရေးပြီး ဒီလိုအခြေအနေ ကြုံတဲ့အခါမှာ ဆောင်ထားလို့ ရပါတယ်။

ကဲ . . . မိတ်ဆွေမှာ အမှားအယွင်းတွေကြုံလို့ အမှားပြင်ဖို့ ကိစ္စတွေ ကြုံတဲ့အခါမှာ ဒီစကြဝဠာစမတော်၊ ဒီသင်္ကေတလေးဆီက များစွာအထောက်အပံ့ကောင်း၊ အကူအညီကောင်းတွေ ရပါစေလို့ ဆုမွန်ကောင်းတွေ တောင်းပေးလိုက်ပါရဲ့ဗျာ . . .။ ။

## " အောင်မြင်တဲ့အနုပညာရှင် "

ရာသီဥတု ကြည်လင်သာယာနေသော နံနက်ခင်းတစ်ခုတွင် ကျွန်ုပ်သည် ကလေးများဖတ်သော လွန်စွာရယ်စရာကောင်းသည့် ဟာသကာတွန်းစာအုပ်ကလေးတစ်အုပ်ကို သဘောကျနှစ်ခြိုက်စွာဖြင့် စိတ်ဝင်တစား ဖတ်ရှုနေလေ၏။

ထိုအချိန်၌ မိန်းကလေးတစ်ဦးသည် ကျွန်ုပ်၏အနီးသို့ ရောက်ရှိလာလေ၏။ ကျွန်ုပ်သည် ထိုမိန်းကလေးရောက်လာသည်ကို မသိသေးဘဲ စာအုပ်ထဲမှ အကြောင်းအရာကိုသာ သဘောကျစွာဖြင့် ထ၍ရယ်လိုက်လေ၏။

"ဟား . . . ဟား . . . ဟား . . . ဟား . . ."

ထိုမိန်းကလေးသည် ရုတ်တရက် လန့်သွားပြီးနောက် -

"ပလုပ်တုတ် . . . ငုတ်တုတ် . . ." ဟု ထ၍ယောင်လိုက် တော့မှ ကျွန်ုပ်လည်း မိန်းကလေးကို သတိထားလိုက်မိ၏။ ထိုမိန်းက



လေးသည် အသက် (၂၀)ခန့်ရှိပြီး အသားမည်း၏။ ပါးစပ်ပြဲ၏။ သွားကျဲ၏။ ကျွန်ုပ်လည်း ထိုမိန်းကလေး၏ ပုံပန်းသဏ္ဌာန်ကို ကြည့်၍ ကြောင်အမ်းအမ်း ဖြစ်သွားပြီးနောက် -

"ဘာလာလုပ်တာလဲ" ဟု မေးလိုက်ရာ ထိုမိန်းကလေးက

"ဗေဒင်လာကြည့်တာပါ . . ." ဟု သူမ၏ ကျဲနေသော သွားများကို ပေါ်အောင်ဖြဲးပြရင်း ပြောလေ၏။ ထိုအခါ ကျွန်ုပ်က -

"ငါ ဒီနေ့ ဗေဒင်မဟောဘူး . . ." ဟု ပြန်၍ပြောလိုက်သော အခါ ထိုမိန်းကလေးသည် သူမ၏ ပြဲနေသော ပါးစပ်ကို တစ်ချက်မျှ မဲ့လိုက်ပြီးနောက် -

"လုပ်ပါ ဆရာရယ် . .၊ တစ်ခွန်းတည်းရယ်ပါ . . ."

"မလုပ်ပါနဲ့ဗျာ . . .၊ တစ်ခွန်းမှ မလုပ်ပါရစေနဲ့ . . ."

ကျွန်ုပ်၏စကားကြောင့် ထိုမိန်းကလေးသည် ခြေကိုဆောင့် လိုက်ပြီးနောက် သူမ၏ အိုးမည်းရောင်ထနေသော လက်ဖြင့် လက် ကိုင်ပဝါအဖြူကို ချေလိုက်ပြီးနောက် နှုတ်ခမ်းကို စူလိုက်ရင်း -

"ဆရာကလည်း တစ်ခွန်းတည်းပါဆိုနေမှ . . ." ဟု ကန္ဒဲ့ ကလျ ပြောလေ၏။ ကျွန်ုပ်လည်း သက်ပြင်းရှည်ကြီးကို ဟူးခနဲ တစ်ချက်မျှ ချလိုက်ပြီးနောက် -

"ကဲ . . . ပြော၊ ဘယ်လိုတစ်ခွန်း သိချင်တာလဲ . . ."

"သမီးက ဗွီဒီယိုမင်းသမီးလုပ်မလို့၊ အဲဒါ အောင်မြင်မလား၊ မအောင်မြင်ဘူးလားဆိုတာ သိချင်လို့ . . ."

ကျွန်ုပ်သည် ထိုမိန်းကလေးအား ခြေဆုံးခေါင်းဆုံး ကြည့် လိုက်ပြီးနောက် -

"ကဲ . . . လာ၊ ဒီရှေ့မှာ ထိုင်" ဟု ဆိုကာ ဗေဒင်စားပွဲရှေ့ တွင် ထိုင်ခိုင်းလိုက်လေ၏။

"တဲ . . . သမီးနာမည် ပြော . . . "

"မဟူရာပြာပြာပါရှင် . . . "

"တဲ . . . ပြောပြမယ်၊ ကမ္ဘာကျော်လက္ခဏာဆရာကြီးကိုင်ရိုရဲ့ ဟောကိန်းအဆိုအရဆိုရင် အင်္ဂလိပ်ရက် (၂၊ ၁၁၊ ၂၀၊ ၂၉၊ ၆၊ ၁၅၊ ၂၄) ရက်မွေးတဲ့သူတွေဟာ အနုပညာဓာတ်ခံရှိတယ်လို့ ဆိုထားတယ်၊ အနုပညာလုပ်ငန်းလုပ်ရင် အောင်မြင်မယ်ပေါ့၊ အဲဒီအထဲမှာမှ မြန်မာမွေးသက္ကရာဇ်ကို တည်၊ (၇) နဲ့စား၊ (၅) ကြွင်းတဲ့သူရယ်၊ (၆) ကြွင်းတဲ့သူရယ်၊ (၀) ကြွင်းတဲ့သူတွေဟာလည်း အနုပညာလုပ်ငန်းတွေဖြစ်တဲ့ ရုပ်ရှင်၊ ဂီတ၊ သဘင် စတဲ့ လုပ်ငန်းတွေနဲ့ အကျိုးပေးတယ်လို့ ဆိုထားသကွဲ့ . . . "

ထိုမိန်းကလေးသည် ကျွန်ုပ်အား နားမလည်သောအမူအရာဖြင့် ကြည့်ရင်း -


"ဒီတော့ သမီးက အောင်မြင်မလားရှင် . . . " ဟု မေးလေ၏။

"သမီး သရုပ်ဆောင်အလုပ်နဲ့ အောင်မြင်မလား၊ မအောင်မြင်ဘူးလားဆိုတာကို ကိုယ့်ရုပ်ကိုယ် မှန်ထဲပြန်ကြည့်၊ အဲ . . . ယောင်လို့၊ ဆရာပြောတဲ့အတိုင်း တွက်ကြည့်လိုက်ပါလား . . . "

ကျွန်ုပ်သည် ထိုကဲ့သို့ပြောပြီးနောက် ဖတ်လက်စစာအုပ်ကို ပြန်၍ဖတ်နေလိုက်၏။ မဟူရာပြာပြာဆိုသော မိန်းကလေးသည် ထပ်ဆင့်၍ သူမ၏ အိုးမည်းရောင်ထနေသော ညာဘက်လက်ဖဝါးကို ကျွန်ုပ်၏ရှေ့သို့ ဖြန့်၍ပြပြန်ကာ -

"လက္ခဏာကိုလည်း ကြည့်ပေးပါဦး ဆရာ . . . " ဟု ပြောလေ၏။ ကျွန်ုပ်သည် သူမ၏လက်ဖဝါးကို မကြည့်တော့ဘဲ ဗေဒင်စားပွဲပေါ်၌ အောက်ပါအတိုင်း လက်ဝါးပုံတစ်ပုံ ရေးပြလိုက်လေ၏။






အဲဒီပုံအတိုင်းဆိုရင် အောင်မြင်ရေးလမ်းကြောင်းဟာ တနင်္လာဖြိုဟ်ခုံကနေစပြီး တက်လာရင် ပရိသတ်ချစ်တဲ့၊ အောင်မြင်တဲ့ အနုပညာသမားတစ်ယောက်ဖြစ်မယ်၊ ပုံမှာ (က-က) ကို ကြည့်ပါ၊ အဲဒီလိုပဲ အောင်မြင်ရေးလမ်းကြောင်းဟာ အသက်လမ်းကြောင်းကနေစပြီး ထောင်တက်လာရင်လည်း ပြည်သူချစ်တဲ့၊ အောင်မြင်တဲ့ အနုပညာရှင်ဖြစ်မယ်၊ ပုံ (ခ-က)ကို ကြည့်ပါ . . . "

ကျွန်ုပ်သည် ထိုကဲ့သို့ ရှင်းပြလိုက်ပြီးနောက် ဖတ်လက်စစာအုပ်ကိုသာ ဆက်၍ဖတ်နေလိုက်ပြန်၏။ မဟူရာပြာပြာဆိုသော မိန်းကလေးသည်လည်း ကျွန်ုပ်အား မည်သို့မျှ ပြန်၍မပြောတော့ဘဲ ကျွန်ုပ်ဆွဲပြသော လက္ခဏာပုံအား တစ်လှည့်၊ သူမ၏ လက်ဖဝါးအား တစ်လှည့်ကြည့်ရင်း သဘောကျနှစ်မြို့က်စွာဖြင့် ထွက်ခွာသွားပါလေတော့သည်။

## " အလေအလွင့် ထိန်းနိုင်ဖို့ "

"ဟော့ . . . ခိုင်ကြီး . . ."

နောက်မှ ခေါ်သံကြား၍ လှည့်ကြည့်လိုက်သည်။ သူငယ်ချင်းဖြစ်သူ လှဌေးဖြစ်နေ၏။ ကျွန်ုပ်လည်း အားရဝမ်းသာ လှဌေး၏ တုတ်ကို ဖက်လိုက်ရင်း -

"ဟာ . . . လှဌေး၊ မတွေ့တာကြာပြီ . . .၊ အခု ဘာလုပ်နေလဲ . . ." ဟု မေးလိုက်လေ၏။

"ငါ သီးနှံတွေ အရောင်းအဝယ်လုပ်နေတယ်ကွ၊ ပွဲစားပေါ့ကွာ . . ."

"အေး . . . ကောင်းတာပေါ့ကွာ၊ ကြိုးစား သူငယ်ချင်း၊ ကြိုးစား . . ."

"ကြိုးစားတာကတော့ ဟုတ်ပါပြီကွာ၊ ဒါပေမဲ့ သိပ်ပြီးအဆင်မပြေဘူးကွ . . ."



"အဆင်မပြေတာတွေ နောက်မှပြောကွာ . . .၊ လာ လက်ဖက်ရည်သောက်ရင်း ဆက်ပြီးပြောကြတာပေါ့ . . ."

ကျွန်ုပ်တို့နှစ်ဦးသားသည် အနီးဆုံးလက်ဖက်ရည်ဆိုင်တစ်ဆိုင်သို့ ဝင်၍ထိုင်လိုက်ကြလေ၏။ ထို့နောက် လက်ဖက်ရည်သောက်ရင်း၊ စီးကရက်ဖွာရင်းဖြင့် ငယ်စဉ်က ရှေးဟောင်းနှောင်းဖြစ်များအား ပြောဖြစ်ကြလေ၏။ လှဌေးက အားအင်ချည့်နဲ့သော လေသံဖြင့် -

"အခုတလော ငါ သိပ်ပြီးအဆင်မပြေဘူးကွ၊ အလုပ်ပြောင်းပြီးလုပ်ရင် ကောင်းမလားမသိဘူး . . ." ဟု ပြောလေ၏။ ကျွန်ုပ်ကလည်း ခပ်ပေါ့ပေါ့ပင် -

"ဘယ်လိုအဆင်မပြေတာလဲ၊ လုပ်စမ်းပါဦး . . ." ဟု မေးလိုက်လေ၏။

"ဘယ်လိုအဆင်မပြေတာလဲဆိုတော့ ဒီအလုပ်ကို လုပ်ရတာ သိပ်ပြီးစိတ်မပါဘူးကွ၊ နောက်ပြီး ငွေတွေက ဝင်တယ်၊ ဝင်ဆို တော်တော်တလေးကို ဝင်တာပါကွာ . . .၊ ဒါပေမဲ့ လက်ထဲမှာ မမြဲဘူးကွ၊ ဆီလိုအပေါက်ရှာပြီး ထွက်နေတယ်၊ ပြီးခဲ့တဲ့လက အောင်ဘာလေထီ (၁၀) သိန်းဆု ပေါက်သေးတယ်ကွ၊ ငါလည်း အရင်းအနှီးလုပ်ဖို့ဆိုပြီး စုထားတာ . . .၊ အိမ်က သားအငယ်ကောင် နေမကောင်းဖြစ်တာရယ်၊ မိန်းမက ဟိုဟာဝယ်၊ ဒီဟာဝယ်နဲ့ တစ်ပြားမှကို မကျန်တော့ဘူးကွ . . ."

ကျွန်ုပ်လည်း သူငယ်ချင်းဖြစ်သူ လှဌေး၏ စကားကို ဆုံးအောင်နားထောင်ရင်း စိတ်တွင်းမှ ၎င်း၏ဗေဒင်ကိန်းကို တွက်ချက်နေမိ၏။ ကြာသပတေးသက်ရောက် ဖြစ်နေ၏။ ထို့နောက် ကျွန်ုပ်က -

"အေး . . . ဟုတ်တာပေါ့ကွာ၊ ဒီနှစ်အပိုင်းအခြားမှာက ဒီလိုအဖြစ်မျိုးတွေ ကြုံတတ်တယ်ကွ . . ." ဟု ပြောရင်း စီးကရက်အသစ်

တစ်လိပ်ကို ထုတ်ကာ မီးညှိရှိုက်ဖွာလိုက်လေ၏။

သူငယ်ချင်းဖြစ်သူ လှဒွေးလည်း ကျွန်ုပ်၏စကားကို မစောင့်နိုင်တော့ဘဲ လက်ဖြင့် အတင်းကုတ်၍မေးလေ၏။

"လုပ်စမ်းပါဦး၊ သူငယ်ချင်းခိုင်ကြီးရ၊ မင်းက ဗေဒင်ယတြာတွေနဲ့ မိုးလင်းကမိုးချုပ် လုံးပန်းနေရတာဆိုတော့ . . ."

လှဒွေး၏ စကားမဆုံးမီမှာပင် ကျွန်ုပ်က -

"မင်းရဲ့ကိန်းကို တွက်ရင် မင်းက ကြာသပတေးသက်ရောက်ပဲ၊ ဒီနှစ်အပိုင်းအခြားမှာက ဒီလိုအဖြစ်မျိုးတွေ ကြုံတတ်တယ်ကွ၊ ဟိုဟာလုပ်ရကောင်းနိုးနိုး၊ ဒီဟာလုပ်ရကောင်းနိုးနိုးနဲ့ စိတ်လေနေတတ်တယ်ကွ၊ စိတ်တွေလေနေတဲ့အတွက် ဆုံးဖြတ်ချက်တွေလည်း မှားတတ်တယ်ကွ၊ အဲဒီတော့ ဒီအချိန်ကာလအပိုင်းအခြားမှာ ဘာကိုပဲ ဆုံးဖြတ်ဆုံးဖြတ် တစ်ယောက်တည်း မဆုံးဖြတ်ရဘူး၊ တစ်ယောက်နဲ့ ညှိနှိုင်းတိုင်ပင်ပြီးမှ ဆုံးဖြတ်ရမယ် . . ." ဟု ပြောလိုက်ရာ လှဒွေးက ခေါင်းကို တဗျင်းဗျင်းကုတ်ရင်း -

"အဲဒါတွေ မပြောနဲ့ကွာ . . .၊ အလုပ်တွေ လုပ်ရသလောက် ငွေက မဝင်ဘူး၊ လာဘ်ပိတ်နေတယ်၊ လာဘ်ပိတ်တဲ့အပြင် ရှိတဲ့ငွေတွေကလည်း ထွက်နေတယ် မပြတ်ဘူး . . ." ဟု ပြောလေ၏။ ကျွန်ုပ်လည်း တစ်ချက်မျှပြုံးလိုက်ပြီးနောက် -

"အေး . . . အဲဒါလည်း ဒီအချိန်အပိုင်းအခြားမှာ ကြုံတတ်တယ်ကွ၊ ငါတို့အဘ သင်ပေးထားတာကတော့ ဒီနှစ်အပိုင်းအခြားကို 'ရှိတာအကုန်ထုတ်'တဲ့ . . .၊ အဓိပ္ပာယ်ကတော့ ငွေတွေ၊ ပစ္စည်းတွေ ထွက်တတ်တယ်၊ ကုန်တတ်တယ် . . ."

သူငယ်ချင်းဖြစ်သူလှဒွေးလည်း ပါးစပ်အဟောင်းသားဖြင့် ကျွန်ုပ်ပြောပြသမျှကို ငြိမ်၍နားထောင်နေလေ၏။



"ဒီတော့ကွာ . . .၊ လက်ထဲမှာ ငွေတွေက ရှိနေရင် ရှိနေသလောက်၊ ကိုင်ထားရင် ကိုင်ထားသလောက် ထွက်နေမှာပဲ . . .၊ ဒီတော့ အဘက ပြောဖူးတယ်၊ ပြိုကျမလို ဖြစ်နေရင်, ဖြိုချရတယ်၊ တောင်ကြီးတစ်လုံးဟာ ပြိုမလိုဖြစ်နေရင် အဲဒီတောင်ကြီးကို မပြိုအောင်ဆိုပြီး သွားပြီးမတားဆီးရဘူး၊ ကိုယ်ပါ တောင်ပြိုပြီး ဝိသွားမယ် . . ."

ကျွန်ုပ်သည် စီးကရက်ကို နှစ်ဖွာသုံးဖွာခန့် ဆက်၍ဖွာလိုက်လေ၏။

"တောင်ကြီးက ပြိုကျမလိုဖြစ်နေရင်၊ ကိုယ်ကိုယ်တိုင် ဖြိုချဖျက်ဆီးပစ်ရတယ်ကွ၊ ဒါဆိုရင် ကိုယ်လည်း လွတ်သွားမယ်၊ စိတ်လည်း မဆင်းရဲရတော့ဘူး၊ ဒုက္ခလည်း မရောက်တော့ဘူးပေါ့ကွာ . . .၊ စကားစပ်တုန်း ပြောပြရဦးမယ်၊ လူတော်တော်များများဟာ ပြိုကျမလို ဖြစ်နေတဲ့ကိစ္စတွေကို ဖြိုမချဘဲ မပြိုအောင် ဖွတ်တားဆီးကြတဲ့အတွက် ကိုယ်ပါ ဒုက္ခရောက်ကြရတယ်က၊ ကိုယ်တစ်ယောက်တည်းမဟုတ်ဘဲ ကိုယ့်မိသားစုပါ ဒုက္ခရောက်ကြရတယ်ကွ . . ."

ကျွန်ုပ်၏ စကား်ကို နားထောင်ရင် လှဒွေးက -

"ဒါဆိုရင် ငါက ဘာလုပ်ရမှာလဲကွ . . ." ဟု မေးလေ၏။

"ဘာလုပ်ရမလဲဆိုတော့ မင်းရဲ့ ဗေဒင်ကိန်းက လက်ထဲမှာ ငွေမမြဲဘူးဆိုတော့ မမြဲမယ့်အတူတူ စိတ်ရှိလက်ရှိ ငွေတွေ ဝင်လာရင် ဝင်လာသလောက် သုံးပစ်လိုက်ပေါ့ကွာ . . ."

"ဟ . . . အဲဒီလိုသုံးလို့ ဘယ်ဖြစ်မလဲကွ၊ နှမြောစရာကြီး"

"မနှမြောနဲ့ ကိုယ့်လူ၊ ဒီကိန်းဂဏန်းတွေမှာ ငွေက ထွက်မှာပဲ၊ ထွက်စရာမရှိရင် ကျန်းမာရေးကိစ္စနဲ့ ထွက်တတ်တယ် . . ."

လှဒွေးသည် ကျွန်ုပ် ပြောပြသမျှကို လက်ခံသယောင်ယောင်

ဖြင့် ငြိမ်၍နေလေ၏။ ထို့နောက်တွင်မှ -

"ဟုတ်လောက်တယ်ကွ . . .၊ ထိဆုကြီးပေါက်တုန်းက ငါက ငွေကို သိမ်းထားတယ်၊ အဲဒီမှာ သားအငယ်ကောင်က ကျန်းမာရေး ညံ့တော့ သုံးရတော့တာပဲကွ . . ." ဟု ပြောလေ၏။ ကျွန်ုပ်လည်း တစ်ချက်မျှ ပြုံးလိုက်ပြီးနောက် -

"အေး . . . ဒါကြောင့် အဘကလည်း ပြောဖူးတယ်၊ ဒီနှစ်မှာ ထီမထိုးသင့်ဘူးတဲ့ . . ." ဟု ပြောလိုက်လေ၏။ လှငွေးက -

"မဖြစ်မနေ ထိုးရမယ်ဆိုရင်ကောကွာ . . ." ဟု မေးလေ၏။

"မဖြစ်မနေထိုးရမယ်ဆိုရင် တခြားတစ်ယောက်နာမည်နဲ့ပဲ ထိုးကွာ . . ."

လှငွေးသည် ခေါင်းကို တဖျင်းဖျင်း ကုတ်လိုက်ပြီးနောက်

"ကြာပါတယ်ကွာ . . .၊ လက်ထဲမှာ ငွေမြဲစေမယ့် ယတြာပဲ ပြောပြကွာ . . ." ဟု ပြောလေ၏။

"လက်ထဲမှာ ငွေမြဲစေတဲ့ ယတြာကတော့ မြေပဲကို ဘုရားမှာ လှူပြီး ဆုတောင်းလည်း ရတယ်၊ ငါးသေတ္တာဗူးပေါ်မှာ ဖယောင်းတိုင် မီးထွန်းပြီး ဆုတောင်းလည်း ရတယ်၊ ဒါပေမဲ့ အဲဒါမလုပ်ပါနဲ့ကွာ"

ကျွန်ုပ်လည်း လုပ်ရမည့်ယတြာအား အသေးစိတ်ရှင်းပြလိုက်လေတော့၏။ လှငွေးလည်း အသေအချာ ရေးမှတ်လိုက်ပြီးနောက်

"သူငယ်ချင်း ခိုင်ကြီး၊ အခု မင်းပြောတာတွေက ဘယ်လောက်အထိ အကျိုးဝင်လဲ . . ." ဟု မေးလေ၏။

"အခုလာမယ့် မင်းရဲ့မွေးနေ့ကျော်ရင် ပြီးသွားပြီ . . .၊ ကံအကောင်းဘက်ကို ရောက်သွားပြီ . . ."

လှငွေးသည် ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်နေရင်းမှ



"ကဲ . . . ခိုင်ကြီး၊ ငါလည်း အလုပ်တွေ ရှိသေးတယ်၊ မင်းလည်း အားမှာမဟုတ်ဘူး၊ နောက်မှ ဆုံကြတာပေါ့ကွာ . . ." ဟု ဆိုကာ ပြောလေ၏။ ထို့နောက်တွင်မှ ကျွန်ုပ်တို့နှစ်ဦးသားသည် လက်ဖက်ရည်ဆိုင်မှ ထွက်လာကာ လမ်းခွဲလိုက်ကြလေတော့၏။ ကျွန်ုပ်လည်း တတ်ထားသည့်ပညာဖြင့် သူငယ်ချင်းဖြစ်သူ လှငွေးအား ကူညီလိုက်ရသည့်အတွက် ရင်တွင်း၌ ကြည်နူးမှုပီတိများ များစွာဖြစ်မိနေပါလေတော့သတည်း။

မှတ်ချက်။ ။ကြာသပတေးသက်ရောက်ဆိုသည်မှာ လူတစ်ယောက်၏အသက်ကို တည်၊ (၈) ဖြင့် စားပါ။

တနင်္ဂနွေသားသမီးများ (၆) ကြွင်းသောနှစ်၊ တနင်္လာသားသမီးများ (၅)ကြွင်းသောနှစ်၊ အင်္ဂါသားသမီးများ (၄) ကြွင်းသောနှစ်၊ ဗုဒ္ဓဟူးသားသမီးများ (၃) ကြွင်းသောနှစ်၊ ကြာသပတေးသားသမီးများ (၁) ကြွင်းသောနှစ်၊ သောကြာသားသမီးများ (၀) ကြွင်းသောနှစ်၊ စနေသားသမီးများ (၂) ကြွင်းသောနှစ်ကို ဆိုလိုပါသည်။ အဘကတော့ 'ရှိတာအကုန်ထုတ်' ဟု သင်ပေးပါသည်။ ကြောက်စရာ၊ စိုးရိမ်စရာ မလိုပါ။ ယတြာဖိပြီး ချေလိုက်ရုံသာ ဖြစ်ပါသည်။ ယတြာမှာ တနင်္ဂနွေနေ့ သို့မဟုတ် အင်္ဂါနေ့တွင် အုန်းသီးစိမ်းတစ်လုံးကို အဝလှုပ်၊ အရည်သွန်၊ ဆား လက်သုံးဆုပ် ထည့်ပြီးနောက် ညောင်ပင်ကြီးကြီး တစ်ပင်မှ ရုက္ခစိုးကို တိုင်တည်၍ လှူဒါန်းဆုတောင်းပါလေ။

တနင်္လာသားသမီးဆိုလျှင် မွေးနေ့၌ ဝတ်အိပ်သော အကျႌဟောင်းတစ်ထည်ကို နောက်နေ့မနက်စောစောတွင် ဆုတ်ဖြဲပြီး လမ်းဘေးချုံပုတ်ပေါ်တွင် စွန့်ပစ်ရသော ယတြာ ထပ်မံပြုလုပ်ပါလေ။

ဗုဒ္ဓဟူးသားသမီးဆိုလျှင် မွေးနေ့ညဝတ်အိပ်သော လုံချည်ဟောင်းတစ်ထည်ကို နောက်နေ့မနက်စောစောတွင် စီးနေသော ရေထဲ

သို့ မျှောပစ်ရသည့်ယတြာ ထပ်မံပြုလုပ်ပါလေ။

ကြာသပတေးသားသမီးဆိုလျှင် မွေးနေ့ညဝတ်အိပ်သော လုံချည်ဟောင်းတစ်ထည်ကို နောက်နေ့မနက်စောစောတွင် အိမ်နောက်ဖေး၌ မီးရှို့ပစ်ရသည့်ယတြာ ထပ်မံပြုလုပ်ပါလေ။

ကြာသပတေးသတ်ရောက်၏ ဆိုးကျိုးများကို ကာကွယ်နိုင်ပါသည်။

မိတ်ဆွေရဲ့ဘဝ၊ မိတ်ဆွေရဲ့မိသားစုဘဝကို များစွာအထောက်အကူ ပြုနိုင်ပါစေ . . .။ ။



# ဒီလိုကြုံရင်
## ဒီလိုလုပ်လိုက်ပါ

ကဲ . . . မိတ်ဆွေ။

မိတ်ဆွေတို့ ကျွန်တော်တို့မှာ နောက်တစ်ခု ကြုံတတ်တာက တော့ လက်ထဲမှာ ငွေကြေးလေးဘာလေး အဆင်ပြေတော့ သွားရလာရတာ လွယ်ကူအောင်၊ အလုပ်မှာလည်း အဆင်ပြေအောင်ဆိုပြီးတော့ ကားတစ်စီးဝယ်လိုက်တယ်၊ ကားဝယ်လိုက်ပြီဆိုကတည်းက အရင်လို ဘတ်စ်ကား တိုးမစီးရတော့ တော်တော်ကလေး အဆင်ပြေသွားတာ ပေါ့ဗျာ။ ပျော်စရာလည်း ကောင်းတာပေါ့။

ဘုရားသွားကျောင်းတက်ပဲဖြစ်ဖြစ်၊ အခမ်းအနား ပျော်ပွဲရွှင်ပွဲတွေပဲသွားသွား၊ အငှားကား ငှားစရာမလိုတော့ဘူးလေ။ ကားပိုင် ရှိတယ်ဆိုတဲ့ ဂုဏ်ပုဒ်ကလည်း နည်းသလားဗျာ။ လူလည်း ရှိန်၊ ဇိမ်လည်း ကျဟုတ်တယ်မဟုတ်လား။

ဒါပေမဲ့ ကားလေးဝယ်ထားပြီး ကားပိုင်ဖြစ်ကာစ ပျော်မလို့



ရှိတုန်း စိတ်ညစ်စရာက ပေါ်လာပါလေရော။ ဘာလဲဆိုရင် ဝယ်ထားတဲ့ကားက ညဘက်ဆိုရင် လူမရှိဘဲ ဟွန်းသံ ထွက်လာတာတို့၊ တစ်ခါတလေ လူတစ်ယောက် ကားထဲမှာ ထိုင်နေသလိုလို၊ ကားဘေးနားမှာ ရပ်နေသလိုလိုတွေ တွေ့ရတယ်ဆိုရင် ဘယ်ပျော်နိုင်ပါတော့မလဲဗျာ။ မိတ်ဆွေ ကိုယ်ချင်းစာပြီး ခံစားကြည့်ပါ။ အဲဒီတော့ တစ်အိမ်လုံး စိတ်ညစ်ရပြီပေါ့ဗျာ။

နောက်တစ်ခု ကျွန်တော်တို့မှာ အိုးပိုင်အိမ်ပိုင်မရှိလို့ ငှားနေရာကနေ ငွေကြေးလေးအဆင်ပြေတော့ အိုးပိုင်အိမ်ပိုင် ဝယ်လိုက်တယ်။ တစ်မိသားစုလုံး ပျော်ရပြီပေါ့။ အိမ်လခလည်း ပေးစရာမလိုတော့ဘူး။ အိမ်ရှင်မျက်နှာကိုလည်း ငဲ့စရာ၊ ကြည့်စရာမလိုတော့ဘူး။

ဒါပေမဲ့ စောစောက ပြောသလို အိမ်ထဲမှာဘယ်သူမှမရှိဘဲနဲ့ စကားတိုးတိုးပြောသံ ကြားနေရသလိုလို၊ အိမ်ထဲမှာ အရိပ်လိုလို ဘာလိုလို ရိပ်ခနဲ၊ ရိပ်ခနဲ တွေ့လိုက်ရတာမျိုး ကြုံနေပြီဆိုပါတော့၊ ဘယ်ပျော်နိုင်ပါတော့မလဲဗျာ။ တစ်မိသားစုလုံး စိတ်ညစ်ရပြီပေါ့ဗျာ။

ဒါဆိုရင် ဒီလိုမဖြစ်အောင် လုပ်တဲ့နည်း၊ လွယ်ကူတဲ့နည်းကိုတော့ ကျွန်တော် သိပါတယ်။

မိတ်ဆွေတို့၊ ကျွန်တော်တို့မှာ အိမ်ပဲဝယ်ဝယ်၊ တိုက်ခန်းပဲဝယ်ဝယ် ကိုယ်ဝယ်တဲ့ပစ္စည်းမှာ ရှေ့ကလူတွေ ဘာတွေလုပ်ခဲ့မှန်း ဘာတွေဖြစ်ခဲ့မှန်း ကျွန်တော်တို့ ဘယ်သိမလဲ။ ကိုယ့်လက်ထဲလည်း ရောက်ရော စောစောကလိုမျိုး မည်းမည်းကြီးတွေ၊ ဖြူဖြူကြီးတွေ မသည်ဖြင့် တွေ့နေရပြီဆိုရင် ဘယ်လိုလုပ်ရမလဲဆိုတော့ ဘုန်းကြီးတွေပင့်ပြီး အန္တရာယ်ကင်း ပရိတ်ရွတ်တာတို့ဘာတို့ လုပ်မယ်ဆိုရင်လည်း ရပါတယ်။ အန္တရာယ်ကင်းမယ်။ ဘေးရှင်းမယ်။ သန့်ရှင်းသွားပါလိမ့်မယ်။

ဒီလိုလုပ်ဖို့ အခြေအနေမပေးဘူးဆိုရင်တော့ ကျွန်တော် နည်းတစ်ခု ပြောပြပါမယ်။ နည်းက သိပ်ပြီးလွယ်တော့ မိတ်ဆွေ အထင်မသေးရဘူးနော်။ မသိရင်တော့ တော်တော်ကလေးကို ခက်ပါတယ်။ အရမ်းခက်ပါတယ်။

အဲဒါတော့ မိတ်ဆွေအနေနဲ့ အိမ်၊ ခြံ၊ တိုက်၊ ကား၊ လှေ၊ သင်္ဘော၊ မော်တော် စသည်ဖြင့် ဝယ်တဲ့အခါမှာ စောစောက ကျွန်တော် ပြောသလိုမျိုး အမှောင့်အရောင့်တွေ ပါမလာအောင်ဆိုရင်တော့ ဈေးထဲကုန်စုံဆိုင်က ရှာလကာရည်နှစ်ပုလင်းလောက် ဝယ်၊ ရေနဲ့ နည်းနည်းရောပြီး ကိုယ်ဝယ်တဲ့ အိမ်၊ ခြံ၊ တိုက်၊ ကား၊ မော်တော်၊ သင်္ဘောတွေကို အနှံ့ပက်ဖြန်းပစ်လိုက်ဗျာ။

ဒါဆိုရင် အမှောင့်အရောင့်တွေအားလုံး ကင်းရှင်းသွားပါလိမ့်မယ်။ သန့်ရှင်းသွားပါလိမ့်မယ်။ မည်းမည်းကြီးတွေ၊ ဖြူဖြူကြီးတွေ၊ မဟုတ်တဲ့အသံတွေ၊ မြင်ချင်တယ်၊ ကြားချင်တယ်ဆိုရင်တောင် မကြားရ၊ မမြင်ရတော့ပါဘူး။

မိတ်ဆွေကို ထပ်ပြီးပြောပြရဦးမယ်။ ဒီနည်းက လွယ်တယ်ဆိုပြီး အထင်မသေးနဲ့။ တအားစွမ်းတဲ့ အင်မတန်စွမ်းတဲ့ ဂမ္ဘီရနည်းတစ်ခုပါပဲ။

ကဲ . . . ဒီလိုဆိုရင် မိတ်ဆွေပဲဖြစ်ဖြစ်၊ မိတ်ဆွေနဲ့ပတ်သက်တဲ့ ဆွေမျိုးသားချင်း၊ အပေါင်းအသင်းတွေ ကြုံရင်ပဲဖြစ်ဖြစ် ဘယ်သူ့ဆီမှာ သွားပြီး မေးနေစရာ၊ အကူအညီတောင်းနေစရာ မလိုတော့ဘူးပေါ့ဗျာ။ အင်မတန် အစွမ်းထက်တဲ့ လွယ်ကူသောနည်းတစ်ခုကို မိတ်ဆွေ သိသွားပြီဆိုတော့ မိတ်ဆွေ ကျွန်တော့်ကို ကျေးဇူးတင်မှာပါ။ မိတ်ဆွေ အမှန်တကယ်ကျေးဇူးတင်ရမှာက ကျွန်တော် မဟုတ်ပါဘူး။ ကျွန်တော့်ကို တစ်ဆင့်ပြောပြတဲ့အတွက် နည်းနည်းပဲတင်ပါ။ မိတ်ဆွေ



အမှန်တကယ် ကျေးဇူးတင်ရမှာက ကျွန်တော့်ကို အခကြေးငွေမယူဘဲ ထမင်းကျွေး၊ လက်ဖက်ရည်တိုက်ပြီး အစစအရာရာ သွန်သင်ဆုံးမပြီး ပညာအမွေတွေ သက်ဆင့်ကမ်းပေးတဲ့ အဘဆရာကြီးမင်းသိခ်ကိုပါပဲ . . . ။ ။

# " ကြွကြွရွရွ "

ကဲ . . . မိတ်ဆွေ။

ဒီတစ်ခါ မိတ်ဆွေကို ပြောပြချင်တာကတော့ မိတ်ဆွေအတွက် အကျိုးရှိမယ်ထင်တဲ့ ကျွန်တော့်ရဲ့အတွေ့အကြုံကလေးတစ်ခုပါပဲ။

ကျွန်တော် ဗေဒင်ဆရာဖြစ်ခါစ ဗေဒင်ဆရာပေါက်စတုန်းကပေါ့ဗျာ၊ အဘဆီကနေ ဗေဒင်ပညာတွေ သင်ယူပြီးစအချိန်ပေါ့၊ တကယ့်ကို မြောက်ကြွမြောက်ကြွနဲ့ပေါ့၊ ဗေဒင်ပညာတွေ၊ လက္ခဏာပညာတွေ ပညာရှင်ဖြစ်ပြီဆိုတာနဲ့ ဘဝကြီးတစ်ခွဲသားနဲ့ပေါ့ဗျာ။

ကျွန်တော့်ကို တအားကြွားတာပဲ၊ ကိုယ့်ဂုဏ်ကို ဖော်တယ်၊ လိပ်လို ကိုယ့်ဘက်ကို ယက်တယ်လို့ အထင်မလွဲလိုက်ပါနဲ့၊ ရိုးရိုးသားသား အတည့်ပြောတာပါ၊ ဘာနဲ့သွားပြီးတူလဲဆိုတော့ မိတ်ဆွေတို့ ကျွန်တော်တို့လည်း ကြုံဖူးပါတယ်၊ ဆယ်တန်းစာမေးပွဲအောင်ပြီးခါစ



အချိန်လို၊ ဘွဲ့ရပြီးစအချိန်လို၊ ဝန်ထမ်းဆိုရင် ရာထူးတက်ပြီးခါစ အချိန်လို၊ ချစ်သူဆီက အဖြေရပြီးစအချိန်လိုပေါ့ဗျာ။

ဘယ်သူပဲဖြစ်ဖြစ် အဲဒီအချိန်လေးတွေဟာ သိပ်ပြီးနေလို့ကောင်းတာပဲ၊ ဘယ်လိုကောင်းတာလဲတော့ ကျွန်တော်လည်း သေသေချာချာ မပြောပြတတ်ဘူး၊ နေရထိုင်ရတာ ကြွကြွရွရွကလေးရယ်၊ ပေါပေါ့ပါးပါး တက်တက်ကြွကြွကလေးရယ်၊ ဘေးကလူတွေကတော့ မြောက်နေတယ်လို့ ပြောကြတာပေါ့၊ ပြောချင်လည်း ပြောကြပါစေဗျာ၊ ကျွန်တော့်နေရာမှာ သူတို့ဆိုရင်လည်း ဒီလိုဖြစ်နေမှာပဲ၊

ကဲ . . . ထားပါတော့လေ၊ ကျွန်တော် ဗေဒင်ပညာတတ်ခါစ၊ ဗေဒင်ဆရာပေါက်စတုန်းက ခေါင်းကိုမော့၊ ရင်ကိုကော့ပြီး ဘဝင်ကြီးတစ်ခွဲသားနဲ့ ဗေဒင်စားပွဲမှာ ထိုင်ရင်း ဗေဒင်ကြည့်မယ့်သူတို့ စောင့်နေတယ်၊ အဲဒီတုန်းက ကျွန်တော့်မျက်နှာထားကို မိတ်ဆွေကို ပြလိုက်ချင်တယ်၊ ခပ်မာမာ၊ ခပ်တည်တည်ပဲ၊

အဲဒီလိုနဲ့ အသက် (၅၀) လောက်ရှိတဲ့ အဒေါ်ကြီးတစ်ယောက် ဗေဒင်ကြည့်ဖို့ ရောက်လာတယ်၊ ကျွန်တော်ကလည်း အသံခပ်မာမာနဲ့၊

"ကဲ . . . ထိုင်၊ ဗေဒင်ကြည့်ဖို့လား . . . "လို့ မေးလိုက်တော့ အဲဒီအဒေါ်ကြီးကလည်း အသံခပ်စွာစွာနဲ့ ပြန်ဖြေတယ်၊

"ဟုတ်ပါ့ တော်ရေ . . . ၊ ကဲ . . . တွက်ပါဦး ဆရာလေးရယ် . . . ၊ ကျွန်မရဲ့ ကံကြမ္မာအဆိုးအကောင်း . . . "

ကျွန်တော်ကလည်း ဒီအဒေါ်ကြီးရဲ့ နေ့သား၊ မွေးသက္ကရာဇ်တွေကို တောင်းယူပြီး ဗေဒင်ကို စပြီးတွက်တော့တာပေါ့၊ သူကလည်း ကျွန်တော် ဗေဒင်တွက်တာကို စိတ်ဝင်တစားနဲ့ ကြည့်နေတယ်၊ ကျွန်တော်လည်း အားလုံးတွက်ချက်ပြီး ချိန်ဆပြီးတာနဲ့ စပြီးဟောတော့တာ

ပေါ့။

"ဒီနှစ်က ခင်ဗျား ကံတအားကောင်းနေပြီ၊ စီးပွားရေးမှာ အရှိန်အဟုန်နဲ့ တက်မယ့်နှစ်ပဲ . . ."

ဒီအဒေါ်ကြီးက မျက်နှာကြီးရှုံ့မဲ့ပြီး -

"စီးပွားတက်မယ် ဟုတ်လား၊ အောင်မလေးတော် တက်ဖို့နေနေသာသာ ရှိပြီးသားစားသောက်ဆိုင်ကလေးတောင် ပြုတ်သွားတာ ရက်ပိုင်းလောက်ပဲ ရှိသေးတယ် . . ."

ဒီလို ပြန်ပြီးပြောတော့ ကျွန်တော်ကလည်း ဘယ်ရမလဲ၊ နောက်တစ်ခွန်း ထပ်ပြီးဟောတာပေါ့။

"ဒါဆိုရင် ငွေတွေ အစုလိုက် အပုံလိုက် နှစ်ခါဝင်မယ်"

ကျွန်တော် ဒီလိုဟောလိုက်တော့ ဒီအဒေါ်ကြီးရဲ့မျက်နှာက ဘီလူးမသံပုရာသီး ကိုက်ထားသလို ရှုံ့တွမဲ့ရွဲ့သွားပြီး -

"အောင်မလေးတော် . . .၊ ငွေတွေ အစုလိုက် အပုံလိုက် နှစ်ခါဝင်မယ် ဟုတ်လား၊ ဝင်ဖို့နေနေသာသာ သူများဆီက ချေးထားတဲ့ ငွေတွေတောင် ပြန်မဆပ်နိုင်ဘဲ အတိုးတွေ တက်တက်နေတာ၊ အိမ်တောင်မှ ရောင်းရမလိုလိုဖြစ်နေပြီ . . ."

ကျွန်တော့်မျက်နှာကြီး ရဲခနဲ ဖြစ်သွားတာပေါ့။ ကျွန်တော်လည်း ဗေဒင်ကိန်းကို သေသေချာချာ ပြန်တွက်ကြည့်တယ်။ အားလုံးမှန်တယ်၊ ဒီအဒေါ်ကြီးက ဒေါ်လှမေတဲ့၊ ဗုဒ္ဓဟူးသမီး၊ အသက်က (၅၃) နှစ်၊ သက်ရောက်အရဆိုရင် သောကြာသက်ရောက်ပေါ့။

ကျွန်တော်လည်း အသက်ကို ဖြင်းဖြင်းရှုလိုက်တယ်၊ ဘယ်ရမလဲ၊ ကျွန်တော်က ဗေဒင်ပညာတွေ တတ်ထားတဲ့ ဗေဒင်ပညာရှင်လေ၊ ဒီလောက်ကတော့ ဖျင်းတောင်ဖျင်းသေးတာပေါ့။ ကိန်းကို သေသေချာချာပြန်စစ်တယ်၊ ပြီးတော့ အသံခပ်မာမာနဲ့ -



"ဒါဆိုရင် ခင်ဗျားမှာ အဖိုးတန်စက်ပစ္စည်းကြီးကြီးမားမား တစ်ခု ဝင်မယ် . . ."

တက်တက်စင်အောင် လွဲတာ၊ မှားတာပါပဲ မိတ်ဆွေ၊ တခြားစီပဲ။

"ဝင်ဖို့နေနေသာသာ ရှိပြီးသား အပ်ချုပ်စက်တောင် ရောင်းပစ်လိုက်ရပြီ . . ."

ကျွန်တော် ကြိုးစားပြီးထပ်ဟောတယ်၊ ထပ်ပြီးမှားတယ်၊ ထပ်ပြီးလွဲတယ် မိတ်ဆွေ၊ သူ့ရဲ့ကိန်းက စီးပွားတက်မယ့်၊ အောင်မြင်မယ့်နှစ်ဆိုတော့ ကျွန်တော်လည်း ဒီအတိုင်း ဟောတာပေါ့။

အဲဒီအချိန်မှာပဲ စောစောက ဘဝင်မြင့်နေတဲ့ ဘဝင်စိတ်တွေ၊ ငါက ဗေဒင်ပညာတတ်တဲ့ ဗေဒင်ပညာရှင်ဆိုတာတွေ၊ စိတ်ကြီးဝင်နေတာတွေအားလုံး ကြွက်ပျောက်ငှက်ပျောက် ပျောက်တုန်တော့တာပဲ ဗျို့ . . .။

အသက်ကလေး နည်းနည်းကြီးလာလို့ပေါ့ဗျာ၊ ကလေးသာဆိုရင် ဗေဒင်စားပွဲကို လက်ထောက်ပြီး ကြုံကြုံပါအောင် အော်ငိုပစ်လိုက်မိမှာဗျို့။

ဒီလိုနဲ့ ကျွန်တော်က ကောင်းတာတွေ ဟောလိုက်၊ ဒီအဒေါ်ကြီးက ဆိုးတာတွေ ပြန်ပြောလိုက်နဲ့၊ ဗေဒင်ဟောတာနဲ့ မတူတော့ဘူး၊ စကားနိုင်လုနေသလို ဖြစ်နေရတယ်၊ နောက်ဆုံးတော့ ဒီအဒေါ်ကြီးလည်း ညာဏ်ပူဇော်ခပေးပြီးတော့ ပြန်သွားပါလေရော။

ကျွန်တော်လည်း ကျွန်တော့် ဗေဒင်စားပွဲကနေ ထသွားတဲ့ ဒေါ်လှမေကြီးရဲ့ကျောပြင်ကို ကြည့်ရင်း မျောက်ရုပ်ကို မေ့ဆေးပေးထားသလို ဗေဒင်စားပွဲမှာ ငူငူကြီးထိုင်ပြီး ကျန်နေခဲ့တော့တာပေါ့။

ကျွန်တော် စိတ်ဓာတ်ကျသွားတယ်၊ အားငယ်သွားတယ်၊

ရှင်းရှင်းပြောရရင် ဖေဒင်ဟောစားချင်စိတ်တောင် ပျောက်သွားတယ်ဗျာ၊ အမြီးကိုလှန်ပြီး ချီးလိုက်သလို ခံစားလိုက်ရတာပေါ့။

နောက်ဆုံးတော့ ကျွန်တော်လည်း ကြံရာမရတာနဲ့ ကျွန်တော့်ကို ထမင်းကျွေး၊ လက်ဖက်ရည်တိုက်ပြီး ဗေဒင်လက္ခဏာဝိဇ္ဇာရပညာတွေ သင်ပေးတဲ့ အဘကို လက်အုပ်ချီပြီး တ,ရတော့တာပေါ့။

"အဘရယ် . . .၊ ကျွန်တော့်ကို ကယ်ပါဦး၊ ကျွန်တော် အဘသင်ပေးတဲ့အတိုင်း သောကြာသက်ရောက် စီးပွားတက်မယ်၊ အစစအရာရာ အောင်မြင်မယ်ဆိုပြီ ဟောတာ အားလုံးမှားတယ်၊ တက်တက်စင်အောင် မှားနေတယ် အဘရယ် . . ."

ဒီလို တ,လိုက်တော့ ကျွန်တော့်ရဲ့ အာရုံထဲမှာ မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေး၊ ဆံပင်အရှည်နဲ့ အဘရဲ့မျက်နှာကြီး ဘွားခနဲ ပေါ်လာတယ်။ ဗေဒင်သင်ပေးတုန်းက အဘရဲ့ အသံတစ်ခုကိုလည်း နားထဲမှာ ပြန်ပြီးကြားလိုက်ရတယ်။

"သောကြာသက်ရောက်မှာဆိုရင် စီးပွားတက်မယ်၊ စီးပွားအင်နဲ့အားနဲ့ တိုးချဲ့သင့်တာပေါ့၊ ဒါပေမဲ့ တစ်ခုသတိထားဖို့က အဲဒီနှစ်မှာ အသုဘမပို့ရဘူး . . ."

ကျွန်တော့်ခေါင်းထဲမှာ လင်းခနဲ လက်ခနဲ ဖြစ်သွားတယ်။ ကျွန်တော့်ဗေဒင်စားပွဲကထပြီး ကြည့်လိုက်တော့ ဒေါ်လှမေကြီးကို လှမ်းပြီးမြင်နေရသေးတယ်။ ကျွန်တော်လည်း လက်ခုပ်တီးပြီး လှမ်းခေါ်လိုက်တယ်။

'ဖြောင်း . . . ဖြောင်း . . . ဖြောင်း . . .၊ ဒေါ်လှမေ. . . ဒေါ်လှမေ . . .၊ ခဏ . . . ခဏ. . . တစ်ခုကျန်သွားလို့ . . ."

ကျွန်တော့်ရဲ့ခေါ်သံကိုကြားတော့ ဒေါ်လှမေကြီးလည်း မလာချင်လာချင်နဲ့ နောက်ပြန်လှည့်လာတယ်။ ကျွန်တော်လည်း ဗေဒင်စားပွဲမှာထိုင်တယ်၊ သူ့ကိုလည်း ဗေဒင်စားပွဲရှေ့မှာ ထိုင်ခိုင်းလိုက်တယ်။



"ဒီမယ် ဒေါ်လှမေ၊ ခုနက ကျွန်တော် ဟောခဲ့တာတွေ အားလုံးလွဲတယ်နော် . . ."

ဒေါ်လှမေကြီးက မျက်နှာကြီးကို မဲ့ရွဲ့ပြီးတော့ -

"လွဲဆို မှန်ကိုမမှန်တာပါကွယ် . . ." ဆိုပြီး ခနဲ့တဲ့တဲ့ ပြန်ပြီးဖြေတယ်။

"ကျွန်တော် မေးဖို့တစ်ခု ကျန်သွားတယ်၊ ဒီနှစ်ထဲမှာ ဒေါ်လှမေ အသုဘတွေဘာတွေများ ပို့မိသလား . . ."

ကျွန်တော်က ဒီလိုလည်း မေးလိုက်ရော ဒေါ်လှမေကြီးက မျက်လုံးပြူး မျက်ဆံပြူးနဲ့ -

"အောင်မလေးတော်ရေ . . .၊ အသုဘပို့မိသလား တုတ်လား၊ မပို့လို့မရဘူးလေ . . .၊ ငါက ရပ်ကွက်ထဲမှာ နာရေးကူညီမှုအသင်းခေါင်းဆောင်လေ၊ ရပ်ကွက်ထဲမှာ အသုဘပေါ်ရင် ငါပဲ ဦးဆောင်ပြီးတော့ အစ်အဆုံး လိုက်ပြီးလုပ်ပေးရတယ်တော်ရေ့ . . ." လို့ ပြန်ပြီးဖြေတယ်။ ကျွန်တော် ပျော်သွားတယ်။ ထပြီးခုန်ချင်စိတ်တောင် ပေါက်သွားတယ်။

"ဒီလိုပဲဖြစ်ရမယ်လေ၊ ဒေါ်လှမေရဲ့ကိန်းက စီးပွားတက်မယ်၊ အဆင်ပြေအောင်မြင်မယ့်ကိန်းပဲ၊ ဒါပေမဲ့ ဒီနှစ်က အသုဘမပို့ရဘူး၊ စီးပွားရေးကို ထိခိုက်တတ်တယ်၊ မဖြစ်မနေပို့ရမယ်ဆိုရင်လည်း တရော်ကင်ပွန်းနဲ့ ခေါင်းလျှော်ပစ်ရတယ်ဗျ . . ."

ဒေါ်လှမေကြီးလည်း သဘောပေါက်ပြီးတော့ ပြန်သွားတယ်။ ကျွန်တော်လည်း အဲဒီတော့မှပဲ သက်ပြင်းရှည်ကြီးကို ဟူးခနဲ ချနိုင်တော့တယ်ဗျို့။ ကဲ . . . ကျွန်တော် ပြောပြချင်တာကတော့ ဒါပါပဲဗျာ။

(မှတ်ချက်။ ။ ဆင်းရဲသားပင် တိုက်တွေ၊ ကားတွေနဲ့ သူဌေးကြီးဖြစ်သွားနိုင်သည့်၊ သို့တည်းမဟုတ် သိကြားမတိန်း ဆိုက်သည့်နှစ်ဟု ဆိုရလောက်အောင် စီးပွားတက်မယ့် သောကြာသက်ရောက်ဆိုသည်မှာ အသက်ကိုတည် (၈) ဖြင့် စားပါ။

တနင်္ဂနွေသားသမီး (၀) ကြွင်းသောနှစ်၊ တနင်္လာသားသမီး (၇) ကြွင်းသောနှစ်၊ အင်္ဂါသားသမီး (၆) ကြွင်းသောနှစ်၊ ဗုဒ္ဓဟူးသားသမီး (၅) ကြွင်းသောနှစ်၊ ကြာသပတေးသားသမီး (၃) ကြွင်းသောနှစ်၊ သောကြာသားသမီး (၁) ကြွင်းသောနှစ်၊ စနေသားသမီး (၄) ကြွင်းသောနှစ်များကို ဆိုလိုပါသည်။

ဧင်းအသက်အပိုင်းအခြား သို့တည်းမဟုတ် ဧင်းသောကြာသက်ရောက်တွင် အသုဘမပို့သင့်ပါ။ အနည်းနှင့်အများဆိုသလို ထိခိုက်စေတတ်ပါသည်။ မဖြစ်မနေပို့ရမည်ဆိုလျှင် တရော်ကင်ပွန်းဖြင့် ခေါင်းလျှော်ပစ်ပါ။ ဖြစ်နိုင်လျှင် အသုဘမြင်လျှင်ပဲ ခေါင်းလျှော်ပစ်သင့်ပါသည်။

မိတ်ဆွေရဲ့ဘဝ၊ မိတ်ဆွေရဲ့မိသားစုဘဝကို များစွာ အထောက်အကူ ပြုနိုင်ပါစေဗျာ . . . ။ ။



# အမှုအခင်းကြုံသော်

## " အမှုအခင်းကြုံသော် "

'အသက်တစ်ရာ မနေရပေမဲ့ အမှုတစ်ရာ ကြုံရ'ဆိုတဲ့ စကား သိပ်ပြီးတော့မှန်ပါတယ်။ လူတွေဟာ အသက်တစ်ရာမနေရပေမဲ့ အမှုအခင်းကတော့ တစ်ရာမက ကြုံတတ်ပါတယ်။ ဒါကလည်း လူတွေနဲ့ ရောနှောပေါင်းသင်းဆက်ဆံနေရတာဆိုတော့ အမြဲတမ်းချောမွေ့ အဆင်ပြေနေတယ်ဆိုတာတော့ ဘယ်ရှိမလဲဗျာ။ လူတစ်ကိုယ်ကို စိတ်တစ်မျိုးလေဗျာ။ ကိုယ့်ယုံကြည်ချက်၊ ကိုယ့်ခံယူချက်၊ ကိုယ့်အမှန်တရားနဲ့ ရပ်တည်နေကြတာဆိုတော့ ခံယူချက်ချင်း၊ ယုံကြည်ချက်ချင်းတတော့ အမြဲတမ်း ဘယ်တူနိုင်မလဲဗျာ။

လူတွေရှိနေသမျှကာလပတ်လုံး ရှင်းရလင်းရတာတွေ၊ ငြင်းရ ခုန်ရတာတွေဟာ ရှိနေဦးမှာပါပဲ။ ဘယ်တော့မှ တိမ်မြုပ်သွားမှာမဟုတ်ပါဘူး။

ဒါကြောင့်လည်း ဥပဒေတွေ၊ စည်းမျဉ်းစည်းကမ်းတွေဆိုတာ



ထုတ်ထားရတာပေါ့။ အားလုံးသာ ယုံကြည်ချက်၊ ခံယူချက်တွေ တစ်ပြေးညီဖြစ်နေမယ်ဆိုရင် ဒီဥပဒေတွေ၊ စည်းမျဉ်းစည်းကမ်းတွေ ဘယ်လုပ်နေကြတော့မလဲ။

ဒီဥပဒေတွေ၊ စည်းကမ်းတွေကို စံချိန်စံညွှန်းထားပြီး သူမှန်တယ်၊ ကိုယ်မှန်တယ် ငြင်းခုန်ရတာ၊ ရှင်းရလင်းရတာပဲ မဟုတ်လားဗျာ။

ကျွန်တော်တို့ ရပ်တည်ရှင်သန်နေရတဲ့ လူ့လောကကြီး ဒါမှမဟုတ် လူ့ဘဝကြီးမှာလည်း ဒါမျိုးတွေက မကြာခဏဆိုသလို ကြုံတွေ့နေရတာပါ။ အခုလို ရှင်းရလင်းရ ငြင်းခုန်ရတာဟာ ပုံစံအမျိုးမျိုးနဲ့ ရှိနေတာပါ။

မိသားစု ဆွေမျိုးတွေနဲ့ ရှင်းရတာ၊ အလုပ်မှာ ရုံးမှာ ဖြေရှင်းရတာ၊ ကျောင်းမှာ ဖြေရှင်းရတာ၊ ရပ်ကွက်လူကြီးတွေနဲ့ ဖြေရှင်းရတာကနေ တရားရုံးတွေမှာ တရားသူကြီးတွေနဲ့ ဖြေရှင်းရတာအထိ ရှိနေတာပေါ့။

ကျွန်တော်က ဗေဒင်ဆရာဆိုတော့ ဗေဒင်ဆရာနဲ့ ပတ်သတ်တာပဲ ပြောပြပါတော့မယ်။ ဒီလိုမျိုး ရှင်းရလင်းရတဲ့ အမှုအခင်းတွေ ကြုံတဲ့အခါမှာ သုံးရတဲ့ ဂမ္ဘီရယတြာနည်းတွေကတော့ အများကြီးရှိတာပေါ့ဗျာ။ အားလုံးအစွမ်းထက်မြက်ထိရောက်တဲ့ ယတြာနည်းတွေပါပဲ။

ဒီလို ရှင်းရလင်းရတဲ့ အမှုအခင်းတွေ ကြုံတဲ့အခါမှာ ကြီးတဲ့အမှုကို သေးအောင်၊ သေးတဲ့အမှုကို ပပျောက်အောင်၊ ဒါမှမဟုတ် အမှုအခင်း ရှင်းရလင်းရတဲ့ကိစ္စတွေမှာ ကိုယ့်ဘက်ကနေ ကံအသာစီးရပြီး အမှုနိုင်အောင်၊ အောင်မြင်အောင် သုံးရတဲ့ နည်းတစ်ခု ပြောပြပေးပါဦးမယ်။

ဒီပညာဟာ မြန်မာ့ရိုးရာ ပညာမဟုတ်ပါဘူး။ မြန်မာ့ရိုးရာ ပညာမဟုတ်ပေမဲ့ အထင်သေးလို့တော့ မရပါဘူး။ ကျွန်တော်တို့ ကိုယ်ပွားနာတယ်ဆိုပါစို့။ မြန်မာတိုင်းရင်းဆေးသောက်လည်း ပျောက်မှာပါ။ နိုင်ငံခြားကလာတဲ့ဆေး သောက်ရင်လည်း ကိုယ်ပွားနာ ပျောက်မှာပါပဲ။ အာနိသင်ထက်မြက်မှုကတော့ အတူတူပါပဲ။

လွန်ခဲ့တဲ့နှစ်ပေါင်း (၂၅၀၀) လောက်က ဂျာမနီနိုင်ငံမှာ စတင်ခဲ့တယ်လို့ ဆိုပါတယ်။ တချို့က ရှုနေးလို့ ခေါ်တယ်။ တချို့က ရက္ခိုလို့ ခေါ်တယ်။ သူ့ရဲ့အာနိသင်က အနန္တစကြဝဠာကြီးထဲမှာရှိတဲ့ မိမိလိုချင်တဲ့ တန်ခိုးသိဒ္ဓိတွေ၊ စွမ်းအင်တွေကို ချိတ်ဆက်ဆွဲယူအသုံးပြုနိုင်ရန်အတွက် ကျွန်တော်တို့ကတော့ စကြဝဠာစမတော်လို့ ခေါ်ပါတယ်။ ဘယ်လိုပဲခေါ်ခေါ် သူ့ အာနိသင်အစွမ်းထက်မြက်မှုကတော့ နဂိုအတိုင်း၊ မူလအတိုင်းပါပဲ။ လွန်ခဲ့တဲ့ နှစ်ပေါင်း (၂၅၀၀) လောက်ကနေ ဒီကနေ့အထိ ဂမ္ဘီရဆရာတွေ အစဉ်အဆက် အားကိုးအားထားပြု သုံးစွဲပြီး ထွန်းကားပြန့်ပွားရှင်သန်နေပြီဆိုကတည်းက သူ့ရဲ့ အစွမ်းထက်မြက်မှုဟာ ပြောနေစရာတောင် မလိုပါဘူး။

မိတ်ဆွေမှာ ရှင်းရလင်းရ ငြင်းရခုန်ရတဲ့ အမှုအခင်းကိစ္စတွေ ကြုံနေပြီဆိုရင် ကြီးတဲ့အမှုကို သေးအောင်၊ သေးတဲ့အမှုကို ပပျောက်အောင် ဒါမှမဟုတ် ကံနိမ့်လို့ ~~အမှုအခင်း~~ ~~ရှုံးနိမ့်~~အောင်၊ ကံအသာစီးရပြီး အမှုအခင်း ရှင်းရလင်းရတဲ့ **ကိစ္စတွေမှာ** အောင်မြင်ရအောင်ဆိုရင်တော့ ဒီစကြဝဠာစမတော်လေးကို သုံးပါ။

ဒီစကြဝဠာစမတော်လေးကို သစ်သားပြား၊ ကျောက်တုံး၊ စက္ကူတွေအပေါ်မှာ ရေးဆွဲပြီး ဆောင်ထားလို့ရတယ်။ ဒါမှမဟုတ် ဖယောင်းတိုင်မှာ သေသေချာချာကပ်၊ မီးထွန်းပြီး ဆုတောင်းမယ်ဆိုရင်လည်း ရပါတယ်။ စကြဝဠာကြီးထဲမှာရှိတဲ့ အမှုအခင်း ဖြေရှင်းရတဲ့





ကိစ္စတွေမှာ ကံအသာစီးရမယ့်၊ အောင်မြင်မှုရမယ့် စွမ်းအားတွေ၊ လှိုင်းတွေဟာ ဒီစကြဝဠာစမတော်လေးကနေတစ်ဆင့် မိတ်ဆွေရဲ့ဆီကို ရောက်ရှိလာပြီး မိတ်ဆွေကို များစွာ အထောက်အကူပြုပါလိမ့်မယ်။ မိတ်ဆွေကို အမှုအခင်းနဲ့ပတ်သက်လို့ ကံအသာစီးတွေ၊ အောင်မြင်မှုတွေ ရရှိစေပါလိမ့်မယ်။

ဒီစကြဝဠာစမတော်လေးကို ဘယ်လိုထပ်ပြီး သုံးလို့ရသေးလဲဆိုတော့ မတရားသဖြင့် ကိုယ့်ကို ဒုက္ခပေးတဲ့သူ၊ အနိုင်ကျင့်တဲ့သူတွေရှိရင်လည်း စကြဝဠာစမတော်ကို အထက်ကလိုမျိုး အသုံးပြုလို့ရပါတယ်။ မိတ်ဆွေကို ကောင်းစွာအကူအညီတွေ ပေးနိုင်ပါလိမ့်မယ်။ ဒီစကြဝဠာစမတော်လေးဟာ မိတ်ဆွေအကျိုးရှိစွာ သုံးတတ်ရင် သုံးတတ်သလို မိတ်ဆွေကို အကျိုးရှိစေပါလိမ့်မယ်။

မိတ်ဆွေရဲ့ဘဝ၊ မိတ်ဆွေရဲ့မိသားစုဘဝကို များစွာ အထောက်အကူ ပြုနိုင်ပါစေဗျာ . . .။ ။

## " ဒီလိုကာကွယ်ပါ "

ကျွန်တော်တို့ ရပ်တည်ရှင်သန်ရှန်းကန်နေရတဲ့ လူ့လောကကြီးမှာ ဖြစ်ချင်တာတွေလည်း မဖြစ်ရ၊ မဖြစ်ချင်တာတွေလည်း ဖြစ်ချင်ဖြစ်နေရပါတယ်။ ဒါမှလည်း လူ့ဘဝရဲ့ လောကဓံဆိုတာ အနှစ်သာရ ရှိလာမယ်၊ အဓိပ္ပာယ်ရှိလာမယ်မဟုတ်လားဗျာ။

ဒါပေမဲ့ မဖြစ်ချင်တဲ့အရာတွေကိုတော့ ဘယ်သူမဆို ဘယ်ဖြစ်ချင်ကြမလဲဗျာ။ ဒါပေမဲ့ ဖြစ်နေကြရတာပဲမဟုတ်လား။ တချို့ကိစ္စတွေ ကြိုတင်ကာကွယ်လို့ရပါလျက်နဲ့ ဖြစ်နေကြရတယ်မဟုတ်လားဗျာ။

ရောဂါတွေ မဖြစ်အောင်လည်း ကြိုတင်ကာကွယ်တဲ့နည်းတွေ အများကြီးရှိတာပါပဲ၊ ကာကွယ်ခြင်းသည် ကုသခြင်းထက် ပိုမိုထိရောက်၏ဆိုတဲ့ စကားအတိုင်း အမှန်တကယ် ရောဂါတွေကို ကာကွယ်နိုင်တာပေါ့ဗျာ။ ဒါပေမဲ့ ရောဂါအမျိုးမျိုး ခံစားနေကြရတဲ့



လူတွေ ခုနဲ့ဒေးပါပဲ၊ မနည်းလှပါဘူး။

မကောင်းမှုတွေ၊ ဒုစရိုက်မှုတွေဆိုရင်လည်း ကြိုတင်ကာကွယ်ရတာ အကောင်းဆုံးပါပဲ၊ ဖြစ်လာမှရှင်းမယ်ဆိုရင် အပ်နဲ့ထွင်းရမယ်ကိစ္စတွေဟာ ပုဆိန်နဲ့ ထွင်းရတတ်ပါတယ်။

ဒါကြောင့် မကောင်းမှုတွေ၊ ဒုစရိုက်မှုတွေ၊ ရောဂါတွေ စသည်ဖြင့် ကိုယ် မလိုလားအပ်တဲ့အရာတွေ ဖြစ်မလာဖို့အတွက် ကြိုတင်ကာကွယ်တဲ့နည်းက အကောင်းဆုံးပဲပေါ့ဗျာ။

ကြိုတင်ကာကွယ်တဲ့နည်းက အကောင်းဆုံးပါပဲ၊ ကြိုတင်ကာကွယ်တဲ့နည်းက အကောင်းဆုံးဆိုတော့ ဒုစရိုက်မှု၊ မကောင်းမှုတွေ မဖြစ်အောင်၊ ရောဂါတွေမဖြစ်အောင် စသည်ဖြင့် ကြိုတင်ကာကွယ်တဲ့နည်းတွေ ကိစ္စအသီးသီးအလိုက် အမျိုးမျိုးရှိပါတယ်။

ဒီလောက် ကြိုတင်ကာကွယ်တာနဲ့ပတ်သက်လို့ လျှောက်ပြောနေတာ ခင်ဗျားက ဘယ်နေရာမှာ ဝင်ပြီးပါဦးမှာလဲလို့ မေးရင်တော့ ကျွန်တော်က ဗေဒင်ဆရာလေဗျာ။ ဗေဒင်ဆရာဆိုတော့ ဗေဒင်ဆရာနေရာကနေပြီးတော့ ဝင်ပါမယ်ဗျာ။ ဘယ်လိုဝင်ပါမှာလဲတဲ့၊ ဒီလိုဝင်ပါမယ်ဗျာ။

ကျွန်တော် ဗေဒင်ဆရာတစ်ယောက်အနေနဲ့ မိတ်ဆွေကို ကြိုတင်ကာကွယ်တဲ့ ဂမ္ဘီရယတြာနည်းတစ်ခု လက်ဆောင်ပေးချင်ပါတယ်။

ကျွန်တော့်မှာ ဘယ်လိုမျိုးတွေ ကြုံတတ်သလဲဆိုတော့ တိုယ့်အိမ်မှာ၊ လုပ်ငန်းမှာ၊ ရုံးမှာ၊ ဆိုင်မှာ စသည်ဖြင့် ငွေစာရင်းတွေ ကွာနေတာမျိုးတို့၊ ပစ္စည်းစာရင်းတွေ ကွာနေတာ၊ လေလွင့်နေတာမျိုးတို့ ပစ္စည်းတွေ ငွေတွေ အကြောင်းကိစ္စအမျိုးမျိုးကြောင့် ပျောက်ရှလေလွင့်နေတာမျိုးတွေ မကြာခဏဆိုသလို၊ အမြဲတမ်းလိုလို ကြုံတတ်ပါတယ်။

ပစ္စည်းတွေ၊ ငွေတွေ လေလွင့်တယ်၊ ပျောက်ရှတယ်၊ ကွာနေ

တယ်ဆိုတာ ထိခိုက်ပျက်စီးဆုံးရှုံးတာလည်း ဖြစ်နိုင်တယ်။ သူခိုး ခိုးခံရတာလည်း ဖြစ်နိုင်တယ်။ အကြောင်းအမျိုးမျိုးဖြစ်နိုင်ပါတယ်။

သူခိုး ခိုးမခံရအောင် ကာကွယ်တဲ့အနေနဲ့ ယတြာစာတ်ရိုက် စာတ်ဆင်နည်းတွေ၊ ရွတ်ရတဲ့ ဂါထာမန္တန်တွေ၊ သုံးရတဲ့ အင်းစမတွေကတော့ အများကြီးရှိတာပေါ့ဗျာ။ သုံးစွဲတဲ့ဆရာတွေ၊ အားကိုးတဲ့ ပညာရပ်အသီးသီးအလိုက် အမျိုးမျိုးရှိတာပေါ့ဗျာ။

အခု ကျွန်တော် ပြောပြမယ့်နည်းကတော့ စကြဝဠာစမတော်လို့ ခေါ်ပါတယ်။ ကျွန်တော်တို့ မြန်မာလူမျိုးတွေအဖို့ကတော့ နည်းနည်းစိမ်းချင် စိမ်းနေပါလိမ့်မယ်။ ဒါပေမဲ့ ထိရောက်တာချင်းကတော့ အတူတူပါပဲ။ အစွမ်းထက်မြက်တာချင်းလည်း အတူတူပါပဲ။

ကိုယ်ပူပြီး ဖျားနေတယ်ဗျာ။ မြန်မာတိုင်းရင်းဆေးသောက်လည်း ပျောက်မှာပဲ။ နိုင်ငံခြားကလာတဲ့ ဆေးကိုသောက်ရင်လည်း အဖျားရောဂါက ပျောက်မှာပါပဲ၊ ဒီလိုပဲ နားလည်လိုက်ပါ။ မိတ်ဆွေမယုံရင် စမ်းပြီးသုံးကြည့်ပါဦး။ အစွမ်းမထက်ရင်၊ မထိရောက်ရင် မိတ်ဆွေ အပင်ပန်းခံပြီး ဘယ်ပြောပြနေမလဲဗျာ။

ကျွန်တော် စကြဝဠာစမတော်လေးတစ်ခု ဖော်ပြပေးလိုက်ပါတယ်။ မိတ်ဆွေရဲ့လုပ်ငန်းမှာ၊ အိမ်မှာ၊ ဆိုင်မှာ ပစ္စည်းတွေ၊ ငွေတွေ ထိခိုက်ပျက်စီးတာ၊ ပျောက်ရှလေလွင့်တာ၊ သူခိုး ခိုးခံရတာ စသည် ခဏခဏ ကြုံနေရပြီဆိုပါတော့။ ဒါမှမဟုတ် ဒီလို ပစ္စည်းတွေ၊ ငွေတွေ မလေလွင့်၊ မပျောက်ရှချင်ဘူး၊ မပျက်စီးချင်ဘူး၊ သူခိုး ခိုးမခံရချင်ဘူး ကြိုတင်ကာကွယ်ချင်သပဆိုရင် ဒီစကြဝဠာစမတော်လေးကို ဖယောင်းတိုင်မှာ ကော်သုတ်ပြီးပတ်၊ မီးထွန်းပေးလည်း ရတယ်၊ ဒါမှမဟုတ် ပစ္စည်းတွေ၊ ငွေတွေ ခဏခဏပျောက်တတ်တဲ့နေရာ၊ ဒါမှမဟုတ် မပျက်စီး၊ မပျောက်ဆုံးချင်တဲ့နေရာမှာ ဒီစကြဝဠာစမတော်လေးကို





သဘော်ဆေးနဲ့ပဲဖြစ်ဖြစ်၊ ဆော့ဝင်နဲ့ပဲဖြစ်ဖြစ် ရေးပေးထားလိုက်ပေါ့ဗျာ။

ဒါဆိုရင် မိတ်ဆွေရဲ့ ငွေတွေ၊ ပစ္စည်းတွေ၊ မပျက်စီး၊ မလေလွင့်၊ မပျောက်ဆုံးအောင်၊ သူခိုးခိုးမခံရအောင် ဒီစကြဝဠာစမတော်လေးက ကြိုတင်ကာကွယ်ပေးနိုင်ပါလိမ့်မယ်။ မယုံနိုင်စရာကောင်းလောက်အောင် အစွမ်းပြနေတာတွေ့ရပါလိမ့်မယ်။

မိတ်ဆွေရဲ့ ပစ္စည်းတွေ၊ ငွေတွေ မပျက်စီး၊ မလေလွင့်၊ မပျောက်အောင်၊ သူခိုး အခိုးမခံရအောင် အကာအကွယ်ကောင်းစွာပေးမယ်၊ ကောင်းစွာအထောက်အကူပြု ကာကွယ်ပေးမယ့် စကြဝဠာစမတော်ကလေးဆိုတာကတော့ ဒါပါပဲဗျာ။

မှတ်ချက်။ ။ အမှု ကိစ္စ၊ ကျန်းမာရေးကိစ္စ၊ မိသားစုဆွေမျိုးအဖွဲ့အစည်းကိစ္စများအတွက် လည်း သုံးနိုင်ပါတယ်။

မိတ်ဆွေပိုင်ဆိုင်တဲ့ စည်း စိမ်ဥစ္စာတွေကို မပျက်စီး၊ မပျောက်အောင် အကာအကွယ် ကောင်းစွာပေးနိုင်ပါစေ . . . ။ ။

## " ခရီးအောင်မြင်ဖို့ "

မကြာခဏဆိုသလို ကျွန်တော်တို့ဟာ ခရီးတွေ သွားလာနေကြပါတယ်။ ပြည်တွင်းခရီး၊ နိုင်ငံခြားခရီး၊ ပျော်ပွဲစားခရီး၊ ဘုရားဖူးခရီး စသည်ဖြင့် သွားလာနေကြတာပါပဲ။ ခရီးသွားတယ်ဆိုတာ ကျွန်တော်တို့အတွက် သိပ်ပြီးမထူးဆန်းပါဘူး။ စိမ်းလည်း မစိမ်းပါဘူး။

ပျော်ပွဲစားခရီး၊ ဘုရားဖူးခရီးတွေဟာ သိပ်ပြီးအရေးမကြီးလှပေမဲ့ နိုင်ငံခြားခရီးလို ခရီးမျိုးကျတော့ ကျွန်တော်တို့ဘဝလိုမျိုး၊ ကျွန်တော်တို့မိသားစုဘဝလောက်အထိ အရေးကြီးတတ်ပါတယ်။ နိုင်ငံခြားခရီးတိုင်းကို ဆိုလိုတာမဟုတ်ပါဘူး။

ခရီးသွားအန္တရာယ်ကင်းဖို့ ခရီးလမ်း ဖြောင့်ဖြောင့်ဖြူးဖြူးနဲ့ ကိုယ်ရောက်ချင်တဲ့နေရာကို လျောလျောလျူလျူရောက်ဖို့အတွက် သုံးရတဲ့ ဂမ္ဘီရယတြာနည်းတွေကတော့ အများကြီးပါပဲ။ အဆောင်တွေ ရွတ်ရတဲ့ ဂါထာမန္တန်တွေကလည်း မနည်းလှပါဘူး။ အင်မတန် အစွမ်း



ထက်မြက်တဲ့ ဂမ္ဘီရယတြာနည်းတွေပါပဲ။

ကျွန်တော်ဟာ အဘဆရာကြီးမင်းသိခ်ဆီကနေပြီးတော့ ဗေဒင်လက္ခဏာနဲ့ ဂမ္ဘီရပညာရပ်တွေကို သင်ကြားရတဲ့အခါမှာ ဂမ္ဘီရပညာရပ်တစ်ခုလည်း သင်ကြားရပါတယ်။ ဒီပညာရပ်ကတော့ RUNE ပါပဲ။ လွန်ခဲ့တဲ့ နှစ်ပေါင်း (၂၅၀၀) လောက်ကနေ စတင်ပြီး သုံးစွဲလာခဲ့ကြတာပါ။ တချို့ကလည်း ရူနေးလို့ ခေါ်တယ်။ တချို့ကလည်း ရုဏ္ဏီလို့ ခေါ်ပါတယ်။ အဓိပ္ပာယ်ကတော့ အသံတိတ်စကား ဒါမှမဟုတ် လျှို့ဝှက်ဂမ္ဘီရလို့လည်း ဆိုကြပါတ ယ်။

ဒီပညာရပ်မှာပါဝင်တဲ့ သင်္ကေတလေးတွေ၊ တံဆိပ်လေးတွေရဲ့ အာနိသင်က အနန္တစကြဝဠာကြီးထဲကနေ မိမိအလိုရှိတဲ့အရာတွေ စွမ်းအင်တွေကို ချိတ်ဆက်ဆွဲယူပြီး သုံးရတာဖြစ်တဲ့အတွက် အဘတော့ စကြဝဠာစမတော်များလို့ မြန်မာလို နာမည်ပေးထားပါတယ်။ ဘယ်လိုပဲခေါ်ခေါ် သူကတော့ အာနိသင် ထက်မြက်နေတာပါပဲ။ လွန်ခဲ့တဲ့ နှစ်ပေါင်း (၂၅၀၀) လောက်ကနေ ဒီကနေ့အထိ ဂမ္ဘီရဆရာကြီးတွေ အားကိုးအားထားပြု လက်ကိုင်ထားသုံးစွဲနေတယ်ဆိုကတည်းက ဘယ်လောက်တောင် အစွမ်းထက်မြက်လဲဆိုတာ ပြောပြနေစရာတောင် မလိုပါဘူး။

ဒီလိုသင်ကြားရတဲ့အခါ စကြဝဠာစမတော်တွေထဲမှာ စမတော်တစ်ခု ပါလာပါတယ်။ ဒီစမတော်လေးရဲ့ အာနိသင်ကတော့ ခရီးသွားလာတဲ့နေရာမှာ အန္တရာယ်ကင်းအောင်၊ ခရီးလမ်းဖြောင့်ဖြူးအောင် ခရီးနဲ့ပတ်သက်ပြီး ကံအသာစီးရစေနိုင်တာပါပဲ။

ကဲ . . . ဒီတော့ မိတ်ဆွေမှာ ခရီးနဲ့ပတ်သက်တဲ့အကြောင်းကိစ္စတွေ ရှိလာပြီဆိုရင် သုံးလို့ရတာပေါ့။ နိုင်ငံခြားကိုခရီးသွားဖို့တို့ သင်္ဘောတက်ဖို့ကိစ္စတွေမှာ မကြန့်ကြာဘဲ မြန်မြန်သွားရအောင်လည်း

သုံးလို့ရတာပေါ့။

နောက်တစ်ခုက ကုန်အရောင်းအဝယ်လုပ်တယ်။ ကုန်ပစ္စည်းတွေ လမ်းခရီးမှာ မထစ်မငေါ့ဘဲ အန္တရာယ်ကင်းစွာနဲ့ လျောလျောလျူလျူရောက်အောင် စသည်ဖြင့် သုံးလို့ရတာပေါ့။ ဘယ်လိုခရီးပဲသွားသွားဗျာ . . . ခရီးလမ်းအန္တရာယ်ကင်းအောင်၊ ခရီးလမ်းဖြောင့်ဖြူးအောင်၊ ခရီးနဲ့ပတ်သက်ပြီး ကံအသာစီးရအောင် ဒီစကြဝဠာစမတော်လေးကို သစ်သားပြား၊ ကျောက်တုံး၊ စက္ကူတွေအပေါ်မှာ ရေးဆွဲပြီး ဆောင်ထားလို့ရမယ်။

ဒါမှမဟုတ် ဒီစကြဝဠာစမတော်လေးကို ဖယောင်းတိုင်မှာ သေသေချာချာ ကပ်၊ မီးထွန်းပြီး ဆုတောင်းလိုက်ရုံပါပဲ။ စကြဝဠာကြီးထဲမှာရှိတဲ့ ခရီးသွားခြင်းနဲ့ ပတ်သက်တဲ့ ကံကောင်းခြင်းတွေ၊ တန်ခိုးသိဒ္ဓိစွမ်းအင်တွေ၊ လှိုင်းတွေက ဒီစကြဝဠာစမတော်လေးကနေတစ်ဆင့် မိတ်ဆွေဆီကို ရောက်ရှိလာပြီး မိတ်ဆွေကို ကောင်းစွာအကျိုးပြုပါလိမ့်မယ်။ ဒီတော့ စကြဝဠာစမတော်လေးကို မိတ်ဆွေအနေနဲ့ ခရီးသွားကိစ္စ အဆင်ပြေအောင်မြင်စေဖို့အတွက် သုံးတယ်လို့ နားလည်လိုက်ပေါ့ဗျာ။

နောက်တစ်ခုက ဒီစကြဝဠာစမတော်လေးကိုပဲ ထပ်ပြီးသုံးလို့ရတဲ့ အကြောင်းကိစ္စတစ်ခု ရှိပါသေးတယ်။

တစ်ခါတလေမှာ ကိုယ်က ဟုတ်တာမှန်တာလုပ်တယ်။ ဟုတ်တာမှန်တာပြောပါလျက်နဲ့ မတရားစွပ်စွဲခံရတဲ့ အခြေအနေမျိုးတွေ၊ ဒါမှမဟုတ် ကိုယ်မလုပ်ဘဲနဲ့ ကောလဟာလမကောင်းတဲ့ သတင်းတွေ ထွက်နေတယ်။ ဒီလိုအခြေအနေကြုံရင်လည်း အမှန်တရား ပေါ်လာဖို့ ကိုယ့်ကို စွပ်စွဲပုတ်ခတ်တဲ့သူတွေ နောက်ဆုတ်သွားဖို့အတွက်ဆိုရင်လည်း ဒီစကြဝဠာစမတော်ကို သုံးလို့ရပါတယ်။



သစ်သားပြား၊ ကျောက်တုံး၊ စက္ကူတွေအပေါ်မှာ ရေးဆွဲပြီး ဆောင်လို့ရတယ်။ စက္ကူပေါ်မှာ ရေးပြီးတော့ ဖယောင်းတိုင်မှာ တပ်၊ မီးထွန်းပြီး ဆုတောင်းရင်လည်း ရပါတယ်။

လက်စွပ်မှာ တပ်ပြီး ဝတ်လို့ရတယ်။ ဆွဲပြားလုပ်ပြီးလည်း ဆွဲလို့ရပါတယ်။ အစွမ်းထက်တာကတော့ အတူတူပါပဲ။ မိတ်ဆွေ ဉာဏ်ရှိရင်ရှိသလို သုံးလို့ရပါတယ်။

တဲ . . . ဒီတော့၊ ဒီစကြဝဠာစမတော်လေးကို ခရီးသွားခြင်းနဲ့ပတ်သက်ပြီး အဆင်ပြေအောင်မြင်ဖို့၊ မတရားအစွပ်အစွဲခံရတာ၊ ကောလဟာလဖြစ်နေတဲ့ကိစ္စမျိုးတွေမှာ၊ အမှန်တရားပေါ်ဖို့ကိစ္စတွေမှာ သုံးရတယ်လို့ နားလည်လိုက်တော့ဗျာ။ ဒီစကြဝဠာစမတော်လေးဆိုတာကတော့ ဒါပါပဲဗျာ . . .။

မိတ်ဆွေကို ကောင်းစွာအထောက်အကူပြုနိုင်ပါစေဗျာ။



## " ဒါမျိုးကြုံရင် သုံးပါ "

စကြဝဠာစမတော်လေးတစ်ခု တင်ပြပေးလိုက်ပါမယ်။ ဒီစကြဝဠာစမတော်ကလေးဟာ လွန်ခဲ့တဲ့နှစ်ပေါင်း (၂၅၀၀) လောက်က အေဒင်ဆိုတဲ့ နတ်မင်းကြီးတစ်ပါးက ဖန်တီးပေးခဲ့တာလို့ ဆိုပါတယ်။ တချို့ကလည်း ရုဏ္ဏီ၊ တချို့ကလည်း ရူနေးလို့ ခေါ်ကြတယ်ဗျ။ ဘယ်လိုပဲခေါ်ခေါ် RUNE ပါပဲ။ လွန်ခဲ့တဲ့နှစ်ပေါင်းများစွာကနေ ဒီကနေ့အထိ ဒီစကြဝဠာစမတော်တွေဟာ ပြန့်ပွားထွန်းကားနေပြီဆိုကတည်းက အင်မတန်အစွမ်းထက်မြက်လို့ပေါ့ဗျာ။ ဒီစကြဝဠာစမတော်လေးတွေရဲ့ အာနိသင်ကို မိတ်ဆွေ ဘယ်လိုနားလည်ရမလဲဆိုတော့ လေထဲမှာရှိတဲ့ ရေဒီယိုလှိုင်းကွေကို ကျွန်တော်တို့ ဖမ်းယူနားထောင်ချင်တဲ့အခါ မီးခြစ်နဲ့လည်း ဖမ်းယူလို့မရပါဘူး။ ဓာတ်မီးနဲ့လည်း ဖမ်းယူလို့ မရပါဘူး။ လက်ချည်းသက်သက်လည်း ဖမ်းယူလို့မရပါဘူး။ လက်လေးလုံးလောက် ရေဒီယိုကလေးတစ်လုံး ရှိနေပြီဆိုရင်တော့



လေထဲမှာရှိတဲ့ ရေဒီယိုလှိုင်းတွေကို ဆွဲယူချိတ်ဆက် နားထောင်လို့ရပြီပေါ့ဗျာ။

ဒီလိုပဲ စကြဝဠာကြီးထဲမှာရှိတဲ့ ကျွန်တော်တို့လိုချင်တဲ့ စွမ်းအားတွေ၊ တန်ခိုးသိဒ္ဓိတွေကိုလည်း သူနဲ့မဆိုင်တဲ့အရာတွေနဲ့ ချိတ်ဆက်၊ ဆွဲယူလို့ မရဘူးလေဗျာ။

အဲဒီတော့ ဒီစကြဝဠာစမတော်လေးတွေဟာ စကြဝဠာကြီးထဲမှာရှိတဲ့ ကျွန်တော်တို့လိုချင်တဲ့အရာတွေ၊ တန်ခိုးသိဒ္ဓိစွမ်းအားတွေကို ချိတ်ဆက်၊ ဆွဲယူအသုံးပြုနိုင်တဲ့ အာနိသင်ထက်မြက်မှု ရှိပါတယ်။

အခုဖော်ပြထားတဲ့ စကြဝဠာစမတော်လေးဟာ ဘယ်လိုနေရာတွေမှာ သုံးရသလဲဆိုတော့ ကျွန်တော်တို့ မကြာခဏဆိုသလို အခမ်းအနားတွေ ကျင်းပကြတယ်။ အလှူမင်္ဂလာဆောင်၊ မွေးနေ့ဇာတ်ပွဲ စသည်ဖြင့် အခမ်းအနားတွေ ကျင်းပတဲ့အခါမှာ လေတိုက်လို့မိုးရွာလို့၊ မီးလောင်လို့ စသည်ဖြင့် အနှောင့်အယှက်တွေ မကြုံတွေ့အောင်ဆိုပြီးတော့ ဂမ္ဘီရယတြာ ဓာတ်ရိုက်ဓာတ်ဆင်နည်းတွေ မျိုးစုံသုံးကြပါတယ်။ အင်မတန်အစွမ်းထက်မြက်တဲ့ နည်းပညာတွေပါပဲ။ သုံးသင့်ပါတယ်။

အခုဖော်ပြတဲ့ စကြဝဠာစမတော်ကလေးဟာလည်း ပွဲလမ်းသဘင်အခမ်းအနားတွေ ကျင်းပတဲ့အခါမှာ အနှောင့်အယှက် တစ်စုံတစ်ရာကြောင့် အခမ်းအနား ပျက်မသွားရအောင် အကာအကွယ်ရအောင် သုံးလို့ရပါတယ်။

ဒီစကြဝဠာစမတော်လေးကို ဖယောင်းတိုင်မှာတပ်၊ အခမ်းအနားကျင်းပနေတဲ့အချိန်မှာ မီးထွန်းပေးထားရုံပါပဲ။ စကြဝဠာကြီးထဲမှာရှိတဲ့ အကာအကွယ်ရစေတဲ့ အခမ်းအနား ချောမောအောင်မြင်စေမယ့် စွမ်းအင်တွေဟာ ဒီစကြဝဠာစမတော်လေးကနေတစ်ဆင့် ပွဲလမ်း

သဘင်အခမ်းအနားတစ်ခုလုံးကို ကောင်းစွာအကာအကွယ်ပေးနေပါလိမ့်မယ်။ မိတ်ဆွေ ယုံယုံကြည်ကြည်နဲ့ သုံးကြည့်ပါ။

နောက်တစ်ခုကတော့ ဒီစကြဝဠာစမတော်ကိုပဲ တစ်မျိုးထပ်ပြီး သုံးလို့ရပါသေးတယ်။ စိုက်ပျိုးရေးလုပ်ငန်းဖြစ်တဲ့ လယ်လုပ်ငန်း၊ ခြံလုပ်ငန်း၊ ယာလုပ်ငန်းတွေ လုပ်တဲ့အခါမှာ လယ်ချင်းလည်းတူ၊ စိုက်တဲ့ သီးနှံချင်းလည်း တူ၊ သုံးတဲ့ မြေဩဇာနည်းလည်း တူ အစစအရာရာ တူပါလျက်နဲ့ တကယ်တမ်း အသီးအနှံတွေ သီးချိန်၊ ပွင့်ချိန်ရောက်တဲ့အခါမှာ ကိုယ့်လယ်၊ ကိုယ့်ယာ၊ ကိုယ့်ခြံက သီးနှံတွေအထွက်တိုးနည်းနေတယ်။ တခြားလယ်တွေ၊ ယာတွေ၊ ခြံတွေမှာလို သီးနှံတွေအထွက်တိုးအောင်မြင်ချင်တယ်။ အဲဒီထက်လည်း ပိုပြီးအထွက်တိုးအောင်မြင်ချင်တယ်။ ရှင်းရှင်းပြောရရင် စိုက်ပျိုးရေးလုပ်ငန်းအောင်မြင်ချင်တယ်ပေါ့ဗျာ။



ဒါဆိုရင်လည်း ဒီစကြဝဠာစမတော်လေးကို ဖယောင်းတိုင်မှာ သေသေချာချာကပ်ပြီး ကိုယ့်လယ်၊ ကိုယ့်ယာ၊ ကိုယ့်ခြံထဲက မြေကြီးပေါ်မှာ ထွန်းပေးလိုက်ရုံပဲပေါ့ဗျာ။ စကြဝဠာကြီးထဲမှာရှိတဲ့ သီးနှံတွေ အထွက်တိုးအောင်မြင်စေတဲ့ စွမ်းအားတွေက ဒီစကြဝဠာစမတော်ကနေတစ်ဆင့် မိတ်ဆွေရဲ့လယ်မြေ၊ ခြံမြေ၊ ယာမြေထဲကို စိမ့်ဝင်စီးဆင်းသွားပါလိမ့်မယ်။

ဒီတော့ ဒီစကြဝဠာစမတော်လေး၊ ဒီသင်္ကေတလေးဟာ ပွဲ



လမ်းသဘင်အခမ်းအနားတွေ ကျင်းပတဲ့အခါမှာ အကာအကွယ်ရဖို့၊ အခမ်းအနား ချောမောအောင်မြင်စွာ ကျင်းပနိုင်ဖို့နဲ့ စိုက်ပျိုးရေးလုပ်ငန်းတွေမှာ သီးနှံတွေ အထွက်တိုးအောင်မြင်စေချင်တဲ့ကိစ္စတွေ ကြုံတဲ့အခါမှာ သုံးလို့ရတယ်လို့ နားလည်လိုက်ပေါ့ဗျာ။

ကဲ . . . မိတ်ဆွေကို ကောင်းစွာအထောက်အကူပြုနိုင်ပါစေဗျာ . . .။ ။

၂၁ ရာစုကြီးမှာ... တစ်ခေတ်မှာ..။
ကဲ ဒီငွေခြံဆီက ပေးခွင့်တော့
မိတ်ဆွေနဲ့ ကျွန်ုပ်
ဆုံ ချင် ပါ သေးတယ်...။
မိတ်ဆွေရဲ့ အကျိုးကို
အစဉ် လိုလားတဲ့ ...။

လေးစား
မင်းသိမ်းခိုင်
(၀၇၇၄)